www.burmeseclassic.com

အောင်မြင်စာပေ

# ထမင်းချက်ကျွေးတဲ့သရဲ




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း




၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ၊ ပထမအကြိမ် ၊ အုပ်ရေ ၅၀၀ ။

ျက်နှာဖုံးနှင့် အတွင်းပုံနှိပ် — ဦးအောင်မြင့် ၊ အောင်မြင့်ပုံနှိပ်တိုက် (မြဲ ၀၀၀၇၇) ၊ အမှတ် (၁၄၅) ၊ နှင်းဆီမြို့လမ်း ၊ သုဝဏ္ဏ ၊ ရန်ကုန်မြို့ ။

တ်ဝေသူ — ဦးအောင်မြင့် (မြဲ ၀၀၂၇၆) ၊ အောင်မြင့်စာပေ ။

န့်ချိရေး — အောင်မြင့်စာပေ ၊ အမှတ် (၁) အောင်ဘာလေလမ်း ၊ ကျောက်မြောင်း ။


www.burmeseclassic.com

www.burmeseclassic.com

# ဒေဝဏ

## ထမင်းချက်ကျွေးတဲ့သရဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်...အခု...ကိုယ်တို့နှစ်ယောက်...
ဘဝချင်း မခြားကြတော့ဘူး မဟုတ်လားဟင်...
(သလင်းချို)

ဘဝချင်း ခြားတာ မခြားတာထက်
နှလုံးသားချင်း မခြားဖို့က
ပိုအရေးကြီးတာ မဟုတ်လားဟင်..ကိုကို...
(ခေတ်နှောင်း)



နှောင်း ဒီသရဲမလက်ထဲက လွတ်ကိုလွတ်စေရမယ်...
ကိုကို မရ,ရအောင် ကြိုးစားပေးမယ်...
(ကောင်းသစ်ထူး)

www.burmeseclassic.com

www.burmeseclassic.com

မောင်ရယ်...ဘဝချင်း ဘယ်လိုခြားပေမယ့်...မောင့်အပေါ် ချို... သံယောဇဉ်မပြတ်ပါဘူး။ အရင်လို ချစ်နေဆဲပါပဲ။ အဲ့ဒါကြောင့်... မောင့်ဆီ ပြန်လာခဲ့တာ။ မောင့်အနားမှာ ချို နေပေးမယ်။ မောင် ဘာမှအားမငယ်နဲ့နော်။ ချို မောင့်ကို ပြုစုမယ်...သိလား။



မျက်ခုံးမွေးတွေ...ဘုရားရေ...မျက်ခုံးမွေးတွေပါ ကျွတ်ကုန်ပြီ။ ဒါ..ဒါ..ဘာကြောင့် ဖြစ်ရတာလဲဟင် နှောင်း.. ဟင်..ဘာကြောင့်လို့ ထင်လဲ။ ကိုယ် ခုတလော ခေါင်းတွေလည်း အရမ်းမူးတယ်။ ရင်ထဲမှာလည်း ဆို့ကျပ်ကျပ်ကြီးနဲ့...နေလို့မကောင်းဘူး။



မင်းက ငါ့ကို သိပ်ရက်စက်တယ် ထင်မှာပေါ့။ တကယ်တော့ မင်းတို့ ငါ့အပေါ် ရက်စက်ခဲ့တာ အများကြီး ပိုပြင်းထန်ပါတယ်။ ငါ့ဘဝတစ်ခုလုံး အဖတ်ဆယ်မရတော့အောင် မင်းတို့နှစ်ယောက် ဖျက်ဆီးပစ်ခဲ့တာ..ငါ့ဘဝ..ငါ့ကလေး..ပြီးတော့..ငါ့အသက်...။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၁)

ဟင်းချိုကို သောက်ရင်းက ကိုကို့မျက်နှာ နည်းနည်း ပျက်သွားတာ နှောင်း သတိထားလိုက်မိသည်။

"ဘာဖြစ်လို့လဲဟင် ကိုကို၊ ဟင်းချိုက မကောင်းဘူးလား!.."

နှောင်း ကမန်းကတန်း မေးလိုက်သည်။

ကိုကိုက အစားကောင်းကြိုက်တတ်လွန်းသူ...။

အစားကောင်းဆိုတာ တန်ဖိုးကြီး ဈေးကြီးပေးရတဲ့ အစား


www.burmeseclassic.com

www.burmeseclassic.com



အစာမျိုး မဟုတ်…၊ အစပ်အဟပ်တည့်ပြီး ဟင်းလျာကို လိုက်ဖက်ညီအောင် တွဲစပ်ထားသည့် အစားအစာမျိုး။

အရသာရှိရှိ အစားအသောက်မျိုးကိုသာ ကြိုက်နှစ်သက်တတ်သော်လည်း…ကိုကိုက အစားပုတ်သူ မဟုတ်သည့်အတွက် ဖက်တီးပုတ်ကြီးတော့ ဖြစ်မနေ။

အားကစားကိုလည်း စနစ်တကျ လေ့ကျင့်တတ်သူမို့ ခန္ဓာကိုယ်တည်ဆောက်ပုံ အချိုးကျပြီး ကျစ်လစ်သည်။

အဲ့ဒီအပြင် ကိုကို့အလုပ်က အငြိမ်အအားမနေရဘဲ အမြဲတမ်း ပြေးလွှားနေရသူမို့ အစားကောင်း အသောက်ကောင်း စားပြီး ဇိမ်နဲ့နပ်နေနိုင်တဲ့သူတွေလိုမျိုး ကိုကို့မှာ အဆီပိုတွေ ရှိမနေ။

ကိုကို့လျှာကိုလည်း နှောင်း အံ့သြရပါသည်။

အရသာခံသည့်နေရာမှာ ကိုကို့လျှာလောက် ထက်မြက်တာလည်း မရှိနိုင်တော့ဘူးထင်သည်။

နှောင်းလျှာပေါ်မှာတော့ ဟင်းချိုက ဘာမှ အပြစ်ပြောစရာမရှိတော့လောက်အောင် ကောင်းပြီးသား။

"ဟင်လို့…ကိုကို…"

နှောင်း နောက်တစ်ခွန်းထပ်မေးလိုက်တော့မှ ကိုကိုက နှာခေါင်းရှုံ့ပြကာ…

"အစပ်အဟပ် မတည့်ဘူးကွာ၊ လျှာမထူးဘူးဖြစ်နေတယ်"

ကိုကိုက ပြောပြောဆိုဆို…စားပွဲပေါ်က ငံပြာရည်ပုလင်း၊ ငရုတ်ကောင်းမှုန့်ဘူး၊ အသားမှုန့်ဘူးတွေကို ကောက်ကိုင်ပြီး ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com


တျင်စွာပြုပြင်လေသည်။

"အင့်...သောက်ကြည့်"

နွေးသွားအောင် မှုတ်ပြီး ကိုကို ဟင်းချိုတစ်ဇွန်း လှမ်းခွံ့သည်။

နှောင်း ဖြည်းဖြည်းချင်း စုပ်သောက်လိုက်သည်။

"ကဲ...ဘယ်လိုလဲ၊ ခုနကနဲ့ အရသာချင်း တူသေးလား!"

"အား..တခြားစီပဲ ကိုကိုရာ၊ ခုနက ဟင်းချိုက ကောင်းလှပြီထင်တာ၊ ကိုကိုပြင်လိုက်တော့မှပဲ တကယ့်ကို ကောင်းသွားတာကိုးလန်းသွားတာပဲ"

တကယ်ကို ပိုကောင်းသွားတာမို့ နှောင်း ကိုကို့ကို ချီးကျူးလိုက်သည်။

ကိုကိုက ပြုံးလိုက်ရင်း...

"ကိုကိုက မစားဘူးဆိုလည်း လုံးဝ အူပေါင်းလောင်းနဲ့ နေနိုင်တယ်၊ စားမယ်ဆိုရင်တော့ လျှာပေါ်မှာ အရသာရှိရှိလေး စားချင်တယ်"

ကိုကိုက ပြောရင်းက နှောင်းဆံပင်တွေကို ယုယုယယလေး ဆုပ်ကိုင်ကာ...

"ကိုကို့ကို တကယ်ချစ်တယ်ဆိုရင် ဟင်းကောင်းကောင်း ချက်တတ်အောင် ကြိုးစားနော် နှောင်းကလေး..၊ ကိုကိုတို့အတူနေကြရင် နှောင်းရဲ့လက်ရာ ကောင်းကောင်းလေး ကိုကိုစားချင်တယ်"

ကိုကို့လက်ဖဝါး အကြီးကြီးအောက်က နှောင်းခေါင်းကလေး


www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရဲဘဲ ငြိမ်ကုပ်နေမိသည်။

နှောင်းက လုံးဝ အချက်အပြုတ် ဝါသနာမပါသူ။

တစ်ကိုယ်တည်းသမားမို့ မိုက်ပြည့်လျှင်ပြီးရော ဖြစ်သလို အလွယ်တကူ စားသောက်တတ်ခဲ့သူ...။

"ကိုကိုရယ်..နှောင်းမှာ အလုပ်တစ်ဖက်နဲ့ အချိန်မှ မရှိတာ၊ ကိုကို့ကို နှောင်း ကောင်းကောင်းလေး ချက်ကျွေးချင်တာပေါ့.."

နှောင်း ခပ်ချွဲချွဲလေး ပြောလိုက်သည်။

တကယ်တော့ ဘာမဟုတ်တဲ့ အစားလေးတစ်လုပ်အတွက် အချိန်တွေဖြုန်းတာကို နှောင်း လုံးဝလက်မခံချင်။

နှောင်း ခံယူချက်ကတော့ အစာစားတယ်ဆိုတာ အဟာရ ဖြစ်ဖို့...ပကာသန စွက်စရာမလို။

ကိုကိုကတော့ လိုအပ်သည်ထက် အစားကောင်းကို တဏှာ စွက် တပ်မက်လွန်းသည်လို့ နှောင်းဝေဖန်ချင်သည်။

"နှောင်းလည်း သတိကြပ်ကြပ်ထားပါ၊ ကော်ဖီနဲ့ပေါင်မုန့်နဲ့ ပြီးလိုပြီး...ခေါက်ဆွဲပြုတ်နဲ့ ပြီးလိုပြီး၊ အစာကို ဖြစ်သလို စားလွန်းတယ်"

ကိုကိုဆူတော့ နှောင်း မျက်နှာတည်တည်ကလေး လုပ်ကာ ငြိမ်နေရသည်။

"အစာကို အချိန်မှန်လည်း မစားဘူး၊ ကိုကိုပြောမယ် သေချာနားထောင်ပါ၊ ကော်ဖီချိန်ဆိုကော်ဖီ...ထမင်းချိန်ဆိုထမင်း သူ့ အချိန်နဲ့သူ ပုံမှန်စားသောက်ပါ...ဟုတ်ပြီလား၊ ကိုကိုဆို ဘာလောက်



www.burmeseclassic.com

www.burmeseclassic.com


အလုပ်များများ အစာစားချိန်ကို အပျက်မခံဘူး၊ သူ့အချိန်နဲ့သူ ပုံမှန်စားတယ်"

"ယုံပါတယ်...ကိုကိုကတော့ အစားသရဲကိုး"

ကိုကို့ဘဝမှာ အစားကောင်းကောင်းစားဖို့ထက် အရေးကြီးတာ ဘာမှမရှိတော့ဘူး မဟုတ်လား။

နှောင်းကိုတောင် အစားလောက် ကိုကို့ဘဝမှာ အရေးမထားဘူးမဟုတ်လား။

နှောင်းသည် စွာချင်လှပေမယ့် နှုတ်က ဖွင့်ဟ အသံထွက်ပြီးတော့ မစွာရဲသည်မို့ ကိုကိုပြောတာကို ငုံ့စုံ့ပစ်သာ နားထောင်နေရသည်။

"ကဲ...သွားရအောင်၊ ကိုကို အလုပ်ကိစ္စ လက်စသတ်စရာတွေရှိသေးတယ်၊ နှောင်းအိမ်ကို အရင်လိုက်ပို့ပေးမယ်"

နှောင်း ကိုကို့ကို မှီတွယ်ချွဲနွဲ့ပြီး စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ကိုကိုက နှောင်းထက် ရှစ်နှစ်တိတိကြီးသည်မို့..နှောင်းက အမြဲလို အားကိုးချွဲနွဲ့လို့သာ နေချင်သည်လေ။

၅ ၅ ၅ ၅


www.burmeseclassic.com

www.burmeseclassic.com



ကား ထဲမှာလည်း နှောင်းသည် ကိုကို့ဘေးမှနေ ခါးကို ကလိထိုးလိုက်၊ နားအဝလေးကို ဖွဖွလေး ကုတ်လိုက်၊ ဖုန်းနှင့် ဓါတ်ပုံရိုက်လိုက်နှင့် စ,လို့နေမိသည်။ နှောင်းက ကိုကို့ကို အရှိအသေတန်လို့တော့ မဟုတ်၊ ပျင်းပျင်းရှိလျှင် ကိုကို့ကို ချွဲလို့နေချင်နေ..မဟုတ်လျှင် စနောက်လို့ နေတတ်သည်။

"ဟော့...မလုပ်နဲ့ကွ၊ တိုက်မိကုန်မယ်"

"တိုက်လိုက်လေ...ဒါမှ ကိုကိုကပ်စီးနည်းကြီး ကားလဲမှာ"

"ဟာ...ကြည့်စမ်း လူကိုများ ကပ်စီးနည်းတဲ့ စော်ကားလိုက်တာ၊ ဟာ..ပြောနေတယ်ကွာ၊ မလုပ်နဲ့ နှောင်းလေး..ကိုယ် ယားတတ်တယ်..တကယ်ပြောတာ"""

ကိုကိုက ယားလို့ တွန့်လိမ်ကောက်ကွေးလေ..နှောင်းက

www.burmeseclassic.com

www.burmeseclassic.com


သဘောကျကာ ပိုစလေ။

ကိုကိုက ယားလွန်း၍ မတတ်နိုင်တော့တဲ့အဆုံး နှောင်း လက်ကို ဂျိုင်းကြားထဲ ညှပ်ထားတော့သည်။

နှောင်း တဟားဟား အော်ရယ်ရင်းက ကိုကို့ပခုံးမှာ ခေါင်းမှီ ပါးကပ်ထားမိသည်။

"ကိုကို..အရမ်းချစ်လား..ပြော"

နှောင်း အဲ့လို ကလေးဆန်ဆန်မေးလျှင် ကိုကိုက ရက်တက် တက်ကြီးဖြစ်ကာ ပြုံးပြုံးကြီး စိုက်ကြည့်ပြီး ခေါင်းညိတ်ပြတတ်သည်။

"မရဘူးကွာ...ခေါင်းညိတ်ပြတာ မလေးနက်တဲ့သဘော၊ ချစ်တယ်ပြော"

"နှောင်းကလဲကွာ...ကလေးကျနေတာပဲ"

"ဟာ...မရဘူး၊ ပြောမှာလား..မပြောဘူးလား၊ မပြောရင် မချစ်လို့ပဲ"

"ခေါင်းညိတ်ပြတယ်လေ...နှောင်းကလေးကလဲ"

နှောင်း အတင်းဂျီတွန့်တော့ ကားထဲမှာ နှစ်ယောက်ထဲရှိတာ တောင် ဘယ်သူ့ကို ရှက်လို့ ရှက်နေမှန်းမသိသော ကိုကိုက မျက်နှာ ကြီးနီရဲကာ တော်တော်နှင့် ပြောမထွက်။

နှောင်း စိတ်မရှည်တော့...။

"ကဲ...မပြောနဲ့တော့ကွာ၊ နှောင်း ကားပေါ်က ဆင်းမယ်... လက်ကိုလွှတ်"

နှောင်း ကိုကို့ဂျိုင်းကြားထဲ ညှပ်ထားသည့်လက်ကို အတင်း


www.burmeseclassic.com

www.burmeseclassic.com


ဆွဲရုန်းကာ ကားပေါ်မှ ချက်ချင်းဆင်းမည့်ဟန်ပြင်ပြီး စိတ်ကောက်ပစ်လိုက်တော့မှ...

"ချစ်တယ်...အရမ်းချစ်တယ်နှော်..၊ နှောင်းကလေး စိတ်မကောက်နဲ့တော့"

"အစောကြီးကတည်းက ပြောလိုက်လဲ ပြီးတာပဲဟာကို..၊ ဒါလေးပြောဖို့များ မူနေရသေးတယ်"

နှောင်း မကျေနပ်သေးသလို စူပုပ်ပုပ်နဲ့ ပြောလိုက်တော့ ကိုကိုက ရှက်တက်တက်ကြီး ပြုံးနေသေးကာ...

"လူကြီးကွ...ရှက်တတ်တယ်၊ နှောင်းတို့ ချာတိတ်တွေလို အပြောမရဲ အနေမရဲတော့ဘူး"

"ဒါဆို လာမချစ်နဲ့ပေါ့၊ ဘာလို့ လာချစ်သေးလဲ"

"မချစ်ဘဲ မနေနိုင်လို့ပေါ့"

ကိုကိုက နှောင်းပြောပုံကို အသည်းယားသလို ငယ်ထိပ်ကို နာအောင်ပင် ထုသည်။

"အား...နာလိုက်တာ ကိုကိုရာ"

နှောင်း တကယ်နာသွားရတာမို့ ကိုကို့လက်မောင်းကို ပြန်ကိုက်လိုက်သည်။

"အား...နာတယ်ကွ နှောင်းရ"

ကိုကို တွန့်လိမ်ပြန်အော်ပြီး နှောင်းကို လက်တစ်ဘက်နှင့် အတင်းပြန်ဖက်ထားသည်။

နှောင်း..တဟားဟား အော်ရယ်ပစ်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့် ခုလိုနေရလျှင် နှောင်း ပျော်သည်လေ။

"ဟာ...ဟိုမှာ လူတွေ ရုံးစုရုံးစုနဲ့ပါလား!.."

ကိုကိုက ပလက်ဖောင်းဘေး လူတွေ အုံခဲစုနေသောနေရာဆီ လှမ်းမျှော်ကြည့်ရင်း ပြောသည်။

နှောင်းက မှန်ကို ချလိုက်သည်။

"ကိုယ်ဝန်ကြီးနဲ့ဟယ်..သနားပါတယ်..သေသွားပြီလား မသိဘူး..မလှုပ်တော့ဘူး"

"ဈေးဝယ်လာရင်းနဲ့ ဖြစ်တာပဲ ဖြစ်ရမယ်၊ ဟင်းရွက်တွေရော အသားတွေရော ဘေးမှာ ပွနေတာပဲ"

"ကိုယ်ဝန်ကတော့ အဖတ်တင်မှာ မဟုတ်တော့ဘူး"

"အေးဟယ်...သွေးတွေဆင်းတာ မြင်မကောင်းဘူး"

ဖြတ်သွားဖြတ်လာရင်း ပြောသွားကြတာကို ကြားရသောအခါ နှောင်းသည် ရင်တွေ တဆတ်ဆတ် တုန်လာသည်။

နှောင်းသည် သွေးရဲရဲ သံရဲရဲကို မမြင်ဝံ့၊ အနိဋ္ဌာရုံကို ကြားပင် မကြားဝံ့...။

"သွားကြည့်ရအောင် နှောင်း"

"အို...မကြည့်ရဲပါဘူး ကိုကိုရယ်..သွားရအောင်ပါ၊ နှောင်းကြောက်တယ်.."

ကိုကိုက သွားကြည့်ချင်ပုံပေါ်သော်လည်း နှောင်းက ဖွတ်ပင် ကားကိုမောင်းထွက်ခိုင်းခဲ့သည်။

နှောင်းက မိန်းကလေးပေမယ့် စပ်စပ်စုစု ဝါသနာမပါ။



www.burmeseclassic.com

www.burmeseclassic.com


ရောရောနှောနှော လာလုပ်လျှင်လည်း မကြိုက်သလို အပေါင်းအသင်းလည်း နည်းသည်။

ကိုကိုကတော့ အရာအားလုံးမှာ နှောင်းနှင့် ဆန့်ကျင်ဘက်ပင်...။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၂)

ရှောင်း

ရှောင်း တစ်ယောက် ဘုရားသာ ရှိခိုးနေသော်လည်း စိတ်က လုံးဝ ရွှေတိဂုံဘုရားရင်ပြင်ပေါ်မှာ မရှိ...။

ကိုကို့ကိုသာ မျှော်နေမိသည့် စိတ်တို့က ထိန်းချုပ်လို့မရ...။

ဘုရားကို ဦးချပြီး နောက်လှည့်ကြည့်လို့သာ နေမိသည်။

ကုမ္ပဏီမှာ နိုက်ဂျူတီဝင်ပြီး မနက်ကလေး ခဏတဖြုတ် တွေ့ဖို့ ရွှေတိဂုံဘုရားပေါ်မှာ အသေအချာချိန်းပြီးမှ နောက်ကျနေသည့် ကိုကို့ကို ဘာကြောင့်လဲလို့ မခန့်မှန်းတတ်အောင် ဖြစ်နေမိ



www.burmeseclassic.com

www.burmeseclassic.com


သည်။

ကိုကို တစ်ခါမှ ခုလို နောက်မကျစဖူး...။

ဖုန်းခေါ်ကြည့်တော့လည်း ဖုန်းက လုံးဝပိတ်ထားသည်။

နှောင်းသည် ဖုန်းကို ပါးမှာကပ်ထားရင်း ဝမ်းနည်းစိတ်တို့က ရင်ထဲ လှိုက်၍လှိုက်၍တက်လာသည်။ စို့တက်ဝဲရစ်လာသော မျက်ရည်ကို..မျက်တောင်တို့ အခါခါခတ်ကာ သိမ်းလိုက်ရသည်။

ကိုကိုနှင့်ပတ်သက်လာလျှင် နှောင်းနှလုံးသားက ထိခိုက်ကြေကွဲရလွယ်သည်။ ခံနိုင်ရည် မရှိ။

နှောင်း ကြေကွဲမှုကို တစ်ယောက်ထဲ မှိတ်ကြိတ်ခံစားနေမိဆဲ...

"ခေတ်နှောင်း...."

ခေါ်သံသဲ့သဲ့။

နှောင်း ဘာကိုမှ မတွေးမိအောင် ဆတ်ခနဲ တောင့်မတ်သွားရသည်။

ခေါ်သံက ဟိုးအဝေးကြီးက လာသလိုမျိုး...။

အသံက စိမ်းအက်အက်နိုင်လှသည်။

နှောင်းရဲ့တောင့်မတ်သွားသော ခန္ဓာကိုယ်တစ်လျှောက်...ကြက်သီးများ တဖြန်းဖြန်း စိမ့်တက်လာသည်။

ဘုရားရေ...၊ ဒါ ဘာကြောင့်ပါလဲ!...။

နှောင်းအား တစ်စုံတစ်ရာက ရှန်းမထွက်နိုင်အောင် ဆွဲဆောင်ညှို့ငင်လိုက်သလိုမျိုး...နောက်ကို ဖြည်းညင်းစွာ လှည့်ကြည့်


www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

နှောင်းသည် အသက်ရှူရပ်သွားသလိုမျိုး...ဆို့ကျပ်သော ဝေဒနာကို...ဖြုန်းဆို ခံစားလိုက်ရသည်။

နှောင်း တွေ့လိုက်ရသည်မှာ...

မြူခိုးတွေ...၊ မပီမသ အရိပ်တစ်ခု...။

သို့သော် သဲကွဲထင်ရှားနေသည်မှာ အငြိုးတကြီး မျက်ဝန်း တစ်စုံ...။

နှောင်း ရင်ဘတ်ကို လက်နှစ်ဘက်ဖြင့် ဖိထားမိသည်။

နှောင်း အံ့သြကြောင်သက်စွာ ထိတ်လန့်တကြား ကြည့်နေ မိဆဲ...ထိုမျက်လုံးအစုံမှာ ချက်ချင်းပျောက်ကွယ်သွားသည်။

အဲ့ဒါ...အဲ့ဒါ...ဘယ်သူလဲ!...။

ဘာ့ကြောင့် နှောင်းကို ကိုယ်ယောင်လာပြရတာလဲ...

နှောင်းသည် လူအများကြီးကြားထဲမှာ နေရတာကိုပင် မလုံ ခြုံသလို...ရင်ထဲ လှပ်ဟာ ချောက်ခြား၍နေမိသည်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com


နှောင်း အလုပ်ထဲမှာလည်း စိတ်မပါ...။ ဘုရားပေါ်မှာတွေ့ခဲ့ရသော ချောက်ချားစရာကောင်းလှသည့် မျက်လုံးတစ်စုံကို တစ်နေ့လုံး မေ့မရနိုင်ခဲ့...။

အလုပ်ထဲမှာ အမှားမှား အယွင်းယွင်း လွဲချော်လို့ချည်း နေမိသည်။ ကေသီကတောင်...

"ခေတ်နှောင်း...ရှင် ဘာတွေဖြစ်နေလဲ၊ ဆေးမှားသောက်လာသလား...”

လို့ လှောင်နေသေးသည်။

ဂျူတီထွက်တော့လည်း လိုအပ်တာထက် ပိုပြီးနွမ်းနယ်လို့နေမိသည်။

နှောင်းသည် စောင့်နေကျနေရာလေးမှာ...ကိုဇော့်ကို အချိန်


www.burmeseclassic.com

www.burmeseclassic.com



အကြာကြီး စောင့်နေမိတယ်။

ကိုကို့အရိပ်အယောင်ကို လုံးဝမတွေ့ခဲ့ရ။

ဖုန်းဆက်တော့လည်း ဖုန်းက ပိတ်ထားဆဲ။

ကိုကို ဘာများဖြစ်နေသလဲ!...။

"ဟိတ်...ခေတ်နှောင်း မျှော်မနေတော့နဲ့...၊ လာ...ငါတို့နဲ့ လိုက်ခဲ့"

နှောင်းရှေ့ ကေသီက ကားထိုးရပ်ပြီးခေါ်တော့ နှောင်း ရုက်ရှက်နဲ့ပဲ ကေသီ့ကားထဲ ဝင်ခဲ့ရတော့သည်။

နှောင်းသည် ကေသီ့ကိုလည်း မကြည့်ရဲ...၊ ကေသီ့ချစ်သူ ညီညီ့ကိုလည်း မကြည့်ရဲဘဲ ခေါင်းငိုက်စိုက်ချလို့သာ နေမိသည်။

"ဘာဖြစ်လို့လဲ ခေတ်နှောင်း။ ရာသီဥတုက တိမ်ဖုံးလို့ နေပါလား"

နှောင်းသည် ဘာမှမပြောချင်ဘဲ ကေသီ့ကို ခေါင်းသာ ခါပြမိသည်။

"တစ်ခုခုတော့ဖြစ်နေတယ် ဟော့ကောင်၊ မြို့စီစီ လုပ်မနေနဲ့၊ ကျုပ်တို့ကိုမှ ဖွင့်မပြောရင် ရှင် ဘယ်သူ့ကို ဖွင့်ပြောမလဲ၊ ညီညီရေ ဆိုင်တစ်ဆိုင်ဆိုင် ဝင်ရအောင်ကွာ၊ ဒါမှ ဒီကောင် ရင်ဖွင့်မှာ"

ကေသီက ကိုကိုနဲ့ နှောင်းအကြောင်းလည်း သိထားသူမို့ နှောင်းကိုစွဆို အစစအရာရာ ဝင်ပါတတ်စမြဲ။ မြို့စီစီနေတတ်သော နှောင်းကို လုံးဝ အားမလိုအားမရသူလည်း ဖြစ်သည်။

ထိုင်နေကျဆိုင်လေးဆီရောက်တော့ ကေသီက စကားစ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာလဲ...ကိုကောင်းသစ်ထူး လာမကြိုလို့ ကြေကွဲနေတာလား!"

"မျှော်...မောကြီးကွာ"

နှောင်း မပွင့်တပွင့် ပြန်ဖြေမိသည်။

"အလုပ်များနေလို့ ဖြစ်မှာပေါ့"

"ဖုန်းပါ လုံးဝပိတ်ထားတာ"

"အရေးပေါ် နယ်တွေဘာတွေများ ထွက်နေသလား"

"မနက်က ဘုရားမှာ အသေအချာ ချိန်းထားပြီး ရောက်မလာဘူး"

ဘုရားမှာ...။

နှောင်းသည် နာကျည်းမှုဖြင့် စိမ်းနက်နေသော မျက်လုံးတစ်စုံကို ချက်ချင်းပြန်သတိရ မြင်ယောင်လာမိသည်။

သေတော့မှာပဲ...။

ဘာဖြစ်လို့ ပြန်သတိရလိုက်မိတာလဲ။

ကြောက်စိတ်က ရင်ထဲအနှံ့ ပြည့်နှက်လို့ လာပြန်သည်။

မေ့မှဖြစ်မယ်။

အဲ့ဒီမျက်လုံးတစ်စုံကို ရအောင်မေ့ပစ်နိုင်မှ ဖြစ်မယ်။

နှောင်းသည် မျက်လုံးအစုံကို ကျပ်နေအောင် မှိတ်ပစ်လိုက်သည်။

နှောင်းတို့ တော်တော်နှင့် အိမ်မပြန်ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပိတ်တော့မှပဲ အိမ်ကို ပြန်ဖြစ်တော့သည်။

အိမ်ပြန်ရောက်တော့ နှောင်း အရမ်းကို နွမ်းနယ်မှုးရီလို့ နေခဲ့ပြီ

အိပ်ယာထဲ ဂမူးရှူးထိုးဝင်ကာ ခြေပစ်လက်ပစ် အိပ်ပစ်ထိုက်မိတော့သည်။

ဒါမှ..မေ့လို့ရမှာ...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

အိပ်မက်လိုလို ဝေဝေဝါးဝါးပါပဲ။

အခန်းထောင့်မှာ တောင်တစ်ဖက် မြောက်တစ်ဖက် ပစ်ခဲ့သောဖိနပ်ကို လိုက်ကောက်ကာ..စီရီပေးနေသော ပုံရိပ်တစ်ခုကို ခတ်ဝါးဝါး မြင်နေရသည်။

ပြီးတော့ အိပ်နေရင်းက ဘယ်လိုဘယ်လို ချွတ်ပစ်လိုက်မိမှန်းမသိသော အိပ်ယာခြေရင်းက ကုတ်အင်္ကျီကို ကောက်ပြီး တန်းပေါ်လွှားတင်ပေးလိုက်တာကိုလည်း မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မှုံစုံဝါး မျက်လုံးတွေက အတင်းဖွင့်ကြည့်သော်လည်း မအောင်မြင်ခဲ့...။

ပြန်ပြီးမှေးစင်းသွားခဲ့သည်။

သို့သော်...

ဆံပင်တွေကို ခပ်ဖွဖွ ပွတ်သပ်ပေးနေသော အထိအတွေ့။

ပြီးတော့...နားထင်စပ်ကို လာရောက်ထိခတ်သော ထွက်သက်လေ ရှိန်းမြမြရဲ့အထိအတွေ့...

နှောင်းရဲ့မှေးစင်းနေသော အိပ်မှုံစုံဝါး မျက်လုံးအစုံ ချက်ချင်းပြူးကျယ်သွားရသည်။

"ကလေး..."

"ဟင်...ကိုကို"

နှောင်း မျက်စိရှေ့ နီးနီးကပ်ကပ် မြင်နေရသော ကိုကို့ကို မယုံနိုင်သလို ပါးစပ်အဟောင်းသားနှင့် စိုက်ငေးကြည့်နေမိသည်။

ကိုကို့မျက်နှာက ဖြူရော်လို့နေသည်။

ပြီးတော့ ကြေကွဲနေဟန်က အထင်းသား။

နှောင်းသည် အတော်ကြာမှ သတိပြန်ဝင်လာခဲ့ပြီး...

"ကိုကို ဘာဖြစ်!..."

ကိုကိုက နှောင်းရဲ့နှုတ်ခမ်းလွှာတွေကို လက်ဖဝါးဖြင့် ခပ်ဖွဖွ လှမ်းပိတ်သည်။

"မမေးပါနဲ့ ကလေးရယ်၊ ကိုယ်ဘာမှမဖြစ်ပါဘူး"

နှောင်း ကိုကို့လက်ကို အလောတကြီး ဆွဲဖယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီး ကိုကို ဘာဖြစ်လို့ လာတာလဲ!..၊ ကိုကို့မှာ အကြောင်းတစ်ခုခုတော့ ရှိကိုရှိရမယ်"

နှောင်း ပြူတင်းမှန်မှနေ အပြင်ကို လှမ်းကြည့်မိသည်။

အပြင်မှာ မှုန်သီဝေဝါးတုန်း၊ အလင်းရောင် ကောင်းကောင်း မရောက်ရှိသေး၊ အရုဏ်တောင် မတက်သေးတဲ့အချိန်။

"ကလေးကို အရမ်းသတိရလာလို့"

ကိုကိုက သူမ ဆံနွယ်တွေကြားထဲ မျက်နှာကို မှောက်ချထိုး နှက်လိုက်သည်မို့ ကိုကို့မျက်နှာကို နှောင်းမမြင်ရတော့..။

"ကိုယ့်ကို ဘာမှမမေးပါနဲ့တော့ ကလေး၊ ကိုယ် ကလေးရဲ့ နားမှာ တိတ်တိတ်ကလေး နေပါရစေ...ဖြစ်မလား!"

ကိုကိုက တိုးတိုးကလေး တောင်းဆိုတော့ နှောင်းရင်ထဲက ပလုံစီထနေသော မေးခွန်းပေါင်းများစွာ ပြန်ငြိမ်သက်သွားရတော့ သည်။

"ဘာလို့မဖြစ်ရမှာလဲ ကိုကိုရယ်"

နှောင်း ကိုကို့ဆန္ဒအတိုင်း ဘာမှမမေးတော့ဘဲ ငြိမ်ငြိမ် သက်သက်ကလေး တိတ်တိတ်ဆိတ်ဆိတ်ကလေး နေပေးလိုက် သည်။ မကြာခင်မှာ နှောင်း နှစ်ခြိုက်စွာ ပြန်အိပ်ပျော်လို့သွားတော့ သည်။

ကိုကို့ရဲ့မျက်ရည်စတစ်ချို့ နှောင်းရဲ့ပျော့အိနူးညံ့သော ဆံ နွယ်တွေကြားထဲ တိုးဝင်သွားခဲ့တာကိုလည်း နှောင်း မသိတော့...။

သို့သော်...အိပ်မက်ထဲမှာတော့...



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် တုန်လှုပ်ထိတ်လန့်ဖို့ကောင်းသည့် စိမ်းနက်နေသည့် မျက်လုံးအစုံက ကိုကိုနှင့်နှောင်းကို စူးစူးရဲရဲကြီး စိုက်ကြည့်နေခဲ့သည်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



နှောင်း မနက်ကို အတော်ကြီး နောက်ကျတော့မှ နိုးလာခဲ့သည်။

နိုးနိုးခြင်း နှောင်းမြင်လိုက်ရသည်မှာ ပကတိ ငြိမ်သက်နေသော ညှိုးဖျော့နေသည့် ကိုကို့မျက်နှာကိုပဲ ဖြစ်သည်။

နှောင်း တစ်ခုခုကို မေးလိုက်မိတော့မလို ပါးစပ်ပြင်ပြီးတော့မှ ကိုကိုတောင်းဆိုထားတာကို သတိပြန်ရပြီး အသာပြန်ငြိမ်နေလိုက်သည်။

ကိုကို့ကို နှောင်းကြောင့် ပိုပြီး စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူးလေ။

"ကိုကို နိုးနေတာ ကြာပြီလားဟင်"

ကိုကိုက နှောင်းကို အသာအယာ ပြုံးပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com


"ကိုကို မအိပ်ရသေးဘူး"

"အို..."

နှောင်း ချက်ချင်း ငုတ်တုတ်ထထိုင်ကာ ကိုကို့လက်ချောင်းများကို ဂရုဏာသက်စွာ ဆွဲဆုပ်လိုက်သည်။

"ကိုကိုရယ်..နှောင်းကို နှိုးပါတော့လား၊ နှောင်း ကို့ကို အဖော်ရအောင် စကားတွေ ပြောပေးမှာပေါ့"

"ရပါတယ်...ကိုကိုတစ်ယောက်ထဲပဲ နေချင်လို့ပါ"

နှောင်း ဘာမှ ဆက်မပြောသာတော့...။

တကယ်တော့ ကိုကို့ကို ဒီလိုသူစိမ်းမဆန်ဖို့ တစ်ယောက်ထဲ မိုက်ကြိတ်မခံစားဖို့..နှောင်းကို အေးအတူ ပူအမျှ သဘောထားပြီး ရင်ဖွင့်ဖို့..နှောင်း ပြောချင်ပါရဲ့။

ဒါပေမယ့်...ကိုကို ခုလို စိတ်ပင်ပန်းနေတဲ့အချိန်မှာတော့ မပြောသင့်သေးလို့ နှောင်း မြိုသိပ်လိုက်ပါသည်။

"ကိုကို ဗိုက်ဆာနေပြီလားဟင်"

ကိုကိုအသာငြိမ်သက်နေသည်မို့ ဝန်ခံကြောင်း နှောင်းသိလိုက်ပါသည်။

"ဘာစားချင်လဲ ကိုကို၊ ပေါင်မုန့်ရှိတယ်..ထောပတ်ဘူးလဲ ရှိတယ်..ကော်ဖီသောက်မလား!"

"ဟင့်အင်း...ဗိုက်ပြည့်မယ့် အစာတစ်ခုခုပဲ ကိုကို စားချင်တယ်"

ဟုတ်သားပဲ၊ ကိုကိုက နှောင်းလိုမျိုး ဖြစ်ကတတ်ဆန်းမှ


www.burmeseclassic.com

www.burmeseclassic.com


မစားတတ်ဘဲ။

"ကိုကို အရမ်းနုံးနေတယ်ကွာ၊ တစ်ညလုံးလည်း အိပ်လို့မရတော့ ဗိုက်ထဲ အရမ်းဟာနေတယ်"

"ကိုကို ဘာစားချင်လဲ..ပြောလေ"

"ခေါက်ဆွဲပြုတ် ချဉ်ငန်စပ်လေး စားချင်တယ်"

"အိုကေ...ရမယ် ကိုကို၊ ခေါက်ဆွဲပြုတ်တွေ ရှိတယ်"

နှောင်း အိပ်ယာပေါ်က ကမန်းကတန်း ခုန်ထလိုက်သည်။

နှောင်း ကောင်းမွန်ကျွမ်းကျင်စွာ မချက်ပြုတ်တတ်ပေမယ့် Ready made တွေကို ရေနွေးကျိုပြီး အသင့်ရောစပ်ပေးရုံတော့ လုပ်ပေးတတ်ပါရဲ့။

"နေဦး...နေဦး နှောင်း၊ Ready made အတိုင်းကြီးမလုပ်နဲ့၊ ကိုယ်မကြိုက်ဘူး"

ခုနက စိတ်အားတက်ကြွစွာ ခုန်ထလိုက်သော နှောင်းတစ်ယောက် နည်းနည်းပြန်ငြိမ်သွားရသည်။

ထုံးစံအတိုင်း ကိုကို့ဝါသနာအတိုင်း ဂျီးများပြတော့မည်လေ။ မတတ်နိုင်၊ ကြိုးစားပြီး လုပ်ပေးရတော့မှာပေါ့။

"နှောင်းဆီမှာ အသီးအရွက် ဘာရှိလဲ"

"ဘာရှိပါလိမ့်"

နှောင်း ဆံပင်တွေကို ဖွရင်း ပြန်စဉ်းစားလိုက်ရသည်။

မနေ့က ညစာချက်မစားဖြစ်တော့ ရေခဲသေတ္တာထဲ ဘာတွေကျန်လို့ကျန်မှန်းပင် တော်တော်နှင့် စဉ်းစားမရ။


www.burmeseclassic.com

www.burmeseclassic.com


"ဟိုလေ..ဩော်..ဟုတ်ပြီ၊ မုန်ညင်းရွက်တွေ ရှိမယ်၊ ဂေါ်ဖီဖူးလည်း ရှိတယ်"

"အသားကရော"

"ကြက်သားနည်းနည်း ရှိတယ်၊ ကြက်ဥတွေလည်း ရှိတယ် ကိုကို"

"ဟုတ်ပြီ...မုန်ညင်းရွက်ထည့်၊ ကြက်ရင်အုပ်ကို အရိုးပါပြုတ်ပြီးထည့်၊ ကြက်ဥ ဖောက်ထည့်ပေး။ ရမလား..နှောင်း လုပ်တတ်မလား"

နှောင်းသည် နည်းနည်းတွေဝေသွားရရင်း...

"ဟုတ်...ရတယ် ကိုကို၊ နှောင်း လုပ်ပေးမယ်"

ဒီလောက်တော့ နှောင်း လုပ်တတ်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကို ထင်ပါသည်။

နှောင်းသည် Ready made တွေကို ဒီအတိုင်း ရေနွေးရောပြီးတော့သာ အသင့်စားတတ်ပါသည်။ တစ်ခါမှ ပြုပြင်ပြီး မစားဖူး။

သို့သော် ကိုကိုစားချင်သည့်ပုံစံကို နှောင်း ဖြစ်အောင် လုပ်ပေးရမည်လေ။

နှောင်း ကမန်းကတန်း မျက်နှာသစ်ကာ ကိုကိုပြောသည့်အတိုင်း ကြိုးစားပမ်းစား အားတက်သရော လုပ်နေမိသည်။

ပြီးလျှင် ထမင်းစားပွဲပေါ် ပူပူလောလော အငွေ့တထောင်းထောင်း ထနေသော ခေါက်ဆွဲပြုတ် ပန်းကန်လုံးကိုတင်ကာ ကိုကို့ကို ခေါ်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ကိုကိုရေ...စားလို့ရပါပြီ"

"ဟား...အငွေ့တထောင်းထောင်းနဲ့ပါလား၊ စားကောင်းမယ့်ပုံပဲ၊ ကျေးဇူးပဲ ကလေး"

ကိုကိုက နှောင်း ခေါင်းကို အုပ်ကိုင်ကာ ချီးကျူးနေသည်။

"စားကြည့်ပါဦး ကိုကိုကလဲ၊ ကျေးဇူးတင်တာ စောလိုက်တာ"

ကိုကိုက မျက်လုံးများကို မှေးစင်းကာ ခေါက်ဆွဲပြုတ်ပန်းကန်ကို အနံ့အရင်ခံနေသေးသည်။

ပြီးတော့မှ တစ်ဇွန်းအရင်ခပ်စားသည်။

နှောင်းသည် လက်တွေ့အစစ်ဆေးခံနေရသည့် ကျောင်းသားတစ်ယောက်လို ကိုကို့မျက်နှာကို ရင်တထိတ်ထိတ်နှင့် စိုက်ကြည့်နေမိသည်။

ပထမ တစ်ဇွန်းမှာပင် ကိုကို မျက်မှောင်ကုတ်သွားသည်။

"ပေါ့လိုက်တာကွာ..ဘာအရသာမှ မရှိပါလား၊ ရေနဲ့ အချိုးမညီလိုက်တာ"

"ဟို..နှောင်း..နှောင်း ပြန်ပြင်ပေးမယ်လေ ကိုကို၊ ဘယ်လိုပြင်ပေးရမလဲ ကိုကိုပြော"

နှောင်း ပျာယာခတ်သွားရသည်။

ကိုကိုက ဘာမှမပြော။

မုန်ညင်းတစ်ဖတ်ကို ခပ်ဝါးကြည့်ပြန်သည်။

ကိုကို့မျက်နှာ ပိုပျက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com


"မုန်ညင်းရွက်က အစိမ်းကြီးပါလား၊ ဒီလောက်စိမ်းရင် အစာ အိမ်က ဘယ်လိုခြေနိုင်မှာလဲ၊ မင်း မသိဘူးလား..နှောင်း"

ကိုကို မင်းတွေဘာတွေ မသုံးစဖူး သုံးလာပြီမို့ နှောင်းလည်း အနဲ့လှုပ်သွားမိသည်။

"ဟို...နှောင်း မုန်ညင်းရွက်ထည့်တာ နောက်ကျသွားလား.. မသိဘူး"

"ဟင်းရွက်နူးမနူးတောင် မင်းမသိတာ ငါ တော်တော်အံ့သြ တယ်"

မုန်ညင်းရွက်ကို ပြန်ချကာ ကြက်ရင်အုပ်တစ်ဖတ်ကို ကိုကို ခပ်လိုက်ပြန်သည်။

ဘာများပြောဦးမှာလဲ...၊ နှောင်းသည် တထိတ်ထိတ်နှင့် ရှိ ဆဲ...

"ထွီ!!.."

ဝါးလက်စ ကြက်သားတစ်ဖတ်ကို ကိုကို ဒေါသတကြီး ကြမ်း ပေါ် ထွေးချသည်။

"အို..."

နှောင်းသည် ကိုကို့ဒေါသကို ထိတ်လန့်ကာ နောက်ကို ဆုတ် လိုက်မိသည်။

"မင်းကြက်သားက အစိမ်းနဲ့တောင် မပျောက်သေးဘူး၊ ဘယ်လိုစားမလဲ!.."

"ကိုကို..နှောင်း..ပြန်..ပြန်ပြင်"



www.burmeseclassic.com

www.burmeseclassic.com


"တော်ပြီ"

ကိုကို အသံကျယ်ကြီးနှင့် အော်ရင်း ဝုန်းခနဲ ထရပ်သည်။

"မင်း...ဒီခေါက်ဆွဲလေး တစ်ပန်းကန်ကိုတောင် အဖြစ်ရှိအောင်မလုပ်တတ်တာ ငါ တော်တော်အံ့ဩတယ်၊ မင်း လုံးဝအသုံးမကျတဲ့ မိန်းမပဲ၊ မင်းခေါက်ဆွဲ မင်းပြန်စားကြည့်စမ်း၊ ဘာအရသာရှိသလဲလို့"

ကိုကိုက စားပွဲကို တွန်းတိုက်ပြီး ဝုန်းဒိုင်းကြဲ ထွက်သွားရာ ပန်းကန်ထဲက ခေါက်ဆွဲတွေ စားပွဲပေါ် တစ်ချို့ ကြမ်းပြင်ပေါ် တစ်ချို့ ဖိတ်ကျလေတော့သည်။

နှောင်းသည် ဒေါသတကြီး ထွက်သွားသော ကိုကို့ကျောပြင်ကိုတစ်လှည့်၊ ဖိတ်စဉ်ညစ်ပေလျက်ရှိသော ခေါက်ဆွဲတွေကိုတစ်လှည့် ကြည့်ကာ စိတ်ပျက်အားလျော့စွာ ထိုင်ချလိုက်မိသည်။

ဝမ်းနည်းစိတ်က ရင်ထဲ လှိုက်တက်၍လည်း လာသည်။

နှောင်း မျက်ရည်တွေကြားက...ကျွမ်းကျွမ်းကျင်ကျင် ချက်တတ်ပြုတ်တတ်အောင် ဘယ်လိုများ လုပ်ရပါ့မလဲလို့ ဝမ်းနည်းအားငယ်စွာ တွေးနေမိသည်။

ခဏကြာတော့...

"..................................."




www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၄)

တံခါးခေါက်သံသဲ့သဲ့...။

"..... ..... ..... ....."

နှောင်းသည် ရင်ထဲ ဆတ်ခနဲ တုန်သွားရသည်။

တံခါးခေါက်သံကလေးကို ရင်တုန်ရလောက်အောင် နှောင်းအသည်းမနုပါ။ အခု တံခါးခေါက်သံက..သာမန်ခေါက်ရိုးခေါက်စဉ် တံခါးခေါက်သံနဲ့မတူ၊ အလိုလို ချောက်ချားဖွယ်ရာ ကောင်းနေသည်။

နှောင်းသည် သတိကြီးစွာထားရင်း တံခါးကို ဖြည်းဖြည်းချင်း


www.burmeseclassic.com

www.burmeseclassic.com


ဖွင့်လိုက်သည်။

"အံ့မယ်လေး!..."

နှောင်း ရင်ဘတ်ကို ဖိပြီး တံခါးဘောင်ကို မှီလိုက်ရသည်။

စိမ်းစိမ်းကြီး စိုက်ကြည့်ကာ..တောင့်တောင့်ကြီး ရပ်နေသော အမျိုးသမီးတစ်ဦး။

"ကျွန်မရုပ်က အဲ့လောက်တောင် ကြောက်စရာကောင်းသလားဟင်!"

"ဟို...ဆောရီး၊ နှောင်း ရုတ်တရက်မို့..."

အမျိုးသမီးရဲ့ရုပ်ရည်မှာ ကြောက်စရာမကောင်းပါ။

အတော်ကြည့်ကောင်းလှပေမယ့် ထူးခြားချက်တစ်ခုမှာ-- သွေးအေးလွန်းလှသည့် အရိပ်အယောင်က ပေါ်လွင်နေတာပင်။

နှောင်း ရင်ကိုတည်ငြိမ်အောင် ထိန်းထားရင်းက...

"ဘာကိစ္စများ ရှိလို့လဲ..."

"လာလည်တာပါ"

"ဘယ်လို..."

အခုမှ တွေ့ဖူးသည့် အမျိုးသမီးတစ်ယောက်က ကိုယ့်ဆီ လာလည်တာပါဆို၍ နှောင်း အံ့သြသွားရသည်။

ဘာမှပင် တုံ့ပြန်မှုမပေးရသေး သူမက နှောင်းထက်အရင် အိမ်ထဲဝင်နှင့်လေပြီ။

ဘယ်လိုအမျိုးသမီးပါလိမ့်...။

နှောင်းသည် မဖိတ်ဘဲရောက်လာသော ထူးဆန်းဆန်း


www.burmeseclassic.com

www.burmeseclassic.com



ညှိသည်ကို စကားပြောဖို့ထက် လောလောဆယ် ကိုယ့်ဝမ်းနည်းစိတ်နှင့်ကိုယ် တိတ်ဆိတ်စွာသာ နေချင်မိသည်။

သူ့ကို ဘယ်သူလဲဘာညာ မိတ်ဆက်သည့်သဘောလည်း မမေးချင်၊ ညှိထောက် ညှိခံလည်း မလုပ်ချင်သဖြင့်..နှောင်း ပေပွနေသော ခေါက်ဆွဲဖတ်တွေကို အဝတ်တစ်ခုနှင့် လိုက်သိမ်းနေမိသည်။

"အဟင်း...ညီမလေးရဲ့အမျိုးသားက အစားအသောက်နဲ့ ပတ်သက်လာရင် လုံးဝသည်းမခံနိုင်တဲ့ပုံပဲနော်"

အမျိုးသမီးက စကားစသည်။

သူ ဘယ်လိုသိနေပါလိမ့်။

နှောင်း အံ့သြသွားသော်လည်း စကားမပြန်ဖြစ်။

"ခုနက ဒေါသတကြီး ထွက်သွားတာ တွေ့လိုက်လို့လေ"

နှောင်း ရှက်သွားရသည်။

ကိုကိုလုပ်ပုံက ပတ်ဝန်းကျင်ကတောင် သတိထားမိတဲ့အဖြစ်...။ ဘယ်လောက် ရှက်စရာကောင်းလိုက်သလဲ...။

"အဲ့ဒါနဲ့ ဆက်စပ်ပြီး တွေးကြည့်လိုက်မိတော့ ညီမလေး တစ်ယောက်ထဲ ဝမ်းနည်းနေမှာပဲဆိုတာသိလို့ စကားပြောရအောင် လာခဲ့တာ"

"မလိုပါဘူး၊ ကျွန်မ နေတတ်ပါတယ်.."လို့ နှောင်း ပြန်ပြောလိုက်ချင်သော်လည်း..အားနာစိတ်ကြောင့် တကယ်တမ်း မပြောဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးတို့နှစ်ယောက်က လိုက်ဖက်ညီသားနော်၊ ရုပ်ချင်းလည်း ဆင်တယ်"

စင်လေးပေါ်တင်ထားသည့် ကိုကိုနှင့် စုံတွဲရိုက်ထားသည့် ဓါတ်ပုံကို လှမ်းကိုင်ကြည့်ရင်း ပြောပြန်တော့ နှောင်း အားမနာတော့။

သူ့လက်ထဲမှ ဓါတ်ပုံကို ဆတ်ခနဲဆွဲယူကာ စင်ပေါ်မှောက်တင်ထားလိုက်သည်။

နှောင်း ခတ်ရိုင်းရိုင်း ဆက်ဆံလိုက်ပေမယ့်..အမျိုးသမီးက လုံးဝ မျက်နှာပျက်မသွား။ အပြုံးမပျက်ပင် နေနိုင်လေသည်။

နှောင်း ကြမ်းပြင်ကိုတိုက်ရင်းမှ ပြန်ပြီးဝမ်းနည်းလာကာ မျက်ရည်တို့ ပြန်ကျလာရပြန်သည်။

နှောင်း ထိုအမျိုးသမီးကိုလည်း ဂရုမစိုက်နိုင်အား..တစိမ့်စိမ့် ပြန်ပြီးဝမ်းနည်းလာကာ မျက်ရည်တို့ တွေတွေကျနေမိသည်။

ငိုလို့ကောင်းဆဲ နှောင်းရှေ့ကို တစ်ရှူးတစ်ရွက် ရောက်လာသည်။

"ညီမလေး အရမ်းဝမ်းနည်းနေတယ်ထင်တယ်"

နှောင်း ထိုအမျိုးသမီးကို ခတ်စူးစူး ကြည့်ပစ်လိုက်သည်။

သိပ်ချစ်ရတဲ့ချစ်သူက ကိုယ့်ကို အသုံးမကျဘူး စွပ်စွဲကာ.. ဒေါသတကြီး ဝုန်းဒိုင်းကြဲ ဆက်ဆံသွားတဲ့ဟာ ဝမ်းမနည်းဘဲ ဘယ်သူ နေနိုင်မှာလဲ။

နှောင်း သူ့ကို ရန်စွာချင်နေတာကို ရိပ်မိနေသော်လည်း... ထိုအမျိုးသမီးက ဘာမှမသိသလိုဟန်ပန်ဖြင့် ပြုံးလျက်ပင်...။



www.burmeseclassic.com

www.burmeseclassic.com



"အခု ညီမလေးရင်ထဲ ဘယ်လိုခံစားနေရသလဲဆိုတာ မမ သိပါတယ်"

အမျိုးသမီးက နှောင်းရဲ့ပါးပြင်ပေါ်က မျက်ရည်တွေကို တစ်ရှူးဖြင့် အသာအယာ သုတ်ပေးပါသည်။

ဒီအမျိုးသမီးက ကြင်နာတတ်မယ်တော့ ထင်ပါရဲ့။

"ညီမလေးတို့နှစ်ယောက်ကြားက ဖုထစ်နေတဲ့ အခက်အခဲ တို့ မမကူညီပေးပါရစေ"

နှောင်းသည် မယုံနိုင်သလို ဖျတ်ခနဲ သူမကို မော့ကြည့် လိုက်သည်။

"မမကို မယုံဘူးလား၊ အခုမှတွေ့ဖူးတဲ့ အမျိုးသမီးဟာ ဘာဆိုင်လို့ ငါ့ကိုယ်ရေးကိုယ်တာထဲ ဝင်စွက်ရသလဲလို့ တွေးနေတယ် မဟုတ်လား"

နှောင်း နည်းနည်းတော့ အံ့ဩသွားရသည်။

နှောင်းစိတ်ထဲက ခံစားချက်တွေကို သူဘယ်လိုလုပ် သိနေနိုင်သလဲ။

"မမနာမည်က သလင်းချိုပါ၊ ညီမလေးကို မမ ကိုယ်ချင်းစာတယ်"

ဆိုလာတာကြောင့် နှောင်း သူ့ကို စိတ်ဝင်တစား ပြန်ကြည့် မိသည်။

"မမအမျိုးသားကလဲ အစားအသောက်နဲ့ပတ်သက်ရင် သိပ် ဇီဇာများတယ်လေ၊ အိမ်ထောင်ဦးမှာ မမက မချက်တတ်မပြုတ်တတ်၊



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း အကောင်းကြိုက်ဆိုတော့ ဘယ်လိုမှ ညှိနိူင်းလို့မရ၊ သူက သည်းမခံနိုင်တော့ ဒေါသတွေထွက် ဝုန်းဒိုင်းကြဲ၊ မမကတော့— မျက်ရည်လည်ရွဲပေါ့"

နှောင်းသည် ကိုယ့်အဖြစ်နှင့် အတော်ကို တူလွန်းနေသည်မို့ စိတ်ဝင်တစားနှင့် နားထောင်မှန်းမသိ နားထောင်မိသွားတော့သည်။

"ဒါပေမယ့် မမက သူ့ကို သိပ်ချစ်တယ်လေ၊ အဲဒီတော့ သူ မမကို မစွန့်လွှတ်ချင်အောင် မမ အသည်းအသန် ကြိုးစားရတော့တာပေါ့၊ မမ ဘယ်လိုကြိုးစားခဲ့သလဲ မသိချင်ဘူးလား!"

သူမက အပြုံးနှင့်အတူ မေးဆတ်ပြပါသည်။

နှောင်း သိပ်သိချင်နေပြီ ဖြစ်သော်လည်း တင်းခံကာ မမေးမိအောင် ကြိုးစားသည်။

သို့သော် သူမကပဲ အပြုံးတစ်ပွင့်နှင့် ဝန်ခံပါသည်။

"ဒီမှာ မမ ထမင်းချိုင့်ပါလာတယ်၊ မမလက်ရာ မြည်းကြည့်ပါဦး"

သူမက ထမင်းချိုင့်ကို တစ်အံချင်းစီဖွင့်ပြီး စားပွဲပေါ် တင်သည်။

နှောင်း မထင်မှတ်လောက်အောင် အံ့သြသွားရတော့သည်။

ဟင်းတွေမှာ ဆိုင်မှမှာယူထားသော ဟင်းလျာများလို အမယ်စုံကာ အစပ်အဟပ်လည်း တည့်မည့်ပုံမှာ ထင်ရှားလှသည်။

"ရော့...နည်းနည်းစားကြည့်"

အမျိုးသမီးက နှောင်းကို ပုဖွန်အစိမ်းသုပ်နည်းနည်း လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

နှောင်းသည် မွှေးနေသော သံပုရာနံ့ကြောင့်လည်းကောင်း၊ နီစွေးနေသော လတ်လတ်ဆတ်ဆတ် ပုဇွန်တုပ်ကွေးကြီးများ၏ ဆွဲဆောင်မှုကြောင့်လည်းကောင်း စားလိုက်မိသည်။

ပုဇွန်သုပ်၏အရသာ နှောင်း၏လျှာပေါ် ရောက်သွားသည်နှင့် နှောင်း မနေနိုင် မထိုင်နိုင်...

"ကောင်းလိုက်တာ"

လို့ လွှတ်ခနဲပင် ပြောလိုက်မိသည်။

"ကောင်းရင် အကုန်စားကြည့်၊ ဒီမှာ..အမဲနပ်၊ ဒါက ငွေးတောက်ရွက်ဟင်းချို ကြက်ရင်အုပ်ရိုးနဲ့ ပြုတ်ထားတာ"

သလင်းချိုဆိုသော အမျိုးသမီးက တစ်အံချင်းစီကို နှောင်းရှေ့ထိုးပေးသည်။

စားမြိန်လှမည်ဖြစ်သော ဟင်းအမယ်များကို မြင်ရရုံနှင့် လျှာဖျားမှ စိမ့်တက်လာကာ ဝမ်းထဲလည်း ဟာ၍လာသည်။

"မမ အမျိုးသားဖို့ ချက်ထားတာလားဟင်!"

နှောင်း စားချင်လှသော်လည်း မသိတတ်မည်စိုး၍ အားနာစွာနှင့် မေးလိုက်ရာ...အမျိုးသမီးရဲ့မျက်နှာမှာ မဆိုသလောက် ပျက်ယွင်းသွားလေသည်။

သို့သော် အမျိုးသမီးက ချက်ချင်းပြန်ထိန်းလိုက်ကာ...

"ဟင့်အင်း..စား..စား..ရတယ်..၊ စားကောင်းရဲ့လား ညီမလေး၊ စားကောင်းတယ်ဆိုရင် မမဝမ်းသာတယ်..ဝအောင်စားနော်"



www.burmeseclassic.com

"www.burmeseclassic.com



နောင်းသည် သူမက လိုက်လိုက်လှဲလှဲ ခွင့်ပေးလျှင် တွန့်ဆုတ်မနေ မဆယ်နိုင်တော့ပဲ အားရပါးရ စားမိလေတော့သည်။

နောင်းတစ်သက်တာမှာ ဒီလောက် တစ်ခါမှ စားမမြိန်ခဲ့ဘူး။ သူမရဲ့လက်ရာမှာ ထူးထူးကဲကဲ ကောင်းမွန်လှကြောင်း နောင်း ဝန်ခံပါသည်။

နောင်း ဗိုက်ပြည့်တင်းသွားသည်အထိ စားပြီးသွားလျှင် သူမကို တစ်ခွန်းတည်း ပြောမိပါသည်။

"နောင်းကို ဟင်းချက်သင်ပေးပါ မမ"

နောင်း လိုက်လိုက်လှဲလှဲပင် တောင်းဆိုလိုက်မိသည်။

"အိုကေ...နောင်းဆီ မမ မကြာမကြာ လာလည်ပါ့မယ်"

"တကယ်နော် မမ၊ ဟင်းချက်လည်း တကယ်သင်ပေးရမှာ နော်"

နောင်း ဘာကြောင့်မှန်းမသိ၊ ထမင်းတစ်ချိုင့် စားဖူးရုံနှင့်ပင် သလင်းချိုကို ရင်းရင်းနှီးနှီး ခင်မင်မိချေပြီ။

"တကယ်ပေါ့၊ ကဲ...ခုတော့ မမ ပြန်လိုက်ဦးမယ်နော်၊ အလုပ်လေးတွေ ရှိသေးလို့"

မမက နောင်းရဲ့ပါးတစ်ဖက်ကို မနာအောင် ဖွဖွလေး ဆွဲလိမ်ရင်း နှုတ်ဆက်သည်။

မဖိတ်ဘဲရောက်လာသော ထူးဆန်းလှသည့် ဧည့်သည်မမကို နောင်းက အပြန်မှာတော့ တံခါးဝထိ လိုလိုလားလား လိုက်ပို့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထပ်မငိုနဲ့တော့နော် နှောင်းကလေး"

မမက ပြန်ခါနီး စသွားသေးသည်။

နှောင်းသည် ထူးဆန်းလှသော မမရဲ့ကျောပြင်ကို မျက်စိတစ်ဆုံး လိုက်ကြည့်မိသည်။

ထို့နောက်...

နှောင်း တစ်စုံတစ်ရာကို သတိပြုလိုက်မိလျှင် ကျောရိုးတစ်လျှောက် ချမ်းစိမ့်သွားခဲ့သည်။

သူမ လုံးဝအရိပ်မထွက်ဘူး...။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com


**အ**ရိပ်...။

သလင်းချိုဆိုသောအမျိုးသမီး အရိပ်မထွက်သောကိစ္စသည် နှောင်းအဖို့ တော်တော်နှင့် မမေ့နိုင်စရာ ဖြစ်ခဲ့သည်။

နှောင်း သတိရမိတိုင်း ကြက်သီးများ စိမ့်စိမ့်ထလာရစမြဲ။

နှောင်းက သူကျွေးသောထမင်းကိုလည်း အားပါးတရ စားမိပြီးခဲ့ပြီလေ။

သူ ဘာရည်ရွယ်ချက်နဲ့ နှောင်းဆီရောက်လာခဲ့တာလဲ။

နောက်ထပ်ရော ဘယ်တော့ ထပ်ရောက်လာဦးမှာလဲ။

နှောင်း သူမ ထပ်ရောက်လာမှာကို တထိတ်ထိတ်နှင့်စောင့်နေဆဲ..လုံးဝထင်မှတ်မထားတဲ့အချိန်မှာ သူရောက်လာခဲ့ပါသည်။

နှောင်း အပြင်ထွက်ရန် တံခါးဖွင့်လိုက်ချင်း သူမကို တွေ့လိုက်ရလျှင် လန့်ဖျပ်သွားခဲ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com



နှောင်း ပထမဆုံး ရှာဖွေမိသည်မှာ သူ့ရဲ့အရိပ်ပင်...။

"အဟင်း..."

သူ့မထံမှ ထွက်ပေါ်လာသော ရယ်မောသံမှာ တစ်စုံတစ်ခုကို ကြိုသိနားလည်နေသလို...။

နှောင်း သူ့မဆီမှ အရိပ်ကို တွေ့လိုက်ရမှ ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။

"ဈေးဝယ်ထွက်မလို့ ထင်တယ်"

နှောင်း အံ့ဩသွားရပြန်သည်။

နှောင်းလက်ထဲမှာ ခေါက်ပိုက်ဆံအိတ် အပါးလေးမှလွဲ၍ ဘာမှမကိုင်ထားဘဲနဲ့..နှောင်း ဈေးဝယ်ထွက်မှာ သူ ဘယ်လိုများ သိနေပါလိမ့်။

"ကေနွှ မီးဖိုဆောင်မှာ လိုအပ်တဲ့ပစ္စည်းပစ္စယတွေ ဝယ်ဖို့ မဟုတ်လား!"

"ဟယ်..."

ဒီတစ်ခါတော့...နှောင်း ပါးစပ်မှ အာမေဋိတ်သံပင် ထွက်သွားမိတဲ့အထိ အံ့ဩသွားရသည်။

သူ ဘာလို့ နှောင်းရဲ့စိတ်ကူးတွေကို ကြိုတင်သိနေရတာလဲ။

"လာ...သွားရအောင်၊ မမ လိုက်ဝယ်ပေးမယ်၊ နှောင်းက သိပ်နားလည်မှာ မဟုတ်ဘူး"

နှောင်းသည် ကိုယ့်ကို ချာတိတ်ကလေးလို ပြောလိုက်တာကို အောင့်သွားရမည်ဖြစ်သော်လည်း ချိုမြလှသောအပြုံးကြောင့် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com


အပေါ် စာနာသနားသယောင်ပင် ထင်လိုက်မိကာ...

"မမ လိုက်ခဲ့မယ်ဆို ပိုကောင်းတာပေါ့၊ နှောင်းက ရမ်းပြီး ဝယ်ရမှာ"

နှောင်းသည် ဘာဖြစ်လို့မှန်းမသိ မမသလင်းချိုကို အားကိုးနေမိသည်။ နှောင်း ကိုယ့်အခန်းမှာ တစ်ယောက်တည်းနေတာမို့ ဘာပစ္စည်းမှ စုံစုံလင်လင်မရှိ။ ပေါင်းအိုးလေးတစ်အိုးနှင့် ဒယ်အိုးလေးတစ်အိုးသာ ရှိသည်။ ခုဝယ်ရမည့်ပစ္စည်းတွေမှာ မနည်းလှ။

နှောင်း ကိုယ့်မှာ ဘာမှမပြည့်စုံသည်မို့ မြင်မြင်သမျှ အကုန်လိုချင်နေသည်။ ပန်းကန်ခွက်ယောက်ဆိုလျှင်လည်း နှောင်းက လှတာမြင်လျှင် လိုချင်သည်ချည်း။

နှောင်း ကိုင်လိုက်မိလျှင် မမက ပြုံးပြီး နှောင်းလက်ထဲမှနေ ယူကာ ပြန်ချသည်။

"ဒီပန်းကန်ပြားတွေက လှသာလှတာ မခံဘူး၊ အပူရှိန်လည်း မခံဘူး..မဝယ်နဲ့"

မမက ကြွေပန်းကန်လုံး စောက်စောက်တွေကို လက်တွန်းလှည်းထဲထည့်သည်။

"ဟင်းချိုအတွက်ဆို ကြွေပန်းကန်လုံးက အကောင်းဆုံးပဲ၊ အပူချိန်လည်း ခံနိုင်တယ်၊ အအေးလည်း မြန်တယ်"

"ဩော်...ဒီလိုကိုး"

နှောင်းသည် မမပြောသမျှတွေကို လိုက်မှတ်နေမိသည်။ မမက တစ်ရက်ထဲနှင့် နှောင်းကိုသင်ပေးသည်မှာ မနည်းလှ။


www.burmeseclassic.com

www.burmeseclassic.com


"မမ...နှောင်းကို ဟင်းချက်နည်းတွေလည်း သင်ပေးဦး နော်"

"သင်ပေးမှာပေါ့...နှောင်းက စိတ်ဝင်စားမှု ရှိတာပဲ၊ အတတ် မြန်မှာပါ"

နှောင်းသည် အပြုံးလေးချိုချို၊ ရုပ်လည်းလှ၊ မိန်းမလည်း ပီသသော မမကို အားကျစိတ်နှင့် ငေးကြည့်နေမိသည်။

"ဟိတ်...ဘာကြည့်နေတာလဲ ကောင်မလေး!"

"မမကို အားကျနေတာ"

နှောင်းက စိတ်ထဲရှိတဲ့အတိုင်း ဝန်ခံလိုက်ပါသည်။

"မမကို မမအမျိုးသားက သိပ်ချစ်မှာပဲနော်"

မမမျက်နှာ မသိမသာ ပျက်ယွင်းသွားသည်။

သူ့အမျိုးသားအကြောင်းပြောတိုင်း မမ မျက်နှာပျက်သွား တတ်တာ နှောင်း သတိထားမိသည်။

နှောင်းလည်း..မိန်းကလေးပီပီ စပ်စုချင်စိတ်ကလေးက ခေါင်းထောင်ထလာသည်။ သို့သော် သူနဲ့ကိုယ် ဘယ်လောက်မှ မရင်း နှီးလေသည်မို့ မြောင်ကြီးမေးကြည့်လို့က မကောင်းဘူးမလား..။

ပါးနပ်စွာ စပ်စုကြည့်ဖို့ ကြံသည်။

"မမကို ရတဲ့လူကတော့ အတော်ကို ကံကောင်းတာနော်၊ မမ က ရုပ်ကလည်းလှတယ်၊ စိတ်ထားလည်းကောင်းတယ်၊ မိန်းမလည်း ပီသတယ်...ဘာလိုသေးလဲ၊ ဒါနဲ့ မမရဲ့အမျိုးသားကရော ချောလား ဟင်၊ ချောမှ မမနဲ့ လိုက်ဖက်ညီမှာနော"


www.burmeseclassic.com

www.burmeseclassic.com



မမက နှောင်းကို ပြုံးပြသည်။

နှောင်းအကြံကို ရိပ်စားမိထားသည်ဆိုသော အပြုံးမျိုး...။

"နှောင်းက မမရဲ့အိမ်ထောင်ရေးအကြောင်း သိချင်တယ် ထင်ပါရဲ့နော်"

နှောင်း "ရှင်"ခနဲ လျှာကလေးတစ်လစ် ဖြစ်သွားရသည်။

"မမဘဝမှာ သူ မရှိတော့ဘူး နှောင်းရဲ့.."

"ရှင်..."

နှောင်း ဒုတိယမ္ပိ ရှင်ရပြန်ပါပြီ။

"မ...မမက ဒီလောက်လှတာတောင် သူက"

မမက အပြုံးနှင့် ခေါင်းခါပြသည်။

"နှောင်း...ယောကျ်ားတစ်ယောက်က စွန့်ခွာခဲ့ဖို့ဆိုတာ အဲ့ဒီ မိန်းမရဲ့ ရုပ်ချောခြင်း၊ မိန်းမပီသခြင်း၊ မိန်းမ,မပီသခြင်း အစရှိတဲ့ ဘာအရည်အချင်းနဲ့မှ မဆိုင်ဘူး၊ အဲ့ဒီယောကျ်ားရဲ့ သစ္စာတရားနဲ့ပဲ ဆိုင်တယ်"

"ဟင်...ယောကျ်ားတွေက အဲ့လိုလားဟင်၊ ကြောက်စရာကြီး နော် မမ"

နှောင်း မဝံ့မရဲလေး ဝေဖန်မိတယ်။

ကိုကိုကရော...။

ကိုကိုသာ နှောင်းအပေါ် အဲ့လို သစ္စာဖောက်ပြန်ခဲ့ရင်...။

နှောင်း ဆုံးအောင်မတွေးရဲ...။

"ယောကျ်ားတွေ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်တာကို



www.burmeseclassic.com

www.burmeseclassic.com


ချည်း တစ်ဖက်သတ် အပြစ်ပြောလို့ မရဘူးလေ၊ အဲ့ဒီဖောက်ပြန်မှုကို လက်ခံအားပေးမယ့် မိန်းမတွေကလည်း ရှိတာကိုး"

""အဲ..အဲ့ဒါလည်း ဟုတ်သားပဲနော်၊ အဲ့ဒီမိန်းမတွေကသာ အားပေးအားမြှောက်မလုပ်ရင်..ယောက်ျားတွေ ဘယ်လိုဖောက်ပြန်လို့ ရမှာလဲ"

"ကဲ...တော်ပါပြီ နှောင်းရယ်၊ မမ ဒီအကြောင်းတွေ မဆွေးနွေးချင်ဘူး၊ နှောင်းကိုတော့..ကံကောင်းပါစေလို့ မမ ဆုတောင်းပေးပါတယ်"

မမက နှောင်းရဲ့မျက်လုံးတွေထဲကို နက်နက်ရှိုင်းရှိုင်း ထဲထဲဝင်ဝင်ကြီး ကြည့်ပြီး ဆုတောင်းပေးသည်။

မမ နှောင်းကို ဘာလို့ဆုတောင်းပေးရတာလဲ...။

နှောင်းသည် ထိုဆုတောင်းစကားအဆုံးမှာ တစ်ကိုယ်လုံး အေးခဲကျဥ်တက်သွားခဲ့ရသည်။

"ကဲ...နှောင်း ပစ္စည်းတွေစုံပါပြီ၊ မမ သွားစရာလေး ရှိသေးလို့...ဘိုင့်.."

နှုတ်ဆက်စကားနှင့်အတူ ရုတ်တရက်ကြီး ကျောခိုင်းလှည့်ထွက်သွားသော မမရဲ့ကျောပြင်ကိုကြည့်ပြီး နှောင်း ကြောင်သက်သွားရသည်။

နှောင်း ခုမှ သတိရသည်။

ခုနက မမနဲ့ စကားပြောနေစဉ်တလျှောက်လုံး လုံးဝမျက်တောင်မခတ်။


www.burmeseclassic.com

www.burmeseclassic.com



သူများတွေလို ဆယ်မိနစ် ဆယ့်ငါးမိနစ် အောင့်ပြီး မခတ်ဘဲ နေတာမျိုး မဟုတ်။

နှစ်နာရီလောက်ကို လုံးဝမခတ်ဘဲ နေနိုင်တာမျိုး...။

ဘုရား...ဘုရား...။

မမဟာ သာမန်ရိုးရိုးသားသား လူတစ်ယောက်မှ ဟုတ်ရဲ့လား..။

နှောင်း ရင်ဘတ်ကို အသာဖိကာ တစ်ယောက်ထဲ ချောက်ချောက်ခြားခြားဖြစ်ပြီး တစ်ကိုယ်လုံး တုန်ရင်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၅)

"တီ...တီ...တီ..."

နောက်မှ ကပ်တီးနေသော ဟွန်းသံကို စကြားကတည်းက လှည့်မကြည့်ဘဲနှင့် ကိုကိုမှန်း နှောင်း သိပြီးသား...။

ကိုကို နှောင်းဆီ မလာတာကြာပြီ။

နှောင်းလည်း မတွေ့ရတာကြာပြီမို့ ကိုကို့ကို သိပ်လွမ်းနေပြီ ဖြစ်ပေမယ့် နည်းနည်းတော့ အိုက်တင်ခံချင်သေးသည်။

"နှောင်းလေး...ကိုကို အလုပ်တွေ အရမ်းရှုပ်နေလို့ လာမ


www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖြစ်တာပါကွာ၊ မကောက်နဲ့တော့နော်..."

ကိုကို့အသံက တိုးဖျော့သလောက် နူးညံ့၍လည်းနေသည်။

နှောင်း အရမ်းကို လှည့်ကြည့်ချင်နေပြီ ဖြစ်ပေမယ့် တောင့်ခံထားရဦးမည်။ ကိုကို့ကို မှတ်လောက်သားလောက် ဖြစ်အောင်တော့ ညှဉ်းဆဲရဦးမည်လေ။

"ကလေး...ဟိုနေ့ကကိစ္စ စိတ်ဆိုးနေသေးလား..၊ ဆောရီးကွာနော်...အစားအသောက်နဲ့ ပတ်သက်လာရင် ကိုယ် လုံးဝသည်းမခံနိုင်လို့ပါ"

နှောင်း လုံးဝမကြားသယောင် မျက်နှာပေးဖြင့် ဘောက်ဆတ်ဆတ် လျှောက်ဆဲ...။

"အိုကေ...ကလေး ကိုယ့်ကို တကယ်စိတ်ဆိုးနေတယ်ပေါ့ဟုတ်လား!၊ ကောင်းပြီ..."

"ဝူး..ဝူး..."

ချက်ချင်းပြောင်းသွားသော ကားစက်သံကြောင့် နှောင်းရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

ကိုကိုက စိတ်မကျေနပ်လျှင် ကားကို ခတ်ကြမ်းကြမ်းမောင်းပြီး စိတ်ထွက်ပေါက်ပေးတတ်သူ။

"ကိုကို..."

လီဗာကြမ်းကြမ်းနင်းပြီး မောင်းထွက်သွားသော ကိုကို့ကား နောက်မှ ပြေးလိုက်ပြီးခေါ်သော်လည်း..ကိုကိုကြားနိုင်မှာ မဟုတ်တော့...။



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ...။

ကိုကိုက..နှောင်း တကယ်စိတ်ဆိုးနေတယ် ထင်သွားပြီ။

နှောင်း ပိုက်ဆံအိတ်ကို လက်ဖျားလေးနှင့် လျှော့တိလျှော့ရဲ ကိုင်ထားလျက်က ခေါင်းငိုက်စိုက်ချပြီး စိတ်ပျက်အားလျှော့စွာ ရပ်နေမိသည်။

"ဟိတ်...ဘယ်သူ့ကို စောင့်နေတာလဲ ကောင်မလေး!"

"ပလုတ်တုတ်"

နှောင်း ရုတ်တရက် လန့်ပြီး ထခုန်လိုက်မိပြီးမှ ဝမ်းသာအယ်လဲ ဖြစ်သွားရသည်။

"ကိုကို.."

ဘယ်လောက်ဆိုးတဲ့ကိုကိုလဲ..။

သူ တကယ်ထွက်သွားပြီထင်လို့ နှောင်း ကြေကွဲပြီး ကျန်ခဲ့ချိန်မှ နောက်ကနေ တိတ်တိတ်ကလေး ပြန်လှည့်ဝင်လာရတယ်လို့။

နှောင်း ပျော်သွားရသော်လည်း ဘာကြောင့်မှန်းမသိ၊ ကိုကို့မျက်နှာကို မော့ကြည့်ပြီး မျက်ရည်တို့ ရစ်ဝဲလာမိသည်။

"ဟိတ်...ကောင်မလေး ကားပေါ်တက်၊ ကားထဲရောက်မှ ငိုနော်"

ကိုကိုက ဆံပင်တို့ကို ဖွဖွပွတ်သပ်ပြီး ချော့ပေမယ့်..မရတော့..။

မျက်ရည်လွယ်သော နှောင်းရဲ့မျက်ရည်တို့..ပါးပြင်ပေါ် အလုအယက် စီးဆင်းလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက နှောင်းရဲ့ပခုံးကို တင်းတင်းဖျစ်ပြီး ကားထဲတွန်းတင်မတတ်ပင် ဝင်စေတော့သည်။

"စိတ်မကောက်တတ်ဘဲနဲ့ ဘာလို့ ဟန်လုပ်သေးလဲ၊ ကိုယ်အရမ်းကို အလုပ်များနေလို့ ကလေးကို လာမတွေ့ဖြစ်တာ၊ အရမ်းသတိရတယ်...သိရဲ့လား"

ကိုကိုပြောတာကို နှောင်း ယုံချင်ပါသည်။

ကိုကိုမျက်နှာ အရမ်းချောင်ကျသွားတာ နှောင်းသတိထားမိသည်။

ကိုကို တကယ်ကို အလုပ်များနေခဲ့လို့ နှောင်းကို လာမတွေ့နိုင်တာလို့ နှောင်းယုံချင်ပါသည်။

"ကိုယ့်ကို စိတ်မကောက်ဘူး မဟုတ်လား!"

"အင်း...ဒါပေမယ့်"

နှောင်း သံရှည်ဆွဲလိုက်တော့ ကိုကိုက မျက်လုံးမှေးစင်းပြီး ဘာများပါလိမ့်ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်တယ်။

"ကိုကို...နှောင်း တစ်ခုတောင်းဆိုစရာ ရှိတယ်"

"ဘာများလဲ ပြောလေ"

နှောင်း ကိုကို့ကို မျက်ဝန်းထောင့်ကပ်ကြည့်လိုက်ပြီး...

"ညနေစာ နှောင်း ချက်ကျွေးတာကို စားရမယ်၊ ဆိုင်မှာမစားရဘူး"

ကိုကို ခဏလေး ငြိမ်သက်သွားတယ်။

တအောင့်ကြာတော့မှ...မျက်ရည်မခြောက်သေးတဲ့ နှောင်း



www.burmeseclassic.com

www.burmeseclassic.com


ရဲ့မျက်ဝန်းတွေကို ဖျတ်ခနဲ ကြည့်လိုက်ပြီး...

"အိုကေ...စားမယ်၊ နှောင်းလေး ချက်ကျွေးတာပဲ ကိုကို စားတော့မယ်..၊ ဘယ်ဆိုင်မှာမှ သွားမစားတော့ဘူး..၊ ဒီတစ်ခါ...ချဉ်ချဉ်တူးတူး မူးပြီးရောလို့ သဘောထားပြီး နှောင်း ဘယ်လိုချက်ချက် ကိုကို စားမယ်..ဟုတ်ပြီလား။ ဟိုတစ်ခါလို ကိုယ် ဒေါသမကြီးတော့ဘူး"

အထင်သေးလိုက်တဲ့ ကိုကို။

ချဉ်ချဉ်တူးတူး မူးပြီးရောလို့ သဘောထားပြီး နှောင်း ဘယ်လိုချက်ချက် စားမယ်တဲ့လေ..။

စောင့်ကြည့်လိုက်ဦးပေါ့ ကိုကိုရာ...

လို့ နှောင်း တိတ်တဆိတ် ကြိမ်းဝါးလိုက်တယ်။

နှောင်းမှာ အားကိုးရာ ရှိပါတယ်။

၅ ၅ ၅ ၅


www.burmeseclassic.com

www.burmeseclassic.com



# **အိမ်**ရောက်တာနဲ့…

"ကိုကို တီဗီကြည့်နှင့်နော်၊ နှောင်း ဈေးသွားဝယ်ဦးမယ်"

လို့ ကိုကို့ကို ပထုတ်ပြီး နှောင်းရဲ့အကြံအစည်ကို လျှို့ဝှက်စွာ အကောင်အထည်ဖော်ဖို့ စတင်ပါတော့တယ်။

နှောင်း ကြိမ်ဆွဲခြင်း အပိုင်းလှလှလေးကို တံတောင်မှာချိတ်ပြီး တက်ကြွပေါ့ပါးစွာ ဈေးဆီပြေးခဲ့တယ်။

ဈေးရောက်တော့မှ ဘာဝယ်လို့ဝယ်ရမှန်းမသိ ဖြစ်နေဆဲ ဖုန်းမြည်လို့ ဖွင့်လိုက်တော့…

"ဟဲလို"

"အခု ဈေးရောက်နေတာ ထင်တယ်နော် နှောင်း"

"ဟယ်…မမ"

အမှန်အတိုင်း ဝန်ခံရလျှင် နှောင်း ပျော်လည်းပျော် အံ့လည်း



www.burmeseclassic.com

www.burmeseclassic.com



သြသွားရသည်။

"မမ ဘယ်လိုလုပ်သိ!"

"ဈေးရောင်းဈေးဝယ်နေတဲ့အသံတွေ ကြားနေရတယ်လေ နှောင်းရဲ့"

"မမက တော်လိုက်တာ၊ အဟဲ...မမ ဒါနဲ့ နှောင်း ဘာဟင်းတွေချက်ရင် ကောင်းမလဲဟင်...စီစဉ်ပေးပါဦး"

"အဟင်း...စီစဉ်ပေးမှာပေါ့၊ ဒါတွေကြုံသိလို့ မမက ဖုန်းဆက်တာ"

နှောင်းသည် နဂိုကတည်းက မမကို အားကိုးသည်မို့ အခုလို မမက ဟင်းအမည် စီစဉ်ပေးမည်ဆိုတော့ ပိုပျော်သွားရသည်။

"အင်း...အခုချိန်က မိုးဦးကျဆိုတော့ မိုးရာသီစာလေး ချက်ရအောင်"

"ဟုတ်...မမ"

"နှောင်းက ခုမှ စချက်မှာဆိုတော့ အမည်အများကြီး မချက်သေးနဲ့ဦး၊ တော်ကြာ ချက်ရတာလည်း လက်မလည်၊ စားမယ့်သူကလည်း မိုက်ဆာလို့ ဒေါသတွေ ထွက်နေဦးမယ်"

"ဟုတ်..မမ"

နှောင်းသည် မမပြောသမျှ ဟုတ်မမသာ လိုက်နေမိသည်မို့ မမက တစ်ဘက်မှ ဟင်းခနဲ ရယ်သည်။

"ကဲ...ဒါဆို မမ ဟင်းအမည် စပ်ပေးမယ်နော်၊ သေချာလိုက်မှတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် မမ"

နှောင်းသည် နားကို အသေအချာ စွင့်ထားမိသည်။

"ဖားသားကို မန်ကျည်းရွက် အုပ်ပြီး စပ်စပ်ကလေးချက်"

"ဟုတ် မမ"

"ပြီးရင် မှိုနဲ့ ကန်စွန်းရွက်ကြော်"

"ဟုတ် မမ"

"ပြီးရင် ကြက်ခြေထောက်နဲ့ ဂွေးတောက်ရွက် ဟင်းချိုပေါ့။ အဲ့ဒါ အညှောင်းအညာပြေတယ်"

"ဟုတ် မမ"

"ကဲ...သုံးမျိုးဆို တော်လောက်ရောပေါ့နော်၊ နှောင်းကလေး ပင်ပန်းနေပါ့မယ်၊ ငါးငပိလေးဖျော်ပြီး တို့စရာ စုံစုံလင်လင်လေး လုပ်ပေးလိုက်ပေါ့...အိုကေနော်"

"ဟုတ် မမ"

မမသည် စကားဆုံးတာနှင့် နှုတ်တောင်မဆက်တော့ဘဲ... ဖုန်းကို ချက်ချင်းပိတ်လိုက်တော့သည်။

"အ.."

နှောင်းသည် ဖုန်းကို လွှတ်ချလိုက်မိတော့မလို ဖြစ်သွားရသည်။

မမ ဖုန်းပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဖုန်းကိုင်ထားသော နှောင်း၏လက်ချောင်းများမှာ ဓါတ်လိုက်ခံလိုက်ရသလို ကျဉ်တက်သွားသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း လန့်ဖျပ်သွားရသော်လည်း ဈေးဝယ်ဖို့ကို ပိုပြီး စိတ်စောနေသည်မို့ ချက်ချင်းမေ့ပစ်လိုက်သည်။

မမစီစဉ်ပေးသောဟင်းအတိုင်း ချက်နိုင်ရန်သာ အာရုံစူး စိုက်ထားမိသည်။

"ဖားနဲ့ မန်ကျည်းရွက်၊ ပြီးတော့ ကြက်ခြေထောက်နဲ့ ငွေး တောက်ရွက်တဲ့၊ အဲ...ဟုတ်ပြီ၊ နောက်တစ်မျိုးက ဘာပါလိမ့်...ဘာပါ လိမ့်၊ အဲ...မှိုနဲ့ကန်စွန်းရွက် ဟုတ်ပြီ၊ အသားက ဖား၊ ပြီးတော့.. ကြက်ခြေထောက်၊ အရွက်က မန်ကျည်းရွက်ရယ်၊ ငွေးတောက်ရွက် ရယ်၊ ပြီးတော့..ကန်စွန်းရွက်ရယ်၊ နောက်တစ်မျိုး ကျန်သေးတယ်၊ ဘာ...ဘာပါလိမ့်၊ အဲ...အဲ...ဪ ပါးစပ်ဖျားတင်၊ အဲ..ဟုတ်ပြီ၊ မှို..."

မေ့မှာစိုး၍ ပါးစပ်မှ တတွတ်တွတ်ရွတ်ရင်း မျက်စိရှေ့ အ လျဉ်းသင့်သလို တစ်မျိုးပြီးတစ်မျိုး ဝယ်သည်။

အမယ်အားလုံးစုံလျှင် ဈေးခြင်းတောင်းကို လွဲကာယမ်းကာ ဖြင့် တက်ကြွစွာ ပြေးပြီးပြန်လာခဲ့သည်။

"ဟော...ဈေးက ပြန်လာပြီလား နှောင်း"

ကိုကိုက ဈေးခြင်းကို လာကြိုပြီး ဆွဲလျှင် နှောင်း မပေး။

"ဘာတွေ ဝယ်လာခဲ့သလဲ၊ ဘာဟင်းတွေ ချက်ကျွေးမှာလဲ ပြောပါဦး"

"သတ်ချင် သတ်ပစ်လိုက်၊ လုံးဝမပြောဘူး"

နှောင်းသည် တကယ်ပင် ဈေးခြင်းကို ကိုကိုလှမ်းကြည့်လို့ မရအောင် လှည့်ပတ်ပြီး ကွယ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ကိုကိုက မီးဖိုခန်းထဲထိ တွယ်ကပ်ပြီး လိုက်လာသေးသည်။

"ကိုယ် ဘာကူပေးရဦးမလဲ ပြောလေ နှောင်းကလေး၊ ငရုတ်သီး ကြိတ်ပေးရမလား၊ ဟင်းရွက်တွေ သင်ပေးရမလား"

"ရတယ်..ရတယ်..ဘာမှမလိုဘူး၊ အားလုံး ချက်ပြုတ်ပြီးမှ ထမင်းပွဲပြင်ပြီး ခေါ်လိုက်မယ်၊ အေးအေးဆေးဆေး တီဗီသာ ကြည့်နေ"

နှောင်းသည် ကိုကို့ကို အတင်းတွန်းလွှတ်လိုက်ပြီး မီးဖိုခန်းကို တံခါးပါပိတ်လိုက်သည်။

ကိုကို အခန်းပြင်ရောက်သွားတော့မှ နှောင်းသည် ဈေးခြင်းတောင်းထဲမှ ပစ္စည်းများကို ထုတ်ယူရန် ပြင်လိုက်သည်။

ပထမဦးဆုံး ဖားကြီးထည့်ထားသော ကျွတ်ကျွတ်အိတ်ကို မဝံ့မရဲဖြင့် ဘေစင်ထဲ ထည့်လိုက်သည်။

"အံမယ်လေး"

အသေအချာ ကွင်းလျှောချည်ထားသော ကျွတ်ကျွတ်အိတ်ထဲမှ ဖားကြီးမှာ လျှောကျလာသောကြောင့် နှောင်း အလန့်တကြားဖြင့် နောက်ကိုခုန်ဆုတ်လိုက်သည်။

လက်တစ်ထွာနီးပါးခန့် ရှည်သော စားဖားကြီးမှာ ဘေစင်ထဲမှနေ စိမ်းလက်ဝင်းဖန့်နေသော မျက်လုံးကြီးများပြူးကာ နှောင်းကို စိုက်ကြည့်နေသည်။

ဒီမျက်လုံး...၊ ဒီအကြည့်...၊



www.burmeseclassic.com

www.burmeseclassic.com



နှောင်း ကြုံဖူးတယ်၊ ဘယ်မှာပါလိမ့်။

ဘုရားပေါ်မှာ။ ဟုတ်တယ်။

နှောင်း ဈေးထဲက ဝယ်ခဲ့တုန်းက ဒီဖားဟာ အသေပါ။

အခုမှ ဘယ်လိုဖြစ်လို့ ပြန်ရှင်လာရတာလဲ။

နှောင်းရင်ထဲ တဆတ်ဆတ် တုန်နေတယ်။

ဒါဟာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး။

ဒီဖားဟာ မကောင်းဆိုးဝါးပဲ။

နှောင်း ကြောက်စိတ်များ ပြည့်နှက်နေသည့်ကြားကပင် ဖားကြီးကို မရဲတရဲ ထပ်ကြည့်မိပြန်သည်။

"ဟင်..."

နှောင်းရဲ့မျက်လုံးများ မှားသွားပြီလား။

ဖားကြီးဟာ ဈေးထဲမှ ဝယ်ခဲ့သည့်အတိုင်း ပကတိ သေနေလျက်ပင်..။ သို့သော်...သေချာအောင် အချိန်အတော်ကြာသည်အထိ စောင့်ကြည့်လိုက်သည်။

ဖားကြီး လုံးဝမလှုပ်ရှားတော့တာ သေချာမှ လက်အိတ်စွပ်ကာ ဖားကြီးကို ဖျက်ရန်ပြင်ဆင်သည်။

ဖားကြီးကို ကိုင်ရန် လက်ပြင်လိုက်စဉ်...

"ခေတ်နှောင်း"

"အံမယ်လေး"

ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် နှောင်းသည် ခေါင်းနပန်းကြီးသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com


ဘုရား...ဘုရား။

နှောင်း တစ်ယောက်ထဲသာရှိသော မီးဖိုဆောင်ခန်းထဲမှာ ဘယ်သူက ခေါ်လိုက်တာလဲ။

နှောင်းသည် ဟိုသည် ရှာဖွေကြည့်လိုက်တော့ ဖုန်းလင်းနေတာ မြင်ရတော့မှ စိတ်သက်သာရာ ရသွားတော့ကာ ဖုန်းကို အမြန်ကောက်ကိုင်လိုက်ရသည်။

"ဟဲလို"

"နှောင်း ဖားမကိုင်ရသေးဘူး မဟုတ်လား"

"အယ်...ဟုတ်ပ့ါ မမရေ၊ မမ ဘယ်လိုလုပ် သိသလဲဟင်"

မမက နှောင်း တအံ့တသြမေးတော့ ရယ်နေပါသည်။

"ကိုင်ရော ကိုင်တတ်ရဲ့လား"

"တစ်ခါမှတော့ မကိုင်ဖူးဘူး၊ ဒီလိုပဲ ရမ်းပြီး ကိုင်ကြည့်ရမှာပဲ၊ ဖားကြီး ကြည့်တာနဲ့တင် အသည်းက ယားနေပြီ"

"အဟင်းဟင်း...မကိုင်တတ်ရင် ပုံပျက်သွားလိမ့်မယ်၊ မမ ပြောပြပ့ါမယ်"

မမက ဖားကိုင်သည့်နည်းကို စနစ်တကျ လှမ်းသင်ပေးသည်။

နှောင်း သေချာလိုက်မှတ်ထားပြီးမှ...

"ကျေးဇူးအများကြီး တင်တယ်နော် မမ"

နှောင်း မမကို တကယ်ပဲ ကျေးဇူးတင်ရပါသည်။

မမက ရယ်ရင်း ဖုန်းချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com


နှောင်းလည်း ဖုန်းကို အသာချလိုက်သည်။

နှောင်း ဖုန်းကို တဒင်္ဂ ကြောင်ကြည့်လိုက်ပြီးမှ နှောင်းရဲ့ဖုန်း Ring tone သံဟာ "ခေတ်နှောင်း" ဆိုတဲ့ခေါ်သံ မဟုတ်ဘူးဆိုတာ သတိရလိုက်သည်။

ဘုရားရေ...ဆန်းကြယ်မှုတွေက ဆက်တိုက်ပါပဲလား။

ဒါဟာ ဘာကြောင့်လဲ။

နှောင်းစဉ်းစားမရအောင် ဖြစ်လာရသည်မို့ ဆက်မစဉ်းစားတော့ပဲ ခတ်သွက်သွက် ချက်ပြုတ်စရာရှိသည်များကို ချက်ပြုတ်သည်။

နှောင်း ဆက်တိုက်ဆိုသလိုပင် အလုပ်ရှုပ်နေတော့သည်။

ဟင်းအိုးကြီးက ဝေကျလိုကျ၊ ကန်စွန်းရွက်ကလည်း ခွေလို့တော်တော်နှင့် မပြီး။

နှောင်းကို မျက်လုံးစိမ်းကြီးတွေနှင့် ပြူးကြည့်ခဲ့သော ဖားကြီးနှင့် မန်ကျည်းရွက် ဟင်းအိုးမှာလည်း ကံကောင်းထောက်မ၍ မတူးခြင်းပင်။ ဒါတောင် အိုးက ကပ်သွားချင်သေးသည်။

နှောင်း ချွေးဒီးဒီးနှင့် ချက်ပြုတ်နေဆဲ ကိုကိုက အလစ်ချောင်းပြီး မီးဖိုဆောင်ခန်းထဲ ဝင်လာပြန်သည်။

"ဟား...အနံ့တွေနဲ့တင် အစာအိမ်ကို နိုပ်စက်နေပြီဟေ့"

"အာ...ကိုကို ဝင်လာပြန်ပြီလား၊ မရဘူးကွာ...ပြန်ထွက် ပြန်ထွက်၊ မပြီးခင် ဗမာမမြင်စေနဲ့တဲ့၊ ထမင်းပွဲ ပြင်ပြီးမှ လာကွာ"

နှောင်း ဒီတစ်ခါတော့ မှိုနဲ့ကန်စွန်းရွက်ကြော်ကို ပြင်ဆင်နေ


www.burmeseclassic.com

www.burmeseclassic.com


တာမို့ လက်လွှတ်လို့မရကာ ကိုကို့ကို အပြင်တွန်းထုတ်၍ မရတော့။

"ခဏလေးပါကွာ...နှောင်းလေးကလဲ"

ကိုကိုက နှောင်းရဲ့နောက်ဘက်မှာ ရပ်ပြီး လည်တိုင်ကို ဖွဖွကလေး ထိကိုင်သည်။

"နှောင်းကို ကိုယ် လက်ဆောင်ပေးချင်လို့"

မြမြကလေး အေးစိမ့်သွားသော လည်တိုင်ဆီမှ အထိအတွေ့ကြောင့် နှောင်း ငုံ့ကြည့်လိုက်သည်။

"ဟယ်...လှလိုက်တာ"

အနုပညာဆန်ကာ ဒီဇိုင်းသစ်ဆန်းပြီး လှပလွန်းသော ဆွဲကြိုးကလေးကို နှောင်းသည် ဖွဖွကိုင်ကာ ဖွင့်ဟလို့ မချီးကျူးဘဲ မနေနိုင်တော့။

"သင့်ခဲယူ ကိုကို"

"နှောင်းလေးကြိုက်ရင် ပြီးတာပဲ"

"အရမ်းကြိုက်တယ်...ကျေးဇူးလည်း တင်တယ်၊ ဒါပေမယ့် အားတော့ နာတယ်၊ ကိုကိုအပြင်ခဏထွက်ဦး၊ ကိုကိုရှိနေရင် နှောင်း ဟင်းအိုးတူးလိမ့်မယ်"

ကိုကိုက နှောင်းပြောပုံကို သဘောကျသလို အော်ရယ်ပြီး...

"ဟား..ဟား..ဟား..ကောင်းပါပြီဗျာ..ကောင်းပါပြီ၊ ကျုပ်ကြောင့်တော့ ခင်ဗျားလေးရဲ့ဟင်းအိုးတွေ မတူးစေရပါဘူး၊ ကျုပ်တရားခံလည်း အဖြစ်မခံနိုင်ပါဘူး၊ သွားပါ့မယ်ဗျာ...သွားပါ့မယ်"

ကိုကိုက ရယ်ရင်းမောရင်း အခန်းပြင် ပြန်ထွက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com


နှောင်းသည် ကိုကိုထွက်သွားတော့မှ ချက်ပြုတ်ရတာ ပို သွက်လပ်သွားသလိုပင်။

အားလုံးချက်ပြုတ်ပြီးလျှင် ထမင်းဝိုင်းကို အတတ်နိုင်ဆုံး လှပပဖြစ်အောင် ကြိုးစားပြင်ဆင်ကာ ကိုကို့ကို ခေါ်လိုက်သည်။

"ကိုကိုရေ...ပွဲတော်တည်လို့ရပါပြီ၊ ကြွပါ"

နှောင်းရဲ့နောက်ရွှတ်ရွှတ်အပြောကြောင့် ကိုကိုက ထိပ်ကို ဆုသည်။

"ဒီကောင်မလေး ပြောင်တောင်တောင်နဲ့"

ကိုကိုက ထမင်းစားခန်းထဲ အကဲခတ်သလို ခတ်ဖြည်းဖြည်း ဝင်သည်။ ထမင်းစားပွဲ ပြင်ဆင်ထားတာကို ကြည့်ပြီး ကိုကို မျက်ခုံး ပင့်သည်။

"တယ်ဟုတ်ပါလား...မတွေ့ရတဲ့ လေးငါးရက်အတွင်း... နှောင်းက အရမ်းကို တိုးတက်နေပါလား"

"အမြင်နဲ့ သိုးကျူးမစောပါနဲ့ဦး...စားကြည့်ပါဦး"

"စားပါ့မယ်ဗျာ...မှန်း...ဘာဟင်းတွေပါလိမ့်၊ ဟာ... ဖားနဲ့ မန်ကျည်းရွက်ပါလား!၊ ဒါ ကိုကို့အကြိုက်ဆုံးဟင်းပဲ၊ ဒါက မှိုနဲ့ ကန် စွန်းရွက်၊ ဟုတ်ပြီ..ဒါလည်း ကိုကိုကြိုက်တယ်၊ ဟင်...ခုနက ဘာပါ လိမ့်၊ ငှေးတောက်ရွက်နဲ့ ကြက်ခြေထောက်၊ အင်း...ကိုကိုက အကြော တက်တတ်တော့ ဒီဟင်းချိုက ကိုကို့အတွက် ဆေးပဲ"

ကိုကိုက ဟင်းအမယ်တွေကို အရင်ကြည့်ပြီးမှ ဖားသား ဟင်းကို တစ်ဇွန်းခပ်ပြီး မြည်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား...ကောင်းလိုက်တာကွာ၊ ကြည့်စမ်း...နှောင်းက လျှို့ထားတာပဲ၊ နှောင်း ဒီလောက်ဟင်းချက်ကောင်းမှန်း ကိုကိုမသိဘူး"

ကိုကိုက လိုက်လိုက်လှဲလှဲ ချီးကျူးရင်း အားရပါးရ စားလေတော့သည်။

ကိုကို စားကောင်းနေတာကြည့်ပြီး နှောင်း ခုမှပဲ သက်ပြင်းချနိုင်တော့တာပင်။ ပင်ပန်းရသမျှ အမောလည်း ပြေပြီ။

စိတ်ထဲက ဆန်းကြယ်လှသော မမသလင်းချိုကိုလည်း... ကျေးဇူးလှမ်းတင်မိပါရဲ့။

ကိုကိုကတော့ ထမင်းကို အားရပါးရ စားပြီးတာနှင့် မျက်တောင်တွေကို စင်းလာတော့တာပဲ ဆိုကာ ဒရင်းဘက်မှာ ငိုက်မြည်းနေလေတော့သည်။

နှောင်းသည် ခုတော့လည်း စိမ်းဖန့်ဖန့် မျက်လုံးကြီးတွေနှင့် ပြူးကြည့်ခဲ့သော ဖားကြီးကိုလည်းကောင်း၊ ခေတ်နှောင်းလို့ ချောက်ချားဖွယ်ရာ ဖုန်းခေါ်သံကြီးကိုလည်းကောင်း မေ့လျော့သွားခဲ့လေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

နှောင်း သည် ဂျူတီနားချိန်လည်းဖြစ်၊ ကိုကိုနဲ့လည်း မတွေ့ဖြစ်လျှင်..တစ်ယောက်ထဲ ပျင်းပျင်းနှင့် ကော်ဖီလည်း မကြိုက် ပါပဲ ကော်ဖီဆိုင်မှာ တစ်ကိုယ်တည်း ထိုင်ရသည်သာ။

နှောင်း ကော်ဖီလေး သောက်ရင်း တစ်ယောက်ယောက်နှင့် စကားပြောချင်လာသည်။

နှောင်း အတွေးထဲ ဝင်ရောက်လာသူက..မမသလင်းချိုပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှောင်း မမဖုန်းကို ခေါ်လိုက်သည်။

မမက ဖုန်းပိတ်ထားသည်။

ဒါဆို နှောင်း စကားပြောဖော် မရှိတော့ဘူးပေါ့။

နှောင်းသည် စိတ်ပျက်စွာဖြင့် တစ်ဘက်သို့ လှည့်လိုက်စဉ်-

"ဟိတ်..."

နှောင်းသည် လန့်လွန်း၍ တုန်ပင်တုန်သွားရသည်။

"မမ"

"တစ်ယောက်ထဲ ပျင်းနေလား၊ စကားပြောဖော် လိုအပ်နေမှာပေါ့၊ ဟုတ်တယ် မဟုတ်လား!"

နှောင်းသည် မမကို မျက်လုံးကြီးပြူးကာ ကြောင်ကြောင်ကြီးကြည့်နေမိသည်။

"ဘာလဲ...မျှော်နေတုန်း ချက်ချင်းရောက်လာလို့ အံ့ဩနေတယ်ပေါ့...ဟုတ်လား!"

နှောင်းသည် ကြောက်စိတ်ဖြင့် နင်တက်လာသော တံတွေးကို မျိုချလိုက်ရင်း...

"မမ ဘယ်လို...ဘယ်လို ရောက်လာသလဲ!"

နှောင်းသည် ကိုယ်ပျောက်ဝိဇ္ဇာတစ်ယောက်လို ချက်ချင်းကြီးပေါ်လာသော မမကို စဉ်းစားလို့ကို မရနိုင်။

"မမ ရောက်နေတာ ကြာပြီ၊ နှောင်းကို တွေ့လို့ ပုန်းနေတာ ပုန်းနေတာ...။

ပုန်းပြီး ဘွားခနဲ ပေါ်လာလျှင်လည်း ဒီလောက်တော့ မမြန်



www.burmeseclassic.com

www.burmeseclassic.com


နိုင်လောက်ဘူးလို့ နှောင်း ထင်သည်။

"မမ နှောင်းအတွက် လက်ဆောင်တစ်ခု ယူလာတယ်၊ ဖွင့်ကြည့်ပါဦး"

မမ လှမ်းပေးသောအထုပ်ကို နှောင်း သတိဖြင့် ယူရင်း ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

"အံမယ်လေး"

နှောင်း လက်ထဲမှအထုပ် အောက်ကို ပြုတ်ကျသွားသည်။

အထုပ်ထဲမှာ နှောင်း မြင်လိုက်ရသည်က ရဲရဲတောက်နေသော သွေးခဲများ...။

နှောင်း မျက်လုံးများကို ကျပ်နေအောင် မှိတ်ထားမိသည်။ ရင်ထဲ လှပ်ဟာတုန်ယင်၍နေ၏။

"နှောင်းရယ်...အသည်းနှရန်ကော၊ ဒီမှာ ကြည့်စမ်းပါဦး ဘာလဲဆိုတာ"

မမက အထုပ်ထဲမှ ရဲရဲတောက်နေသော အရာဝတ္ထုတစ်ခုကို ထုတ်ယူပြီး ဆွဲဖြန့်ပြသည်။

နှောင်း ရင်တွေ ဆတ်ဆတ်ခါအောင် ထိတ်လန့်ကြောက်ရွံ့နေဆဲမို့ မမပြသည်ကို ဝံ့ဝံ့ရဲရဲ မကြည့်ရဲ။

"ဩော်...သေချာကြည့်စမ်းပါ ငါ့ညီမရယ်၊ ကြောက်စရာလားလို့"

နှောင်း စိတ်ကို အတော်တည်ငြိမ်အောင်ထားပြီးမှ ဖြည်းဖြည်းချင်း ကြည့်လိုက်လျှင်...


www.burmeseclassic.com

www.burmeseclassic.com



"ဟူး...တော်ပါသေးရဲ့"

နှောင်း ရင်ဘတ်ကိုဖိလျက် ခုမှ သက်ပြင်းသက်မ ချနိုင်တော့သည်။

မမ ဖြန့်ပြလေသည်မှာ ကြက်သွေးရောင် ရဲရဲတောက်နေသော ပိုးပျော့ဂါဝန်ကလေး။

"မလှဘူးလားဟင်...နှောင်းအသားလေးက ဝါဝင်းနေတော့ ဒီအရောင်နဲ့ဆို အရမ်းလိုက်မှာ"

ဂါဝန်ကလေးမှာ တကယ်ပဲ လှပါသည်။

နှောင်းက မရဲတရဲလေး ကိုင်ကြည့်လိုက်သည်။

အသားလေးက ပျော့အိနူးညံ့၍နေသည်။

"သင့်ခယူးနော် မမ"

ဘာပဲဖြစ်ဖြစ် မမရဲ့စေတနာကိုတော့ အသိအမှတ်ပြုသည့်သဘော နှောင်း ကျေးဇူးတင်လိုက်ပါသည်။

မမက လှပစွာ ပြုံးပြပါသည်။

"နေဦး...ကျေးဇူးတင်မစောနဲ့ဦး၊ နောက်ထပ် လက်ဆောင် တစ်ခု ရှိသေးတယ်...ဒီမှာ"

ဒီတစ်ခါတော့ မလန့်ရအောင် ရင်ဘတ်ကို ဖိလျက် စိတ်ကို တည်ငြိမ်အောင် အရင်ကြိုးစားပြီးမှ မမရဲ့လက်ဆောင်ကို နှောင်း ကြည့်သည်။

မမက နှောင်းအဖြစ်ကို ရိပ်မိသလို ရယ်လိုက်လျက်...

"မကြောက်ပါနဲ့ နှောင်းရယ်...စာအုပ်ပါ၊ နှောင်းအတွက် သိပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလိုအပ်မယ့် စာအုပ်တစ်အုပ်ပါ၊ နှောင်း အရမ်းကို သဘောကျ သိမ့်မယ်ဆိုတာ မမကြိုပြောရဲတယ်"

နှောင်းက မမ ထောင်ပြသောစာအုပ်ကို လှမ်းကြည့်လိုက်သည်။

"လျှာရင်းမြက်မြက် စားကြစို့"

နှောင်းသည် စာအုပ်နာမည်ကို ဖတ်ပြီး ဟန်မဆောင်နိုင်အောင်ပင် ပျော်သွားရသည်။

မမလက်ထဲမှ ကပျာကယာပင် လှမ်းယူလိုက်ကာ...

"ချက်နည်းပြုတ်နည်း စာအုပ်လားဟင်၊ ကျေးဇူးအရမ်းတင်သွားပြီ မမရယ်၊ နှောင်းအတွက် တကယ်ကို လိုအပ်တဲ့စာအုပ်ပဲ၊ မမက သိပ်ချစ်ဖို့ကောင်းတာပဲ"

နှောင်း ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ပဲ မမအနား ချက်ချင်းတိုးကပ်ကာ မမကို ကြုံးဖက်လိုက်မိသည်။

မမအသားနှင့် ထိတွေ့လိုက်ရလျှင် နှောင်းရင်ထဲ ဒိန်းခနဲပင် ဖြစ်သွားရသည်။

ဘုရားရေ...။

မမအသားတွေက ရေခဲတမျှ အေးစက်စက်နိုင်လွန်းလှချေလား။

နှောင်း ထိတ်လန့်တကြားပင် မမကို ချက်ချင်းပြန်လွှတ်လိုက်သည်။

"ကဲ...နှောင်းရေ မမသွားမယ်၊ သိပ်မကြာခင် နှောင်းဆီကို



www.burmeseclassic.com

www.burmeseclassic.com



မမလာခဲ့ဦးမယ်"

မမက စကားဆုံးသည်နှင့် ချက်ချင်းလှည့်ထွက်သွားသည်။

နှောင်း တစ်ခဏမျှ သတိလစ်သလို ကြောင်အမ်းသွားပြီး မမထွက်သွားရာဆီ လှမ်းကြည့်လိုက်လျှင် မမကို အရိပ်အယောင်ပင် မမြင်ရတော့ချေ။

ပတ်ဝန်းကျင်ကလည်း ရှင်းလို့နေသည်မို့ ချက်ချင်းပင် မမ ပျောက်သွားသည်ကို နှောင်း စဉ်းစားလို့ မရနိုင်တော့ချေ။

မမသလင်းချိုဟာ ဘာလဲ။

မကြာခင်မှာ သူ နှောင်းဆီကို လာခဲ့ဦးမယ်တဲ့။

နှောင်း တစ်ခုခုကို ချောက်ချားနေမိသည်။

တစ်ခုခု...ဘာကိုမှန်းတော့ တိတိကျကျ မသိ။

သို့သော်...

တကယ်ပဲ ငြိမ်သက်စွာ ချောက်ချားနေမိသည်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com


**နှောင်း** တစ်ယောက် မမသလင်းချိုထံမှ ချက်နည်း ပြုတ်နည်းစာအုပ် ရပြီးကတည်းက ထိုစာအုပ်ကို အားချိန်ရသည်နှင့် လက်ထဲမှမချ။ ထပ်ခါတလဲလဲ ဖတ်ဖြစ်သည်။

ကိုကို့ကို ချက်ကျွေးဖို့ စိတ်ကူးနှင့် အကြိမ်ကြိမ်အခါခါ ဟင်းစပ်များ တွဲဖက်သည်။ ကိုယ်တိုင်တော့ဖြင့် ချက်မစားဖြစ်သေး။

အရင်အတိုင်း ဖြစ်သလို အလွယ်တကူ စားတတ်မြဲပင်။

အလုပ်ထဲမှာလည်း အားချိန်ကလေး နည်းနည်းရသည်နှင့် နှောင်း ထိုစာအုပ်ကိုပဲ ဖတ်မိသည်။

အခုလည်း အချိန်နည်းနည်းအားသည်မို့ စာအုပ်ထဲမှ ဟင်းချက်နည်းကို ခေါင်းထဲစွဲအောင်မှတ်ပြီး စိတ်ကူးဖြင့် ချက်ကြည့်နေသော ကိုကို့ဆီမှ ဖုန်းဝင်လာသည်။

"နှောင်းကလေး ဘာလုပ်နေလဲ!"


www.burmeseclassic.com

www.burmeseclassic.com


"နှောင်းလား...အခု အလုပ်နည်းနည်းအားလို့ ချက်နည်းပြုတ်နည်းစာအုပ် ဖတ်နေတယ်လို့ မပြောပြဘူး"

နှောင်း အတည်ကြီးနောက်လိုက်တော့ ကိုကိုက ရယ်သည်။

"အေး...အေး...မပြောနဲ့ မပြောနဲ့၊ ကိုယ့်ကို ချက်ကျွေးဖို့ ဖတ်နေတာ မဟုတ်လားလို့ ကိုယ်လည်း ပြန်မမေးတော့ဘူးနော်"

ဒီတစ်ခါတော့ နှောင်း ရယ်မိသည်။

ကိုကိုကလည်း ပြန်နောက်တတ်သည်လေ။

"နှောင်းကလေး ကိုယ့်ကို ဒီနေ့ညနေစာ ချက်ကျွေးပါလား"

ကိုကိုက အသံချွဲချွဲကြီးနဲ့ တောင်းဆိုတော့ နှောင်း ဘဝင်ခိုက်သွားရတယ်။

"ကျွေးမှာပေါ့...ကိုကို ဘာစားချင်လဲ..ပြော"

"ကိုယ် ကြက်ဟင်းခါးသီးကြော် စားချင်တယ်ကွာ၊ အသားကတော့ နှောင်း အဆင်ပြေသလိုသာချက်..ရတယ်၊ အဓိက စားချင်တာက ကြက်ဟင်းခါးသီးကြော်ပဲ"

"အိုကေ...ကိုကို စားရစေမယ်၊ နှောင်း စပါယ်ရှယ် ကြော်ပေးမယ်"

"သင့်ခယူး...ကိုယ်လာမကြိုတော့ဘူးနော် ကလေး၊ အလုပ်နည်းနည်းရှိလို့ အိမ်ကိုပဲ လာခဲ့မယ်၊ ဒါပဲနော်...ဘိုင့်"

ကိုကို ဖုန်းပိတ်လိုက်တော့ နှောင်း အလုပ်ရှုပ်သွားရတယ်။

စိတ်ထဲမှာ အလုပ်ရှုပ်သွားတာကို ပြောတာပါ။

ဘာဟင်းတွေ ချက်ရမှာလဲ။ ကိုကိုစားချင်တာက ကြက်ဟင်း


www.burmeseclassic.com

www.burmeseclassic.com


ခါးသီးကြော်။ ဒါပေမယ့် တစ်မျိုးထဲနဲ့တော့ ဘယ်မျက်နှာပန်းလှမှာလဲ။ ကိုကိုကလည်း ဟင်းအမယ်တစ်မျိုးထဲနဲ့ စားတတ်တဲ့လူမျိုးမှ မဟုတ်တာ...၊ နောက်ထပ် ဘာဟင်းတွေ ချက်ရမှာလဲ။

စာအုပ်ကို ဖွင့်ကြည့်လိုက်တော့ ပိုခေါင်းစားသွားရတယ်၊

ဟင်းအမယ်တွေ တွဲစပ်ထားတာများလွန်းလို့ ဟိုဟင်းလည်း ချက်ကျွေးချင်...ဒီဟင်းလည်း ချက်ကျွေးချင် ပိုဖြစ်သွားတယ်။

အလုပ်ဆင်းတော့...ဈေးတန်းသွားဖို့ စဉ်းစားမိတယ်။

ဒါပေမယ့် ခုချိန်ထိ နှောင်း ဘာဟင်းတွေ ချက်ရမလဲ မသိသေးဘူး။ ထိုစဉ်...

"ဟိတ်..ကောင်မလေး...ဘာတွေ ခေါင်းစားနေလဲ!"

ဖတ်ခနဲ ပခုံးပုတ်ပြီး ပြောလိုက်သော နှုတ်ဆက်စကားသံကြောင့် နှောင်း အံ့ဩပျော်ရွှင်သွားရသည်။

"ဟယ်..မမ အတော်ပဲ...အတော်ပဲ"

"ဘာဟင်းတွေ ဘယ်လို တွဲဖက်ချက်ရမလဲ စဉ်းစားမရဘူး ဖြစ်နေတယ် မဟုတ်လား!"

"ဟယ်...ဟုတ်လိုက်တာ၊ မမ ဘယ်လိုသိ"

"အဟင်း...မမဆီမှာ mind power ရှိတယ်လေ""

mind power..။ နှောင်း လိုက်ခနဲ ဖြစ်သွားရသည်။

မမနဲ့တွေ့တိုင်း ဆန်းကြယ်မှုတစ်ခုခု သို့မဟုတ် ချောက်ချားစရာတစ်ခုခု ကြုံတွေ့ခဲ့ရစမြဲမဟုတ်လား။

"ကဲပါ...တကယ်ကြီး လျှောက်တွေးမနေနဲ့ အလကား...


www.burmeseclassic.com

www.burmeseclassic.com



နောက်တာ၊ ဒီမှာ နောင်းကို သတိရလို့ ထမင်းချိုင့် လာပို့ပေးတာ"

"အယ်...မမကလဲ အားနာစရာ"

"နောင်းက အလုပ်ထဲမှာ ပင်ပန်းနေပြီ မဟုတ်လား၊ အလုပ်ကဆင်း ဈေးတန်းသွား၊ အိမ်ပြန်ချက်ပြုတ်ဆိုတော့ အရမ်းပင်ပန်းမှာပေါ့၊ နောင်းသက်သာအောင်လို့ မမက ထမင်းချိုင့် ယူလာပေးတာ"

မမက ထမင်းချိုင့် လှမ်းပေးသည်။

နောင်းလည်း ရှက်အားနာနှင့် လှမ်းယူသည်။

တကယ်တော့ မမပြောသလို..နောင်း ပင်လည်းမပင်ပန်း။ ကိုကို့ကိုလည်း(ကိုယ်ပိုင်လက်ရာတော့ မဟုတ်ဘူးပေါ့လေ..) ဖွယ်ဖွယ်ရာရာ စိုစိုပြေပြေလေး ကျွေးနိုင်မှာမို့..မမထမင်းချိုင့် လာပို့ပေးတာ၊ နောင်းအတွက်တော့ အရမ်းအဆင်ပြေစေတဲ့ အစီအစဉ်ပါပဲ။

"အဟဲ...အားလည်းနာတယ်...ကျေးဇူးလည်း တင်တယ်၊ ဘာဟင်းတွေလဲဟင် မမ"

နောင်း မမကို ခတ်နောက်နောက်လေး မေးလိုက်တယ်။

မမက သူ့ထုံးစံအတိုင်း သွေးအေးစွာ ပြုံးရင်း...

"ကြက်ပေါင်ကို ရှိုးစ်လုပ်ထားတယ်၊ ပြီးတော့...အာလူးနဲ့ ကြက်ဟင်းခါးသီးကြော်"

"ဟယ်...ကြက်ဟင်းခါးသီးကြော် ဟုတ်လား!"

နောင်း တိုက်ဆိုင်လွန်းလှတာမို့ အရမ်းအံ့သြပြီး အရမ်းလည်း ဝမ်းသာသွားရတယ်။

"ကိုကိုက ဒီညနေ ကြက်ဟင်းခါးသီးကြော် စားချင်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com


ခုန်းလှမ်းတောက်ထားတာ၊ တိုက်ဆိုင်လိုက်တာ မမရယ်"

"ဟုတ်လား...ကြက်ဟင်းခါးသီးကို မခါးအောင် ကြော်ထားတာလေ"

"ရှင်...ကြက်ဟင်းခါးသီးကို မခါးအောင်"

ခါးတဲ့အသီးကို မခါးအောင် ပြုပြင်ပြီး ကြော်ထားတယ်ဆိုလို့ နှောင်း အထူးအဆန်း ဖြစ်သွားရတယ်။

"ဘာခက်တာမှတ်လို့...ကြက်ဟင်းခါးသီးကို နုတ်နုတ်လှီးပြီး ဆားနဲ့နယ် အရည်ညှစ်ချလိုက်ရင် အခါးရည်တွေ ထွက်ကုန်တာပေါ့။ အာလူးနဲ့ ရောကြော်လိုက်တော့ ပိုဆိမ့်သွားတာပေါ့။ ပုဇွန်ခြောက် အကောင်ကြီးတွေကိုပါ ညက်အောင်ထောင်းပြီး ထည့်ထားတယ်လေ... ပိုဆိမ့်အောင်"

"ဟယ်...ကိုကိုတော့ သိပ်ကြိုက်မှာပဲ သိလား"

မမက နှောင်း ဝမ်းသာအယ်လဲပြောတော့ ခေါင်းအသာညိမ့်ပြတယ်။

"ငါးခေါင်းချဉ်ရည်လည်း ချက်လာတယ်၊ အိမ်ရောက်ရင် ဟင်း တွေအားလုံး နှောင်းချက်ထားတဲ့ပုံစံမျိုးဖြစ်အောင် ပြန်နွှေးဖို့ မမေ့နဲ့ နော်" လို့ ဆက်ပြောတယ်။

နှောင်း သွားလေး ဖြီးပြီးတော့သာ နေလိုက်တယ်။

တကယ်လည်း ကိုကို့ကို မမလက်ရာနဲ့ နှောင်းက ပဏာမ(ပြု)ဖို့ စိတ်ကူးထားတာကိုး။

တကယ်တော့...ဒီစိတ်ကူးဟာ လုံးဝ မရိုးသားမှန်း နှောင်း


www.burmeseclassic.com

www.burmeseclassic.com


သိပါတယ်။ ဒါပေမယ့် နှောင်း အရမ်းပင်ပန်းနေပြီလေ၊ စိတ်က လုပ်ပေးချင်ပေမယ့် နှောင်းမှမလုပ်နိုင်တော့တာ...။

အိမ်ပြန်ရောက်တော့ မမမှာလိုက်တဲ့အတိုင်း နှောင်း ဟင်းတွေကို ပြန်နွေးလိုက်တယ်။

ကိုကိုလာတော့ နှောင်း ထမင်းဝိုင်း အဆင်သင့် ပြင်ဆင်ပြီးသား။ နှောင်း ကိုကို့ကို စောင့်ရင်း ပျင်းရိငိုက်မြည်းလို့တောင်နေပြီ။

"ဟာ...ကြက်ဟင်းခါးသီးကြော်နံ့က ကြိုင်လှချည်လား၊ သွားရည်တောင် စိမ့်လာပြီ"

ကိုကိုက မစားရသေးခင်ကတည်းက မြှောက်နင့်ပြီ။

နှောင်း မချိုမချဉ်လေး ပြုံးပြီးတော့သာ နေလိုက်မိတယ်။

ကိုကိုက ကြက်ဟင်းခါးသီးကြော်ပန်းကန်ကို အရင်နှိုက်တယ်။ တစ်ဇွန်းစားကြည့်ပြီး ကိုကို့မျက်နှာ ပျက်သွားတယ်။

နှောင်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရတယ်၊

"ဘာ..ဘာဖြစ်လို့လဲဟင် ကိုကို၊ မကောင်းဘူးလား..မကြိုက်ဘူးလား!"

နှောင်း ထိတ်ထိတ်ပျာပျာ မေးလိုက်တော့..ကိုကို နူးညံ့စွာ ပြန်ပြုံးပြတယ်။

"ဟင့်အင်း...အရမ်းကောင်းတယ်"

တော်ပါသေးရဲ့။

နှောင်း ခုမှပဲ သက်ပြင်းကို ကိုကိုမမြင်အောင် ခိုးချရတယ်။

"နှောင်းလက်ရာ အရမ်းတိုးတက်လာတယ်"


www.burmeseclassic.com

www.burmeseclassic.com


"အဟင်း...ဟုတ်လား"

ကိုကိုချီးမွမ်းတော့ နှောင်းစိတ် သိပ်မလုံချင်တော့ဘူး။

"နှောင်းလည်း အတူစားလေ"

"ဆောရီး နှောင်းဆာလွန်းလို့ စားနှင့်ပြီးပြီ"

"ကြက်ဟင်းခါးသီးကြော် အရမ်းကောင်းတယ်၊ အာလူးရော ထားတော့ ဆိမ့်နေတာပဲ"

"အဟင်း...နှောင်းလည်း သူများတွေပြောသလို ချက်ကြည့်တာ၊ နှောင်းဘာသာတော့ မစားမိဘူး၊ ငါးခေါင်းချဉ်ရည်နဲ့ပဲစားတာ"

တကယ်ပဲ နှောင်း ငါးခေါင်းချဉ်ရည် တစ်မယ်ထဲနဲ့ ထမင်းစားမြိန်သွားတာနဲ့ ကြက်ရိုးရော ကြက်ဟင်းခါးသီးကြော်ရော မစားဖြစ်လိုက်ဘူး။

ကိုကိုကတော့ အားရပါးရ စားနေတယ်။

စားပြီးတော့ သိပ်မကြာခင်မှာပဲ...

"နှောင်းလက်ရာကောင်းလွန်းလို့ စားပြီးတာနဲ့ စည်းစိမ်ယစ်ပြီဟေ့"

ဆိုပြီး ကိုကို ဒရင်းဘက်ပေါ်မှာ ငိုက်မြည်းပါတော့တယ်။

သူ့ သိပ်ကြိုက်တဲ့ မန်ယူတို့ အသင်းကြီးတို့ကိုတောင် အားမပေးနိုင်ရှာတော့ပါဘူး။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

နှောင်း ဒီနေ့ အရမ်းကို ကြည်နူးနေမိတယ်။

ဘာလို့လဲဆိုတော့ ဒီနေ့ နှောင်း duty off ။

ကိုကိုလည်း ဒီနေ့တစ်ရက်အားတယ်တဲ့...။

ကိုကိုက...

"ဘယ်မှ လျှောက်မသွားချင်ဘူးကွာ...၊ အိမ်မှာပဲ အေးအေး

ဆေးဆေးလေး နားချင်တယ်၊ လုံးဝ ဟောလီးဒေးအစစ်ပေါ့၊ အဲ့လို



www.burmeseclassic.com

www.burmeseclassic.com


နေချင်တယ်"

"အာ...ကိုကိုကလဲ ပျင်းစရာကြီး"

နှောင်း နှာခေါင်းလေး ရှုံ့ပြီး စောဒက တက်မိတယ်။

"နှောင်းကလဲကွာ...ကိုကို ခုတလော ခေါင်းတွေ အုံအုံနေလို့ အပြင်မထွက်ချင်ဘူး"

"ဒါဆို ဂိမ်းအတူဆော့ပေး"

"အာ...ခေါင်းတွေ အုံပါတယ်ဆိုမှကွာ"

"အင်...ကိုကိုကလဲ၊ နှောင်း ပျင်းတာပေါ့၊ ဒါဆို ဘာဆော့ပေးမှာလဲ..ပြော"

နှောင်း ရှေအောင်ဂျီတိုက်တော့ ကိုကိုက နှောင်းငယ်ထိပ်ကို ဆုတယ်။

"ကြက်တောင်ရိုက်မယ်ကွာ...ဟုတ်ပြီလား"

"အိုကေ"

ကိုကို ကြက်တောင်ရိုက်ပေးမယ်ဆိုတော့ နှောင်း ဂျီတိုက်တာ ရပ်လိုက်တယ်။

ကိုကို အရင်ကဆို ဒီလိုမဟုတ်ပါဘူး၊ နှစ်ယောက်စလုံး အားတဲ့ရက်တွေမှာ တစ်နေကုန် အပြင်ထွက်လည်ကြတာ။ ကိုကို့လောက် လမ်းများတဲ့လူ မရှိဘူး။

ဒီလိုလူက အိမ်တွင်းအောင်းဖို့ အစီအစဉ်ဆွဲတော့ နှောင်း အံ့သြမိတာပေါ့။

ဒါပေမယ့် နှောင်းကို အဖော်လုပ်ပြီး ကြက်တောင်ရိုက်ပေး


www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုလို့ ကျေနပ်လိုက်ပါတယ်။

နှောင်းနဲ့ကိုကို အဝတ်အစားလဲပြီး ကွန်ဒိုဝန်းထဲ ကြက်တောင်ဆင်းရိုက်ဖို့ အိမ်ခန်းကိုသော့ခတ်ကာ ထွက်လာခဲ့ကြတယ်။

မနက်ခင်း နေရောင်နုနုအောက်မှာ ကြက်တောင်ရိုက်ရတာ ချွေးလေးစို့ပြီး အရမ်းရိုက်လို့ကောင်းတယ်လေ။

နှောင်းကသာ ပေါ့ပါးလန်းဆန်းနေတာ ကိုကိုက သွက်သွက်လက်လက် မရှိဘူး။ သိပ်လည်း ပြေးမလိုက်နိုင်ဘူး။

နှောင်း ရိုက်လို့ကောင်းဆဲ ကိုကို ခေါင်းကြီးငိုက်စိုက်ချပြီး ခြေပစ်လက်ပစ် ထိုင်ချတယ်။

"ဟာ..ကိုကိုကလဲ ဆက်ရိုက်လေကွာ၊ မနားနဲ့ဦး ခုမှ ရိုက်လို့ကောင်းစ ရှိသေးတာကို"

"အာ...ကိုကို မောနေပြီ နှောင်းလေး၊ မရိုက်နိုင်တော့ဘူး"

"ကိုကိုနော်...ပဲမများနဲ့၊ ထ..မရဘူး..ထ"

ကိုကို မဆော့ချင်လို့ အိုက်တင်များနေမှန်း သိတာမို့ နှောင်း ကိုကို့တင်ပါးကို Racket နဲ့ ခပ်ဖွဖွ ရိုက်ပြီး ထခိုင်းလိုက်တယ်။

"မဟုတ်ဘူး နှောင်း၊ ကိုကိုတကယ်ပြောတာ၊ ကိုကို ခေါင်းလည်း အရမ်းမူးနေတယ်"

"ဟာ...ဘာလဲ၊ ကိုကိုနော် မရဘူး၊ ဒါမျိုးတွေ လာမလုပ်နဲ့၊ ထကွာ...ထ"

နှောင်း ကိုကို့ကို အတင်းဆွဲထူလိုက်တယ်။

ကိုကို့ခန္ဓာကိုယ် လေးလေးကြီးက နှောင်းလက်ထဲ ယိမ်းထိုး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပါလာတယ်။ နှောင်း မနိုင်ဘူး။

ကိုကို ပုံပျက်ပန်းပျက် လဲပြိုပြီး ပြန်ကျတယ်။

ကိုကို့မျက်လုံးတွေ မှုမမှန်ဘူး။ အရမ်းစင်းကျနေတယ်၊ ကိုကို့ မျက်နှာလည်း သိသိသာသာ အမ်းနေတယ်။

နှောင်း ခုမှပဲ စိုးရိမ်စိတ် ဝင်သွားရတယ်။

ကိုကို ပုံမှန်မဟုတ်ဘူး။

"ကိုကို ဘာဖြစ်လဲဟင်!"

"ကိုယ် ခေါင်းအရမ်းမူးတယ် ကလေး။ ရင်ထဲမှာလည်း တစ်မျိုးကြီးပဲ...ဆို့ကျပ်ကျပ်နဲ့"

"ဒါဆို အိမ်ထဲ ပြန်ဝင်ရအောင်နော်၊ နှောင်းတွဲခဲ့မယ်၊ နှောင်းကို မှီပြီးလိုက်ခဲ့"

နှောင်း ကိုကို့ကို ဆွဲထူရပြန်တယ်။

ကိုကို မျက်လုံးမဖွင့်နိုင်တော့ဘူး။

ကိုကို့မျက်နှာတစ်ပြင်လုံး နီတွတ်ပြီး အမ်းနေတယ်။

နှောင်း ကိုကို့ကို တွဲထားရင်း...သော့ကို ခဲရာခဲဆစ် ဖွင့်ရတယ်။

"ကိုကို ဧရန်တာမှာ ခဏအိပ်ချင်တယ်၊ အသက်ဝဝရှူချင်လို့"

ကိုကိုပြောတဲ့အတိုင်း နှောင်း ကိုကို့ကို ဧရန်တာမှာပဲ အိပ်ဖို့ ပြင်ဆင်ပေးရတယ်။

ကိုကိုက သဘာဝလေကိုပဲ နှစ်သက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဟာ လှဲချလိုက်တာနဲ့ ချက်ချင်းကြီးပဲ တရှူးရှူးနဲ့ အိပ်မောကျသွားတော့တယ်။

ကိုကို့ကြည့်ရတာ တစ်မျိုးပဲ။

မှုမမှန်ဘူး၊ ပုံမှန်မဟုတ်ဘူးဆိုတာတော့ သိတယ်။

နှောင်း ကိုကို့အနားက ခြေသံမကြားရအောင် ဖွဖွကလေးနင်းပြီး ထွက်လာခဲ့တယ်။

နှောင်း ကိုယ်လက်လှုပ်ရှားလိုက်တော့ ဗိုက်က နည်းနည်းပြန်ဆာလာသလိုရှိတာမို့ မီးဖိုဆောင်ထဲ ဝင်လိုက်တယ်။

"အား!!..."

နှောင်း မျက်စိစုံမှိတ်ပြီး ကြောက်လန့်တကြား အော်လိုက်မိတယ်။

ပြီးတော့ နေရာမှာတင် တောင့်တောင့်ကြီး ကြက်သေ့သေနေမိတယ်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com


# "နှောင်း..."

ပခုံးကို ဆတ်ခနဲ လှမ်းပုတ်ပြီး ခေါ်တော့မှ နှောင်း သတိပြန်ဝင်လာခဲ့တယ်။

သတိသာဝင်လာခဲ့ပေမယ့် နှောင်း ကြောက်စိတ်မပြေသေး။ ရင်ထဲမှာ ဘာမှမရှိတော့သလိုကို ဟာဟာကြီးဖြစ်ပြီး ကြောက်စိတ်နဲ့ တောင့်မတ်နေမိတုန်းပဲ...။

နှောင်း ကိုယ့်ကိုယ်ကို ပုံမှန်ဖြစ်အောင် ပြန်တည်ဆောက်ပြီးမှ တံတွေးတစ်ချက် မျိုချပြီး စကားစနိုင်တော့တယ်။

"မမ..ဘယ်က..ဘယ်လို!"

မမက နောက်ဖေးတံခါးကို လက်ညှိုးထိုးပြတယ်။

"နှောင်းတို့က အိမ်ရှေ့ကိုတော့ ဟုတ်တိပတ်တိ သော့ကြီးခတ်ပြီး နောက်ဖေးတံခါးကိုတော့ ပိတ်ဖို့မေ့ခဲ့တယ် မဟုတ်လား။ မမ


www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်လှေခါးကနေ တက်လာတာ"

နှောင်းတို့အခန်းတွေက နောက်ဖက်မှာ အဝတ်လှန်းဖို့ ဝရန်တာအပြည့် ထုတ်ပေးထားသလို..အရေးပေါ်လှေခါးကလည်း ကျယ်ကျယ်ဝန်းဝန်းရှိလှသမို့ လွယ်လွယ်ကူကူ အတက်အဆင်းလုပ်လို့ရတယ်လေ။

ဒါပေမယ့် နှောင်း အသိစိတ်ထဲမှာ သူပြောတာကို လက်မခံနိုင်သေးဘူး။

ဘယ်လိုပဲလာလာ အိမ်ရှင်မသိအောင် မီးဖိုခန်းထဲထိ တိတ်တိတ်ကလေး မဝင်သင့်ဘူး မဟုတ်လား။ ဒါဟာ လူမှုရေးရှုထောင့်ကကြည့်ရင်လည်း ရိုင်းစိုင်းတာပဲ မဟုတ်လား။

"ဆောရီးနော် နှောင်း၊ မမက နှောင်းကို အရမ်းအံ့အားသင့်စေချင်လို့"

မမက တောင်းပန်သလို လေသံနိမ့်ချပြီးပြောတော့ နှောင်းခုနက ကြောက်လန့်တကြီးဖြစ်နေတဲ့စိတ်ကိုရော..အလိုမကျ ဒေါသဖြစ်တဲ့စိတ်ကိုရော မျိုချပစ်လိုက်ရတယ်။

ပြီးတော့...မီးဖိုထဲမှာ ချက်ပြုတ်လက်စ ဟင်းအိုးကိုတွေ့တော့ နှောင်း မျိုချပစ်လိုက်တဲ့ ကြောက်စိတ်နဲ့ ဒေါသဟာ အားနာတဲ့စိတ်ကို ပြောင်းလဲသွားစေပြန်တယ်။

"ဘာတွေ ချက်နေတာလဲဟင် မမ!"

နှောင်း အားနာနာနဲ့ စကားစလိုက်တယ်။

"လယ်ဂဏန်းကြီးတွေ တွေ့လို့ ချဉ်စပ်ချက်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်..."

နှောင်း အံ့ဩပျော်ရွှင်ရပြန်ပါပြီ။

ဂဏန်းချဉ်စပ်ဟင်းဟာ ကိုကိုသိပ်ကြိုက်တဲ့ဟင်းလေ။

"ပြီးတော့ ငါးသေတ္တာရယ်၊ မှိုနဲ့ကန်စွန်းကြော်ရယ်၊ ကြောင်လျှာသီးသုပ်ရယ်၊ ဘူးညွှန့်နဲ့ ငါးပနော် အရည်သောက်လေးရယ်"

"ဟယ်...မမရယ်၊ ဟင်းတွေ အများကြီးပဲ၊ မမ ပင်ပန်းနေပြီပေါ့"

"နှောင်းတို့ စားကောင်းတယ်ဆိုရင် မမ ပင်ပန်းရကျိုးနပ်ပြီလို့ပဲ မှတ်လိုက်ပေါ့"

"သင့်ခယူပါ မမရယ်၊ နှောင်း ဘာကူပေးရဦးမလဲဟင်"

"စားဖို့ပဲ ကူတော့၊ အရည်သောက်လေး ကောင်းကောင်းဆူရင် စားလို့ရပြီ"

"အယ်...ဒါဆို နှောင်း ရေသွားချိုးတော့မယ်၊ ချွေးတွေနဲ့ စေးကပ်ကပ်ကြီးဖြစ်နေလို့ ရေချိုးပြီးမှ အတူစားကြမယ်နော် မမ၊ ဟဲဟဲ... လောလောဆယ် အဆာပြေ"

နှောင်း ဗီရိုထဲက ကိတ်ဘွိုင်း(cake boy)လေးတစ်လုံး ယူဖဲ့စားရင်း ရေချိုးခန်းထဲ ဝင်ခဲ့တယ်။

နှောင်းက အအေးသိပ်ကြိုက်တော့ ရေချိုးရင် နည်းနည်းကြာတတ်တယ်။ စိမ်ပြေနပြေ ရွှေငါးလေးတစ်ကောင်လို ရေစိမ်ချိုးတာလေ။

နှောင်း ရေချိုးအဝတ်လဲပြီးတော့ ထမင်းစားခန်းထဲ တန်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့တယ်။

ကိုကိုနိုးအလာကို မစောင့်တော့ဘူး၊ မမနဲ့ပဲ အတူစားနိုင်တော့မယ်လို့ စိတ်ကူးမိတယ်။

"ဟယ်တော့"

ထမင်းစားခန်းထဲမှာ အိပ်မှုန်စုံဝါးကြီးနဲ့ ထိုင်နေတဲ့ ကိုကို့ကို မြင်တော့ နှောင်း အံ့ဩသွားရတယ်။

"ကိုယ် အကြာကြီး အိပ်ပျော်သွားတာပဲ..၊ နှောင်းကလေးက ထမင်းတွေဟင်းတွေတောင် ချက်ပြီးပြီပေါ့...ဟုတ်လား"

နှောင်း ကိုကို့ကို ဘာပြန်ပြောရမလဲ မသိဘူး။

အင်းအဲနဲ့ ဖြစ်နေမိတယ်။

မီးဖိုခန်းထဲ အပြေးအလွှား ဝင်ကြည့်တော့ မမ မရှိတော့ဘူး။

နှောင်း ရေချိုးနေတဲ့အချိန် ထမင်းဝိုင်းပြင်ပေးပြီး ပြန်သွားတာဖြစ်ရမယ်။

တကူးတကကြီး အိမ်အထိ လာချက်ပြုတ်ပေးတဲ့ မမကို နှောင်း နားမလည်နိုင်တော့ဘူး။

"စားကြရအောင်ကွာ နှောင်း၊ ကိုယ်အရမ်းဆာနေပြီ"

"ဟုတ်..."

"နှောင်းလေးက ခုတလော ပိုချစ်ဖို့ကောင်းလာတယ်၊ ချက်ထားတာ ကိုယ့်အကြိုက်တွေချည်းပဲ"

နှောင်း ဒီတစ်ခါတော့ နောက်ကျောမလုံ ဖြစ်နေမိတယ်။

နှောင်း ချက်ထားတာမဟုတ်ဘဲ ချီးကျူးခံရတော့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com


လည်း ပူချင်သလိုပဲ။

ကိုကို ဂဏန်းတစ်ဖွဲ့ စားပြီးတဲ့အချိန်မှာ ဟန်မဆောင်နိုင်အောင် မျက်နှာသိသိသာသာ ပျက်သွားတယ်။

ကိုကို့မျက်လုံးတွေလည်း မှုန်မှိုင်းသွားတယ်။

"နှောင်းကို ဟင်းချက် ဘယ်သူသင်ပေးတာလဲ"

ကိုကိုမေးပုံက တစ်မျိုးပဲ။

လေသံကလည်း လေးနက်နေတယ်။

"ဟို...နှောင်း စာအုပ်ဖတ်ပြီး ချက်တာပါ။ ဘာဖြစ်လို့လဲဟင် ကိုကို..."

"ဘာမှ မဖြစ်ပါဘူး။ လက်ရာက အရမ်းကောင်းလို့"

ကိုကိုက ချီးကျူးပေမယ့်..နှောင်း နေရတာ တစ်မျိုးကြီး ဖြစ်သွားတယ်။

ကိုယ့်အရည်အချင်း အစစ်အမှန်မဟုတ်ဘဲ ချီးကျူးတာကို ငြိမ်ခံနေမိတာ မရိုးသားခြင်းပဲ မဟုတ်လား။

စိတ်ထဲ မလုံမလဲဖြစ်ပြီး ကိုကိုနဲ့တစ်ဝိုင်းတည်း မျက်နှာချင်းဆိုင် မစားရဲသလိုဖြစ်ပြီး ဟင်းချိုတစ်မယ်တည်းနဲ့သာ ထမင်းကို မြန်မြန်မျှောချနေမိတယ်။

ကိုကိုကတော့ မြိန်ရေယှက်ရေ စားနေတယ်။

ဟင်းတွေအားလုံးက ကိုကို့အကြိုက်ချည်းပဲ မဟုတ်လား။ မမလက်ရာကလည်း အရမ်းကောင်းတော့..ကိုကို အရမ်းအားမြိန်မှာပေါ့။


www.burmeseclassic.com

www.burmeseclassic.com


ထမင်းစားပြီးတော့ ကိုကို ဝရန်တာ ထွက်ထိုင်တယ်။ မျက်နှာက မသာယာဘူး၊ မကြည်လင်ဘူး။

"ကိုကို နေမကောင်းဘူးလား"

"ကိုယ် ခေါင်းတွေ အရမ်းကိုက်တယ်ကွာ၊ ရင်ထဲမှာလည်း တစ်မျိုးကြီးပဲ၊ နေရတာ အရမ်းထိုင်းမှိုင်းလေးလံနေတယ်"

"ဆေးခန်းသွားရအောင် ကိုကို...ပေါ့မနေနဲ့"

"အင်း...သွားလိုက်ရင် ကောင်းမယ်ထင်တယ်၊ ရေသွားချိုးလိုက်ဦးမယ်"

ကိုကို ရေချိုးခန်းထဲဝင်တော့ နှောင်းလည်း စိတ်ရှုပ်ပြီး ကျန်ရစ်တယ်။

ကိုကို ဘာဖြစ်လို့ ဖြစ်နေမှန်း မသိဘူး...။ ကိုကို့ကို ကြည့်ပြီး နှောင်းလည်း စိတ်မသက်မသာ ဖြစ်ရတယ်။

ခဏကြာတော့ ရေချိုးခန်းထဲကနေ ကိုကို အသည်းအသန် လှမ်းအော်ခေါ်တယ်။

"နှောင်းရေ...ခဏ..ခဏလာပါဦး၊ အမြန်အမြန်..."

ကိုကို အလန့်တကြား အော်ခေါ်သံကြောင့် နှောင်းလည်း ရေချိုးခန်းထဲ စိုးရိမ်တကြီး ပြေးဝင်သွားမိတယ်။

"ဘာလဲ ကိုကို...ဘာဖြစ်လို့လဲ!"

"ဒီမှာကြည့်စမ်း"

ကိုကိုက သူ့လက်ဖဝါးကို နှောင်းရှေ့ တိုးပြတယ်။

ဘုရားရေ...။


www.burmeseclassic.com

www.burmeseclassic.com


နှောင်း မျက်လုံးပြူးသွားမိတယ်။

ကိုကို့လက်ချောင်းတွေ ကြားထဲမှာ ဆံပင်ချည်တွေ အထွေး လိုက်ပါလား။

"ကြည့်..."

ကိုကို ဆံပင်တွေကြားထဲ လက်နဲ့ထိုးသပ်ပြီး နှောင်းရှေ့ လက်ဝါးဖြန့်ပြပြန်တယ်။ ကိုကို့လက်ချောင်းတွေကြားထဲ ကျွတ်ပြီး ကပ်ပါလာတဲ့ ဆံပင်တွေဟာ မနည်းဘူး။

"ကိုကို...ဒါ ဘာကြောင့်လို့ ထင်လဲဟင်!"

"ကိုယ်လည်း စဉ်းစားမရဘူး၊ ဒါကြောင့် နှောင်းကို ခေါ်ပြတာ"

"ခဏ..."

နှောင်း ကိုကို့နဖူးပြင်ပေါ်မှာ မျက်တောင်မွေးတစ်ချို့ ကျွတ်ပြီး ကပ်တယ်ထင်လို့ ဖယ်ပေးဖို့ ပြင်လိုက်တယ်။

"အို..."

"ဘာလဲ နှောင်း!"

နှောင်းရဲ့လက်ညှိုးထိပ်မှာ ကပ်ပြီးပါလာတာက မျက်တောင်မွေး မဟုတ်ဘူး...။

"ကိုကို မျက်ခုံးကို နည်းနည်းလောက် ကုတ်ကြည့်လိုက်ပါလား"

ကိုကိုမျက်ခုံးကို အသာကလေး ကုတ်ပြီး လက်ညှိုးထိပ်ကို ပြန်ကြည့်တယ်။


www.burmeseclassic.com

www.burmeseclassic.com


"""မျက်ခုံးမွေးတွေ...ဘုရားရေ၊ မျက်ခုံးမွေးတွေပါ ကျွတ်ကုန်ပြီ၊ ဒါ...ဒါ...ဘာကြောင့် ဖြစ်ရတာလဲဟင်၊ နှောင်း..ဟင်..ဘာကြောင့်လို့ ထင်လဲ၊ ကိုယ် ခုတလော ခေါင်းတွေလည်း အရမ်းမူးတယ်၊ ရင်ထဲမှာလည်း ဆို့ကျပ်ကျပ်ကြီးနဲ့ နေလို့မကောင်းဘူး"

ကိုကိုက နှောင်းကို အားကိုးတကြီး တိုင်ပင်သလို ပြောတော့ နှောင်း ကိုကို့ကို ကြည့်ပြီး အရမ်းစိတ်မကောင်း ဖြစ်သွားရတယ်။

ကိုကို့ကြည့်ရတာ အရမ်းတုန်လှုပ်နေပုံပဲ။

နှောင်း ဘယ်လို ဖေးမနစ်သိမ့်ပေးရမလဲ မသိဘူး။

နှောင်း ပြောနိုင်တာ တစ်ခုပဲ ရှိတယ်၊

"ဆရာဝန်နဲ့တွေ့ရင် အဖြေပေါ်မှာပါ ကိုကိုရယ်"

ကိုကိုမျက်လုံးတွေ ကျပ်နေအောင် မှိတ်ပြီး ငြိမ်သက်သွားတော့တယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



အထူးကုဆရာဝန်ကြီးက ကိုကို့ကို နောက်ဆုံးပေါ် စက်ကိရိယာကြီးတွေနဲ့ သေသေချာချာ စစ်ဆေးစေတယ်။

ဘက်စုံလစ်ဟာမှု မရှိစေရအောင် စစ်ဆေးတယ်။

နောက်ဆုံးမှာ...

ဆရာဝန်ကြီးက မှတ်ချက်စကား တစ်ခွန်းထဲ ချတယ်။

"အစာအဆိပ်သင့်တာ"

"ခင်ဗျာ..."

ကိုကို့ဆီက အံ့သြတကြီး အာမေဋိတ်သံ ထွက်ကျလာတယ်။

နှောင်းလည်း အရမ်းတုန်လှုပ်သွားရတယ်။

ဒါ ဘာကြောင့်ဖြစ်ရတာလဲ။

ကိုကိုဟာ ဘာကြောင့် အစာအဆိပ်သင့်ရတာလဲ။

ဆရာဝန်ကြီးက ကိုကို့ကို စားဆေးတွေပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



တွဲဖက်မစားသင့်တဲ့အစာတွေရေးထားတဲ့ ကြော်ငြာစာရွက်ကလေးတွေ ဝယ်ဖတ်ဖို့ ညွှန်ကြားတယ်။

တခြားဆောင်ရန်ရှောင်ရန်တွေကိုလည်း ပြောပြတယ်။

ပန်းလှိုင်အထူးကုဆေးရုံထဲက ပြန်အထွက်မှာ ကိုကို့မျက်နှာဟာ တင်းမာနေတယ်။

ကားပါကင်သို့သွားရာ အပြန်လမ်းမှာတော့...နှောင်း လုံးဝထင်မှတ်မထားတဲ့ စကားလုံးပြင်းပြင်းတွေနဲ့ ကိုကိုဟာ နှောင်းကို မညှာမတာ တိုက်ခိုက်တော့တာပါပဲ။

"ငါ အရမ်းအံ့သြတယ် ခေတ်နှောင်း၊ မင်း လုပ်ရက်တယ်၊ ဒါ တမင်ကြိုတင်ကြံစည်ပြီး လုပ်တာ၊ စနစ်တကျ အကွက်ချပြီး လုပ်တာ၊ မင်း..မင်း..ငါ့ဆီက ဘာလိုချင်လို့ ခုလို လုပ်ရတာလဲဟင်!"

ကိုကို့အသံဟာ ဒေါသကြောင့် တုန်ခါနေတယ်။

နှောင်း ကိုကို့ကို အံ့သြတကြီး ကြောင်ငေးပြီး ကြည့်မိတယ်။

ကိုကို ဘာကြောင့် နှောင်းကို ခုလို စွပ်စွဲရတာလဲ။

ဘာလို့ နှောင်းကို အထင်မှားရတာလဲ။

နှောင်း ကိုကို့ကို ဘယ်လောက်ချစ်သလဲဆိုတာ ကိုကို မသိဘူးလား။ နှောင်း ကိုကို့ကို ဘယ်လိုပြန်ဖြေရှင်းပြရမှာလဲ။

"မဟုတ်ဘူး ကိုကို၊ နှောင်းကို အထင်မလွဲပါနဲ့...နှောင်း"

"တော်ပြီ နှောင်း မင်းဘာမှ မပြောနဲ့၊ ငါ မင်းကို လုံးဝ မယုံကြည်တော့ဘူး၊ ခုချိန်ကစပြီး မင်းနဲ့ငါ လမ်းခွဲပြီ"

လမ်းခွဲပြီ။



www.burmeseclassic.com

www.burmeseclassic.com


ဘုရားရေ...။

နှောင်း နားစည်အိမ်ထဲမှာ ဗုံးတစ်လုံးပြီးတစ်လုံး ပေါက်ကွဲသလို ဆူညံအူထွက်သွားတယ်။

"မင်းဟာ သိပ်ကြောက်စရာကောင်းတဲ့မိန်းမ၊ သိပ်ယုတ်မာပက်စက်တဲ့မိန်းမ၊ ငါ မင်းကို သိပ်ကြောက်သွားပြီ"

ကိုကိုဟာ နှောင်းကို လက်ညှိုးငေါက်ငေါက်ထိုး ပြောပြီး စကားဆုံးတာနဲ့ ချာခနဲ လှည့်ထွက်ပြီး...ကားပေါ်တက်ကာ မောင်းထွက်သွားပါတော့တယ်။

နှောင်း အံကို တင်းတင်းကြိတ်ပြီး နေရာမှာ ခြေစုံရပ်ကျန်ရစ်ခဲ့တယ်။

ကြေကွဲခါးသီးခြင်းဟာ နှောင်းကို လမ်းမအလယ်မှာ မျက်ရည်တတွေတွေ ကျစေတယ်။

အပြင်းထန်ဆုံး လွဲမှားစွပ်စွဲချက်တွေနဲ့ လမ်းမအလယ်မှာ ချစ်သူရဲ့စွန့်ပစ်ခြင်း ခံရတဲ့အဖြစ်လောက်...လောကမှာ ကြေကွဲနာကျင်စရာ ရှိနိုင်ဦးမလား။

နှောင်းကို ရက်ရက်စက်စက် ကျောခိုင်းထွက်ခွာရက်တဲ့...ကိုကို့ကို မျက်ရည်တွေကြားက ငေးကြည့်နေမိဆဲ။

ထိုအခိုက်...

ဖျတ်ခနဲ...

တကယ့်ကို တဒင်္ဂ ဖျတ်ခနဲ...။

သွေးအေးလှတဲ့ စိမ်းတောက်နေတဲ့ မျက်လုံးတွေနဲ့..နှောင်း


www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို အေးစက်စက်ကြီး ပြုံးကြည့်နေတဲ့ မမသလင်းချိုကို တွေ့လိုက်ရတယ်။

အို…ကြောက်စရာ ကောင်းလိုက်တာ။

မမရဲ့မျက်လုံးတွေ အပြုံးတွေဟာ…အသည်းထဲမှာ စိမ့်ပြီး ကြောက်စရာ ကောင်းလောက်အောင်…အေးစက်စက်နိုင်လွန်းလှတယ်။

နှောင်း မျက်တောင်တွေ အခါခါခတ်ပြီး အသေအချာ ထပ်ကြည့်မိတဲ့အချိန်မှာ ဖျတ်ခနဲဆို ပျောက်ကွယ်သွားတော့တယ်။

မမဟာ…ဘာလဲ…။



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၈)

နှောင်း အတွက် အရေးအကြီးဆုံးက တွဲဖက်မစားသင့်တဲ့ ကြော်ငြာစာရွက်တစ်ရွက် ဝယ်ဖတ်ဖို့ပဲ။

ဒါမှ နှောင်း..ကိုကို့ရဲ့သံသယကို ဖြေရှင်းနိုင်မှာ။

ကိုကိုဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာ ခန့်မှန်းလို့ရမှာ။

စာရွက်ကို ဝယ်ပြီးဖတ်ကြည့်မိတဲ့အချိန်မှာ..နှောင်းဟာ ခေါင်းနားပန်းကြီးသွားရတော့တယ်။


www.burmeseclassic.com

www.burmeseclassic.com


ဖားသားနဲ့ မှို။

အာလူးနဲ့ ကြက်ဟင်းခါးသီး။

လယ်ဂဏန်းနဲ့ မှို။

ငါးသေတ္တာနဲ့ ကြောင်လျှာသီး။

ဘုရား…ဘုရား…။

ဒီတွဲဖက်မစားသင့်တဲ့အရာတွေကို နှောင်းကိုယ်တိုင်လည်း ကိုကို့ကို ချက်ကျွေးမိခဲ့သလို…မမသလင်းချို ယူလာပေးတဲ့ ထမင်းချိုင့်ထဲမှာလည်း ပါခဲ့တဲ့ ဟင်းလျာတွေပဲ။

နှောင်း သိလိုက်ပြီ။

နှောင်း သေသေချာချာ သိလိုက်ပါပြီ။

ဒါဟာ ကြိုတင်ကြံစည်မှုပဲ။

စနစ်တကျ အကွက်ချပြီးတော့ကို ကြံစည်ခဲ့တာ။

မမသလင်းချို…သူဟာ နှောင်းကို ပူးသတ်ခဲ့တာပဲ။

ဘာကြောင့်လဲ!…။

သူနဲ့နှောင်း ခုမှတွေ့ဆုံဖူးပြီး သူ ဘာလို့ နှောင်းကို ခုလို ကြံစည်ရတာလဲ။

ဘာရန်ညိုးရန်ငြိုးကြောင့် သူ ခုလို အပြုံးချိုချိုလေးနဲ့ ဟန်ဆောင်လှည့်ဖျားပြီး မုန်းမုန်းတီးတီး ခါးခါးသီးသီး ရက်စက်ရတာလဲ။

နှောင်းက အစားမက်မောသူမဟုတ်၊ ဟင်းတစ်မယ်လောက်နဲ့ ပြီးတတ်သူဆိုတော့ သူ့အကြံအစည်ဟာ နှောင်းကို မထိခိုက်ဘဲ ဟင်းလျာတိုင်းကို မက်မောသူ အစပ်အဟပ်ကောင်းပြီး လူ့ရင်းမြွက်


www.burmeseclassic.com

www.burmeseclassic.com


ဘာ တပ်မက်သူ ကိုကို့ကို ထိခိုက်ခဲ့လေတော့တာပေါ့။

သလင်းချို။

သူ...အခု ဘယ်မှာလဲ!...။

ဌ ဌ ဌ ဌ


www.burmeseclassic.com

www.burmeseclassic.com



သူ့ ခေါင်းတွေ တရိပ်ရိပ်နဲ့ မူးနေတယ်။ သူ့ရှေ့မှာ ရှိတဲ့ပစ္စည်းတွေအားလုံးဟာ ချာချာလည်နေတယ်။

"ဆရာ..အစည်းအဝေးတက်ဖို့ အချိန်ရောက်ပါပြီ ဆရာ"

ဝန်ထမ်းတစ်ယောက်က သူ့ကို သတိလာပေးတယ်၊ အစည်းအဝေးမှာ ပြောမယ့်အကြောင်းအရာတွေကို နုတ်(note) ထုတ်ထားတဲ့စာရွက်ကို ကိုင်ပြီး သူ မတ်တတ်ထရပ်လိုက်တယ်။

အဲ့ဒီအချိန်မှာပဲ သူ့ခေါင်းတစ်ခုလုံးဟာ ဝုန်းခနဲ ပူထူသွားတယ်။ သူ့မျက်လုံးတွေထဲလည်း မှောင်မိုက်ပြာဝေသွားတယ်။

"ဆရာ!..." ဆိုတဲ့ စိုးရိမ်တကြီး အော်သံ။

သူ့လက်ထဲက စာရွက်လည်း လွတ်ကျသွားပြီးနောက်...

သူ ဘာမှမသိတော့ဘူး။

.... .... .... .... .... .... .... .... .... ....



www.burmeseclassic.com

www.burmeseclassic.com


သူ သတိပြန်ရတဲ့အချိန်မှာ နေရာအထားအသို အပြင်အဆင်အရ ဆေးရုံခန်းတစ်ခုထဲမှာ ရောက်နေတယ်ဆိုတာ သိလိုက်တယ်။ အခန်းထဲမှာ သူတစ်ယောက်ထဲ။

သူ အရမ်းကို ပင်ပန်းနွမ်းနယ်နေမိတယ်။

ပထမဆုံးအကြိမ်အဖြစ် ရောဂါဝေဒနာ ခံစားနေရတဲ့အချိန် တစ်ယောက်ထဲနေရတဲ့ အထီးကျန်မှုကို သူ စိတ်ပျက်အားငယ်သွားမိတယ်။

သူ တစ်ယောက်ယောက်နဲ့ စကားပြောချင်တယ်။

တစ်စုံတစ်ယောက်။

အဲ့ဒီတစ်စုံတစ်ယောက်ဟာ ခေတ်နှောင်းမဟုတ်ဘူး။

ခေတ်နှောင်းဟာ သူ့ကို ချစ်ချင်ယောင်ဆောင် လှည့်ဖြားပြီး ရည်ရွယ်ချက်ရှိရှိ ပူးသတ်ဖို့ ကြံစည်ခဲ့တဲ့သူ။

သူ တွေ့ချင်တာက...

"မောင်"

ထိုင်းမှိုင်းနွမ်းနယ်တဲ့ သူ့ရဲ့အာရုံတွေ ဆတ်ခနဲ နိုးကြားသွားတယ်။ ဒါ...ဒါ...ချို့အသံ။

"ချိုပါ မောင်"

သူ ချက်ချင်း ငုတ်တုတ်ထထိုင်လိုက်တယ်။

"ချို..."

ဘုရားရေ...။

ချိုဟာ သူ့မျက်စိရှေ့မှာ...


www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ကုတင်နံဘေးမှာ...

အေးမြလှတဲ့ အပြုံးကလေးနဲ့ ချိုဟာ သူ့ကို ပြုံးကြည့်နေတယ်။

"ချို...ချို မောင့်ဆီ လာတယ်"

သူ့အသံတွေ တုန်ယင်နေတယ်။

လုံးဝမယုံနိုင်ဘူး။

ဒါဟာ အိပ်မက်လား။

"အိပ်မက်မဟုတ်ပါဘူး မောင်ရယ်၊ ချို တကယ် မောင့်ဆီ လာတာပါ"

သူ့ရင်ထဲ တဝုန်းဝုန်း ခါနေတယ်။

ချို...ချိုက...

"ချို မောင့်ကို စိတ်မချလို့ လာခဲ့တာ"

"ချိုရယ်...ဒါပေမယ့် ချိုနဲ့မောင်က"

ဘဝချင်း ခြားခဲ့ပြီပဲလို့ သူ ဆက်ပြောမထွက်ရက်ဘူး။

ဒါပေမယ့် ချိုက သူ့ရင်ထဲက စကားကို နားလည်နေတဲ့ပုံပဲ။

ချို အပြုံးရိပ် လျော့ပါးသွားတယ်။

ချိုက သူ့ကို လက်ဖဝါးလေး ကမ်းပေးတယ်။

သူ့ရင်ထဲ ဆို့နင့်သွားတယ်။

ချိုဟာ သိပ်ကြင်နာသနားတတ်တဲ့သူ။

သူ့အပေါ် မိခင်တစ်ယောက်လို ကြင်နာနားလည်မှု ပေးခဲ့တဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



သူ ချို့အပေါ် သစ္စာဖောက်မိခဲ့တယ်။ အခု အဲဒီသစ္စာရဲ့ စူးရှမှုဒဏ်ကို သူ ပြန်ခံစားနေရတာပဲ ဖြစ်ရမယ်။

သူ ချို့လက်ဖဝါးလေးကို အားကိုးတကြီး ပြန်ဆုပ်ကိုင်လိုက်တယ်။

အား...။

သူ စိတ်ထဲကနေ ထိတ်လန့်တကြား အော်လိုက်မိတယ်။

နွေးထွေးနူးညံ့တတ်တဲ့ ချို့ရဲ့လက်ကလေးဟာ အသည်းထဲ စိမ့်လောက်အောင် အေးစက်နေတယ်။

အဲဒီအေးစက်မှုက ထိတ်လန့်စရာကောင်းလွန်းလှတယ်။

"မောင်ရယ်...ဘဝချင်း ဘယ်လိုခြားပေမယ့် မောင့်အပေါ် ချို့ သံယောဇဉ် မပြတ်ပါဘူး။ အရင်လို ချစ်နေဆဲပါပဲ၊ ချို့ အဲဒါကြောင့် မောင့်ဆီ ပြန်လာခဲ့တာ၊ မောင့်အနားမှာ ချို့ နေပေးမယ်၊ မောင် ဘာမှ အားမငယ်နဲ့နော်၊ ချို့ မောင့်ကိုပြုစုမယ်...သိလား"

ချို့က သူ့ထုံးစံအတိုင်း လေသံအေးအေးနဲ့ သူ့ကို တိုးတိုးလေးပြောပြီး အားပေးတယ်။

"ချို့ရယ်"

သူ အေးစက်နေတဲ့ ချို့လက်ခုံလေးပေါ်မှာပဲ မျက်နှာကို မှောက်ချလိုက်မိတယ်။

သူ့ရဲ့ခါးသီးတဲ့ မျက်ရည်စက်တွေဟာ ချို့လက်ခုံလေးပေါ် စီးဆင်းပြီး အံ့ဩဖို့ကောင်းလောက်အောင် လျှင်မြန်စွာစိမ့်ဝင်ပျောက်ကွယ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


ချိုက ကျန်လက်ကလေးတစ်ဖက်နဲ့ သူ့ကျောပြင်ကို ဖွဖွ ညင်သာစွာ ပွတ်သပ်ပေးရင်း...

"မောင် အခု ဘာလုပ်ချင်လဲပြော..ဘာဖြစ်ချင်သလဲပြော.. မောင့်ဆန္ဒတွေအားလုံးပြည့်အောင် ချိုဖြည့်ဆည်းပေးမယ်"

သူ ပိုပြီးဝမ်းနည်းကြေကွဲသွားရတယ်။

ချိုဟာ အခုထိ သူ့ကို ဖြည့်ဆည်းပေးလိုဆဲပါပဲလား။

"မောင် အိမ်ပြန်ချင်တယ်"

"အိုကေ...ပြန်ရမှာပေါ့ မောင်"

"ချိုနဲ့အတူတူ အိမ်မှာ အေးအေးလေး နားချင်တယ်"

သူ့အသံတွေ အက်ဝင်သွားတယ်။

တကယ်တမ်းမှာ သူ့အတွက် အလိုအပ်ဆုံးဟာ ချို့ရင်ခွင်ပဲ။

ချို့ရဲ့ မပြောင်းလဲတဲ့ အကြင်နာတွေဟာ သူတို့နှစ်ယောက် ကြားက ဘဝချင်းခြားနေတယ်ဆိုတဲ့အဖြစ်ကို...မေ့ပျောက်စေနိုင် တယ်။

ဒီတစ်ခါ ချို့ကို မခွဲတော့ဘူး..

စွန့်မပစ်ထားခဲ့တော့ဘူး...လို့...

သူ ခါးသီးတဲ့ မျက်ရည်စက်တွေကို သက်သေထားပြီး ကျိန် ဆိုလိုက်တယ်။

၅ ၅ ၅ ၅


www.burmeseclassic.com

www.burmeseclassic.com


သူ တို့တိုက်ခန်းရှိရာ အထပ်မြင့်အိမ်ရာဝင်းထဲကိုဝင်တဲ့ လမ်းသွယ်ကလေးဟာ ကုန်းမြင့်ကလေးမို့ နည်းနည်းမတ်တယ်။

သူ ထိုင်နေတဲ့ ကုလားထိုင်တွန်းလှည်းကလေးဟာ ဖြည်းညင်းစွာ ကုန်းမြင့်ကလေးပေါ် တက်လာခဲ့တယ်။

ချို မောနေရှာမှာပဲ။

သူ့ကို လတ်ဆတ်တဲ့လေ ရှူရအောင် ဦးချဲပေါ် ထိုင်စေပြီး ချိုဟာ မမောသလို တွန်းပေးရှာတယ်။

"မောနေပြီလား ချို..."

"အဟင်းဟင်း"

ချို ဘာဖြစ်လို့ ရယ်တာပါလိမ့်။

သူ့မေးခွန်းထဲမှာ ရယ်စရာ မပါဘူး ထင်ပါတယ်။

"ဘာဖြစ်လို့ ရယ်တာလဲ ချို..."


www.burmeseclassic.com

www.burmeseclassic.com



"ချိုက ဘယ်လိုမောမှာလဲ မောင်ရယ်၊ ချိုက လူမှ မဟုတ်တာ"

ချိုစကားအဆုံး သူ ကြက်သီးတွေ ဖြန်းခနဲ ထသွားတယ်။

ဒါဟာ မေ့ထားလို့ မရတဲ့အရာပဲ။

သူ မေ့ဖို့ အကြိမ်ကြိမ်ကြိုးစားလည်း တကယ်တမ်းမှာ မဖြစ်နိုင်ပါဘူး။ ဘဝချင်းခြားတယ်ဆိုတဲ့အသိက သူ့ကို တစ်ခါတစ်ရံ အရမ်းတုန်လှုပ်စေတယ်။

အခုပဲကြည့်...

အိမ်အဝင်မှာ ချိုဟာ တံခါးကို သော့ဖွင့်မနေဘဲ လေဟာနယ်တစ်ခုထဲ စိမ့်ပြီးဝင်လိုက်သလို တံခါးရွက်ထဲ သူ့ဗိုးချဲ့ကို တည့်တည့်ဝင်တိုးလိုက်တယ်။

သူ့ရင်ထဲ အေးခနဲ ဖြစ်သွားတယ်။

အဲ့ဒီ အေးခနဲ ဆိုတဲ့အရသာဟာ...အတော်တုန်လှုပ်စရာကောင်းသလို အတော်လည်း ချောက်ခြားစရာ ကောင်းလှတယ်။

တစ်စက္ကန့်...

တစ်စက္ကန့်လေးပါပဲ...။

လေယာဉ်ဟာ တိမ်တိုက်ထဲ ဖြတ်ဝင်လိုက်တဲ့အခါ ငြိမ့်ခနဲ ဖြစ်သွားသလိုမျိုး။

"ချို...ချို..."

သူ ဗိုးချဲ့လက်ကိုင်ကို မြဲမြဲဆုပ်ကိုင်ပြီး အလန့်တကြား ခေါ်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com


ချိုက တံခါးကို ဖွင့်ပြီးတဲ့အချိန်မှာ မျက်နှာကို သူ့ရှေ့ ငိုက်ချပြီး ဘာမှမဖြစ်သလိုဘဲ အေးအေးဆေးဆေး ပြုံးပြတယ်။

"ဘာကြောက်စရာရှိလို့လဲ မောင်ရယ်"

"ဟင့်အင်း…အဲလိုမလုပ်ပါနဲ့ ချို၊ ကိုယ်…ကိုယ်"

သူ တုန်လှုပ်ခြောက်ခြားရတဲ့အကြောင်း ဆက်မပြောဖြစ်ဘူး။

ချိုက သူ့ကို ကလေးငယ်တစ်ယောက်လို အားပေးနှစ်သိမ့်သလို ပြုံးပြပြီး…

"ချို့မှာ ကမ္ဘဇိဒ္ဓိ ရှိပါတယ် မောင်ရယ်၊ ချို့ကို ယုံပါ၊ ဘာမှမကြောက်ပါနဲ့"

ကမ္ဘဇိဒ္ဓိ။

ဒါဟာ နာနာဘာဝတွေမှာသာ ရှိတတ်တဲ့ စွမ်းအားပဲ။

ဟုတ်သားပဲ…ချိုက…ချိုက။

သူ ဆက်မတွေးရဲဘူး။

သူ့အဖြစ်က နာနာဘာဝကိုမှ အားကိုးတကြီး အတူနေမိသလို ဖြစ်နေပါပေါ့လား။

သူ့အဖြစ်ကို ဘေးလူတွေသိရင် ရူးသွပ်နေတယ်လို့ သတ်မှတ်ကြမှာ အမှန်ပဲ။

"ကဲ…မောင်၊ ဆေးဟင်းချို ပူပူလေး သောက်ရအောင်နော်၊ ခဏနေရင် မောင့်ကို ရေချိုးပေးမယ်"

ချိုက သူ့မွေးရာပါ ဂုဏ်သတ္တိအတိုင်း အေးအေးလေး ပြုံးပြီး


www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေထဲကို စိုက်ကြည့်ပြီး ပြောတယ်။

ချို အဲ့သလို စိုက်ကြည့်ရင်...သူ့မှာ ဘာမှ ငြင်းဆန်နိုင်တဲ့ အင်အားမရှိတော့သလို ချိုပြောသမျှ အမိန့်တစ်ခုကို နာခံသလို ခေါင်းညိမ့်ဖို့သာ သိတတ်တော့တယ်။

ချိုက သူ့ကို ထားခဲ့ပြီး မီးဖိုခန်းထဲ ဝင်သွားတယ်။

သိပ်မကြာခင်မှာ အငွေ့တထောင်းထောင်း ထနေတဲ့ ကြွေပန်းကန်လုံးတစ်လုံးကို ကိုင်ပြီး ပြန်ထွက်လာတယ်။

ချို့ရဲ့ဆေးဟင်းချိုနဲ့ဟာ ပန်းပေါင်းစုံ ထည့်ကျိုထားသလို မွှေးအီလှတယ်။ အဲ့ဒီအနံ့ရတာနဲ့ သူ့အစာအိမ်ဟာ ချက်ချင်းဆာလောင်မွတ်သိပ်လာတယ်။ လျှာရင်းဆီက သွားရည်တွေပါ စိမ့်ထွက်လာတယ်။

"မြန်လှချေလား ချို"

"တည်ပြီးသား မောင်ရဲ့၊ ပြန်နွေးရုံပဲဟာ၊ ရော့...သောက်လိုက်..ပူပူလောလောလေး"

သူဟာ ချို့လက်ထဲက ဟင်းချိုပန်းကန်လုံးကို အမြန်ယူလိုက်ပြီး အငမ်းမရ မော့ချလိုက်တယ်။

မွှေးအီလှတဲ့ ဟင်းချိုရည်တွေဟာ...သူ့လည်ချောင်းတစ်လျှောက် ပူနွေးရှိန်းမြစွာ စီးဝင်သွားတယ်။

ရှိန်းဖိန်းပြီး သူ့နားထင်နားရင်းတွေ ပွင့်ထွက်သွားသလို ခံစားလိုက်ရတယ်။

ခဏကြာတော့ သူ တငြိမ့်ငြိမ့်နဲ့ လေဟုန်စီးရသလို စီးမျော



www.burmeseclassic.com

www.burmeseclassic.com



နေတော့တယ်။

"ကဲ...မောင်ရေ ရေချိုးရအောင်"

ချိုက သူ့ကို ညင်သာစွာ ဆွဲထူတယ်။

ချို့အသားတွေဟာ အေးစက်သလောက် လေထုနဲ့ ထိတွေ့ရသလိုပဲ စိတ်ထဲ ဟာလာဟင်းလင်းကြီး။

ချိုက နွေးနွေးလေးနဲ့ သင်းသင်းလေး မွှေးပျံ့နေတဲ့ ရေချိုးကန်ထဲမှာ သူ့ကိုထိုင်စေပြီး ရေမြှုပ်လေးနဲ့ ပွတ်တိုက်ပေးတယ်။

သူ တငြိမ့်ငြိမ့် စီးမျောနေရာကနေ ချို့ပခုံးသားတွေကို ဖွဖွလေး ခေါင်းတင်မှီမိတယ်။

သူ့ရဲ့ကျန်ရစ်တဲ့ ဘဝသက်တမ်းအတွက် ချို့ကို သူ အားကိုးမိတာ အမှန်ပါပဲ။

သူ မှေးစင်းနေတဲ့ မျက်ခွံတွေကို အားယူဖွင့်ပြီး ချို့ရဲ့အပြုံးမျက်နှာအေးအေးလေးကို မော့ကြည့်လိုက်တယ်။

"အား..."

သူ အသံကုန်ဟစ်ပြီး ကြောက်လန့်တကြား အော်လိုက်မိတယ်။

မှေးစင်းနေတဲ့ သူ့မျက်လုံးတွေဟာ ပြူးကျယ်ဝိုင်းစက်သွားတယ်။

ချို့မျက်နှာမှာ အေးဆေးနူးညံ့တဲ့ မျက်လုံးတွေရော အမြဲတစေ ပြုံးချိုနေတတ်တဲ့ နှုတ်ခမ်းတွေရော ဘာမှမရှိတော့ပါလား။

ပြာနှမ်းနေတဲ့ မျက်နှာပြောင်ကြီးဟာ သူ့အာရုံသည်းတွေကို



www.burmeseclassic.com

www.burmeseclassic.com


လက်အေးအေးကြီးနဲ့ ဆွဲဆုပ်လိုက်သလိုပဲ။

သူ အချိန်ကြာမြင့်စွာ လောကနဲ့ အဆက်ပြတ်သွားပါတော့တယ်။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း(၉)

နှောင်း ခုချိန်မှာ အတွေ့ချင်ဆုံးလူဟာ သလင်းချို ဆိုတဲ့ မိန်းမတစ်ယောက်ကိုပဲ။

ဒီမိန်းမဟာ နှောင်းကို ဘာကြောင့် ဒုက္ခပေးခဲ့တာလဲ၊ နှောင်းရဲ့ သာယာလှပနေတဲ့ဘဝတစ်ခုကို ဘာလို့ ဖျက်ဆီးခဲ့ရတာလဲဆိုတာ နှောင်း သေသေချာချာ သိရမှဖြစ်မယ်။

အလိုမရှိတုန်းက ကိုယ့်ဆီ တန်းတန်းမတ်မတ် ရောက်လာတတ်ပြီး တွေ့ချင်တဲ့အချိန်ကျမှ ပျောက်ချင်းမလှ ပျောက်နေတော့


www.burmeseclassic.com

www.burmeseclassic.com


တာမို့ နှောင်း ခံရခက်နေမိတယ်။

ဒါပေမယ့် တွေ့ချင်တော့လည်း လုံးဝထင်မှတ်မထားတဲ့အချိန်မှာပါ။

အလုပ်အားတဲ့တစ်ညနေ စာအုပ်ဆိုင်ထဲက အထွက်မှာ မလှမ်းမကမ်းက အအေးဆိုင်ကလေးထဲ သူမ ထိုင်နေတာလှမ်းတွေ့လိုက်ရတယ်။

နှောင်း ဘာမှစဉ်းစားမနေတော့ဘဲ ခြေလှမ်းကျဲကျဲတွေနဲ့ သူမဆီ လျှောက်သွားတယ်။

နှောင်း အအေးဆိုင်ထဲအဝင်မှာ သူမ ဖျတ်ခနဲဆို ပျောက်သွားတယ်။

နှောင်း အသက်တောင် မရှူမိတော့ဘူး ထင်တယ်၊ အံ့သြလွန်းလို့။

မျက်စိရှေ့တင် ပျောက်သွားတာမို့ နှောင်း ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် ဖြစ်ရတယ်။

နှောင်း သေချာအောင် နံဘေးနားက စားပွဲကို မေးမိတယ်။

"ခုန ဒီစားပွဲမှာ ထိုင်နေတဲ့ ဆံပင်ကျောလယ်လောက်အရှည်နဲ့ အစ်မကြီးတစ်ယောက် ဘယ်ဘက်များ ထွက်သွားတာ တွေ့လိုက်မိသလဲ"

အမေးခံလိုက်ရတဲ့ စုံတွဲက နှောင်းကို အူကြောင်ကြောင်နဲ့ ပြန်ကြည့်ပြီး ခေါင်းခါပြတယ်။

"အဖြူရောင် ကုတ်အင်္ကျီနဲ့လေ...၊ ခုနကဒီစားပွဲမှာ တစ်


www.burmeseclassic.com

www.burmeseclassic.com


ယောက်တည်း ထိုင်နေတာ"

စုံတွဲလေးက...တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်တယ်။ ပြီးတော့ နှောင်းကို စိတ်မသက်မသာကြည့်ပြီး...

"တစ်ခုခုတော့ မှားနေပြီ အစ်မ၊ ကျွန်တော်တို့ ဒီမှာ ထိုင်နေတာ ကြာပြီ၊ အဲ့ဒီစားပွဲမှာ ဘယ်သူမှ မရှိပါဘူး"

"ရှင်..."

နှောင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရတယ်။

ရှက်စိတ်နဲ့ နှောင်း မျက်နှာတစ်ပြင်လုံး ထူပူသွားရတယ်၊ အအေးဆိုင်ထဲကနေ နှောင်း ချက်ချင်းလှည့်ထွက်လာခဲ့တယ်၊ အဲ့ဒီအချိန်မှာပဲ သူမကို တက္ကစီတစ်စီးပေါ်မှာ တွေ့လိုက်ရပြန်တယ်။

နှောင်း ချက်ချင်းပဲ တက္ကစီ ဖမ်းတားလိုက်တယ်။

"ရှေ့က တက္ကစီနောက် လိုက်ပေးပါနော်၊ မျက်ခြည်မပြတ်စေနဲ့"

ဒရိုင်ဘာက အူကြောင်ကြောင်နဲ့ ခေါင်းညိတ်ပြတယ်။

သူမက နှောင်းလိုက်လာတာကို အတပ်သိတဲ့ပုံစံနဲ့ နောက်လှည့်ကြည့်တယ်။

နှောင်းစိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားတယ်။

"ရှေ့ကားထဲက အမျိုးသမီး ဆင်းတဲ့နေရာမှာ လိုက်ရပ်ပေးပါနော်"

"ခင်ဗျာ"

ဒရိုင်ဘာက နှောင်းကို အူကြောင်ကြောင်နဲ့ လှည့်ကြည့်


www.burmeseclassic.com

www.burmeseclassic.com


တယ်။

"ရှေ့ကားထဲမှာ ဘယ်သူမှ မပါဘူးခင်ဗျ"

"..... ..... ..... ..... ..... ....."

"ဆောရီး...ကျွန်မ အမြင်မှားတာ ထင်ပါရဲ့...၊ အဲ...ရှေ့က ကားရပ်တဲ့နေရာ လိုက်ရပ်ပေးပါနော်၊ ကျွန်မ ကိစ္စရှိလို့ပါ"

နောင်း ဒီတစ်ခါတော့ မသိချင်ယောင်ဆောင်ပြီး စကားကို ချက်ချင်း ပြန်ပြင်လိုက်ရတယ်။

ဒရိုင်ဘာ နည်းနည်းတော့ စိတ်ရှုပ်သွားပုံရတယ်။ ဒါပေမယ့် နောင်းကတော့ သေသေချာချာ သိလိုက်ပါပြီ။ သူမကို နောင်းတစ်ယောက်တည်း မြင်ရတယ်ဆိုတာ...။

နောင်းလို သူများတွေ ဘာလို့ သူမကို မတွေ့မြင်ကြရတာလဲ။

နောင်း ကြက်သီးတွေ တဖြန်းဖြန်းထပြီး ခေါင်းနားပန်းကြီး သွားမိတယ်၊ သလင်းချိုဟာ ဘာလဲ။

နောင်း ရင်တွေ တဒိုင်းဒိုင်း ခုန်ပြီး ထိတ်လန့်တုန်လှုပ်ဆဲမှာပဲ သူမ စီးလာတဲ့ တက္ကစီကားဟာ ရပ်လိုက်တာ တွေ့ရတယ်။

သူမ ကားပေါ်ကဆင်းပြီး အဆင့်မြင့်လှသည့် အထပ်မြင့် အိမ်ရာဝင်းထဲ ဝင်သွားတာ တွေ့လိုက်ရတယ်။

နောင်း နောက်ပြန်လှည့်ဖို့ စိတ်ကူးမိသေးပေမယ့် သူမ ဘာလဲဆိုတာ သေသေချာချာသိချင်တာကြောင့် သူမနောက်ကို မခေါင်မလည်နဲ့ လိုက်သွားမိတယ်။


www.burmeseclassic.com

www.burmeseclassic.com


ခါတ်လှေခါးနှင့်မတက်ဘဲ ရိုးရိုးလှေခါးနှင့် တက်သွားသဖြင့် မရိပ်မိအောင် နောက်မှ သတိထားပြီး လိုက်တက်လာခဲ့သည်။

(၁၀)ထပ်အထိ တက်ပြီးချိန်မှာတော့ ကော်ရစ်တာဘက် ချိုးကွေ့သွားပြီး အခန်းတစ်ခုရဲ့ရှေ့အရောက်မှာ သူမ ဖျတ်ခနဲ ပျောက်သွားတယ်။

ထိုအထပ်က အခန်းအများစုမှာ လူမနေသေးမှန်း သိသာလွန်းလှစွာ ခြောက်ကပ်တိတ်ဆိတ်လွန်းလှသည်။

သူမပျောက်ကွယ်သွားသောအခန်း၏ တံခါးရှေ့အရောက်.. နောင်း နောက်ကျော ဖြန်းခနဲ ကြက်သီးထသွားပြီး ချက်ချင်းနောက်ပြန်လှည့်ဖို့ ကြိုးစားလိုက်စဉ်မှာပဲ...။

၅. ၅. ၅. ၅.


www.burmeseclassic.com

www.burmeseclassic.com



"ကျွီ..."

တံခါးဟာ ချပ်ခနဲ ပွင့်သွားခဲ့ပြီး...

"လာ...ညီမလေး၊ မမ နှောင်းကို စောင့်နေတာ"

စောင့်နေတာ...။

နှောင်း ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးတွေ ဖြန်းခနဲ ဖြန်းခနဲ စုန်ဆန်ထသွားတယ်။

နှောင်းလက်ဟာ ဆောင့်ခနဲ ဆွဲခြင်းခံလိုက်ရပြီး..အိမ်ထဲ ရောက်သွားခဲ့တယ်။

တစ်ပြိုင်ထဲမှာလဲ နှောင်းရဲ့နောက်ကျောဘက်မှာ တံခါးဟာ ချပ်ခနဲ ပြန်ပိတ်သွားခဲ့ပြီး...

"ကျွန်မ...ကျွန်မ"



www.burmeseclassic.com

www.burmeseclassic.com


"နောင်း မမကို သိပ်တွေ့ချင်နေတာ မဟုတ်လား"

"မ...မဟုတ်"

နောင်း ငြင်းဆန်ဖို့ စကားလုံးတွေ ထစ်ငေါ့တစ်ဆို့ ရပ်တန့်သွားခဲ့တယ်။

နောင်း သူ့ကို သိပ်တွေ့ချင်ခဲ့တာ မှန်ပေမယ့်..အခုတော့ မျက်နှာချင်း မဆိုင်ရဲဘူး။

နောင်း သူ့ကို ကြောက်တယ်။

သူမဟာ လူမဟုတ်ဘူး။

သူ့ရဲ့သွေးအေးလှတဲ့ မျက်လုံးတွေကို...နောင်း ကြောက်တယ်။

"ထိုင်ပါ နောင်း"

မမက အိစက်ဖွေးသန့်နေတဲ့ ဆိုဖာဆက်တီကို လက်ညှိုးညွှန်ပြတယ်။

မမရဲ့ညှော်ခန်းဟာ နောင်းရဲ့အခန်းလေးနဲ့ယှဉ်ရင် မနှိုင်းဝံ့အောင် ထည်ဝါလွန်းလှတယ်။

နောင်းဟာ မမရဲ့ရှေ့မှာ ယုန်သူငယ်တစ်ကောင်လို ဝပ်စင်းနေမိတယ်။

မမဟာ ဒီလောက် ပြည့်ပြည့်စုံစုံ အနေအထားနဲ့များ နောင်းလို ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို ဘာလို့အရောတဝင် လုပ်ခဲ့ရတာလဲ။ ရင်းနှီးအောင် ဖန်တီးခဲ့ရတာလဲ။

အဲ့ဒီအဖြေကို ဧည့်ခန်းရဲ့အဝင်ထောင့်မှာ ချောင်ထားတဲ့


www.burmeseclassic.com

www.burmeseclassic.com



သတို့သား သတို့သမီး စုံတွဲဓါတ်ပုံကြီးက နှောင်းကို ဖော်ထုတ်ပေးခဲ့ပါတယ်။

"ဟင်..."

နှောင်းဟာ ကိုယ်တစ်ပိုင်း ဓါတ်ပုံကြီးရှေ့မှာ...အသက်ရှူရပ်မတတ် ကြက်သေ,သေနေမိတယ်။

ဓါတ်ပုံထဲက သတို့သားဟာ...

"အဲ့ဒါ မမရဲ့အမျိုးသားလေ...ကောင်းသစ်ထူးတဲ့၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်တယ်၊ အရမ်းကို ငွေရှာတော်တဲ့သူပေါ့၊ အမျိုးသမီးငယ်လေးတွေကလဲ သူ့လက်ဖျားမှာ သီးနေတဲ့ငွေတွေကိုပဲ မြင်တယ်လေ၊ သစ္စာနဲ့ ကိုယ်ချင်းစာတရား မရှိကြဘူး"

နှောင်းဟာ အသက်ရှူသံပြင်းပြင်းတွေ ထွက်နေမိတယ်။

ကိုယ့်ကိုယ်ကို တည်ငြိမ်အောင် ဘယ်လိုမှ ကြိုးစားလို့ မရတော့ဘူး။

"မဟုတ်..မဟုတ်..နှောင်း တကယ်ကို မသိခဲ့"

နှောင်းဟာ သူ့ကို တောင်းပန်ဖို့ပဲ အပြင်းအထန် ကြိုးစားနေမိတယ်၊ နှောင်းလည်ချောင်းထဲမှာ ဖြေရှင်းပြဖို့ စကားလုံးတွေနင်နေတယ်၊ နှောင်းဟာ လှည့်ကွက်တစ်ခုထဲ တကယ့်ကို မသိနိုင်စွာမိုက်မှားမိခဲ့တာပါ။ နှောင်း ရည်ရွယ်ချက်ရှိရှိနဲ့ ပြစ်မှားကျူးလွန်ခဲ့တာမဟုတ်ရပါဘူး။

သူ့ရှေ့မှာ နှောင်း ပုံလျက်သား လဲကျသွားတယ်။

နှောင်း သူ့ရှေ့မှာ ဒူးထောက်လိုက်ပြီး လက်ကို တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com


ဆုပ်ကိုင်ပြီး တောင်းပန်ဖြေရှင်းပြပြီး ကြိုးစားတယ်။

"နှောင်း တကယ်မသိခဲ့တာပါ မမရယ်၊ ကိုကို့မှာ အိမ်ထောင်ရှိမှန်း တကယ်မသိခဲ့တာပါ။ နှောင်း ကိုကို့ကို ပိုက်ဆံမက်လို့ ချဉ်းကပ်ခဲ့တာ မဟုတ်ရပါဘူး၊ နှောင်း...နှောင်း"

နှောင်း ကိုကို့ကို တကယ်ချစ်ခဲ့တာပါလို့ ဆက်ပြောမထွက်ဘူး၊ ဒါပေမယ့် နှောင်း ဆက်မပြောဖြစ်ခဲ့တဲ့စကားကို သူက နားလည်နေတယ်။

"ဘာပဲဖြစ်ဖြစ် ယောက်ျားတစ်ယောက်ရဲ့နောက်ကြောင်းကို မင်းစုံစမ်းခဲ့သင့်တာပေါ့...၊ အချစ်တစ်ခုတည်းနဲ့ ယောက်ျားတစ်ယောက်ကို လက်မခံသင့်ဘူးဆိုတာ မင်းနားလည်ရမှာပေါ့"

သူမအသံက အေးခဲမာတောင့်နေတယ်။

သူမ ရင်ထဲက အမုန်းဟာ ဘွင်းဘွင်းကြီး ပေါ်လာပါပြီ။

"နှောင်းကို ခွင့်လွှတ်ပါ မမရယ်၊ နှောင်း ကိုကို့နဲ့လည်း လမ်းခွဲခဲ့ပြီးပါပြီ၊ နှောင်း ရှေ့ဆက်မတိုးပါဘူး"

သူ ပြုံးတယ်။

သူ့အပြုံးက သွေးအေးလွန်းလှတယ်။

သွေးအေးအေးကလေးနဲ့ ရက်စက်မယ့်အပြုံးမျိုး။

"အားလုံးလွန်ခဲ့ပြီ ခေတ်နှောင်း"

နှောင်း နောက်ကို လန်ကျတော့မလို ဖြစ်သွားရတယ်၊

သူ...သူ နှောင်းကို အလွတ်မပေးတော့ဘူးလား။

နှောင်းရဲ့သာယာလှပတဲ့ဘဝဟာ..တစ်စစီ ပြိုကွဲပျက်စီးခဲ့


www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီပဲ…နောက်ထပ် ဘာများ ကျန်သေးလို့လဲ။

"မင်း…မင်း သိပ်ကံကောင်းတယ် ခေတ်နှောင်း"

နှောင်း သူ့ကို အံ့သြတကြီး မော့ကြည့်လိုက်တယ်။

ဒီလောက် ဒုက္ခရာအနာတရတွေ ပြည့်နှက်နေတဲ့ မိန်းက လေးတစ်ယောက်ဟာ ကံကောင်းသတဲ့လား။

"ငါက မင်းတို့နှစ်ယောက်လုံးကို ရည်ရွယ်ခဲ့တာ၊ ဒါပေမယ့် မင်းက အစားကို မက်မက်မောမောမရှိတော့ ငါ့ရည်ရွယ်ချက် မ အောင်မြင်ဘူး ဖြစ်ခဲ့ရတယ်၊ မောင်ကတော့ အစားကို တရားလွန် မက်မောခဲ့သူဆိုတော့ ငါ့ပစ်မှတ်ထဲ တည့်တည့်မတ်မတ် ရောက်တာ ပေါ့"

မောင်…။

နှောင်း အသည်းထဲ တဆတ်ဆတ် ခါသွားရတယ်။

သူ ကိုကို့ကို ပြောတာပဲ။

ဘယ်လောက် ရက်စက်လိုက်တဲ့ မိန်းမလဲ။

ကိုယ်ချစ်မြတ်နိုးလို့ လက်ထပ်ခဲ့တဲ့ ယောကျ်ားတစ်ယောက် ကိုတောင် ရက်ရက်စက်စက် သေအောင်ကြံစည်ရက်တဲ့မိန်းမ…။

"မင်းက ငါ့ကို သိပ်ရက်စက်တယ် ထင်မှာပေါ့၊ တကယ် တော့ မင်းတို့ ငါ့အပေါ် ရက်စက်ခဲ့တာက အများကြီးပိုပြင်းထန်ပါ တယ်၊ ငါ့ဘဝတစ်ခုလုံး အဖတ်ဆယ်မရတော့အောင် မင်းတို့နှစ် ယောက် ဖျက်ဆီးပစ်ခဲ့တာ..ငါ့ဘဝ..ငါ့ကလေး..ပြီးတော့ ငါ့အသက်"

သူမ မျက်လုံးတွေ အေးခဲသထက် ပိုပြီးအေးခဲလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com


သူမရဲ့မျက်လုံးတွေ တစ်နေရာထဲမှာ စိုက်လို့နေတယ်။

တစထက်တစ နီရဲဝင်းတောက်ပြီး အက်ကွဲလာတယ်။

နောင်း ချက်ချင်းမတ်တတ်ထရပ်ပြီး နောက်လှည့်ပြီး ထွက်ပြေးဖို့ ကြိုးစားလိုက်တယ်။

"အံမယ်လေး..."

နောင်း မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်ပြီး ကြောက်လန့်တကြား အော်လိုက်မိတယ်။

တံခါးဝမှာ..သူ။

နောင်း ကြောက်လွန်းလို့ မလှုပ်မယှက် ဖြစ်နေမိတယ်။

စိတ်ကို တည်ငြိမ်အောင်ထားပြီး ကြည့်နေစဉ်မှာ တံခါးဘေးကနံရံမှာ ထင်ဟပ်လာတဲ့ သလင်းချို့ ရဲ့ပုံရိပ်ကို သတိပြုမိလာတယ်။

"မင်း အသေအချာကြည့်စမ်း"

သူ့အသံက အမိန့်သံတစ်ခုလို ထွက်ပေါ်လာတယ်။

နောင်းကြောင်ပြီး နံရံပေါ်က ပုံရိပ်ကို စိုက်ကြည့်နေမိတယ်၊ ဒါပေမယ့် အခုလက်ရှိ ပုံရိပ်မဟုတ်ဘူး။

သူမရဲ့ဝမ်းဗိုက်ဟာ ဖောင်းနေတယ်။

ကိုယ်ဝန်ဆောင်သည်..နေ့စဉ်လစဉ် ကိုယ်ဝန်ဆောင်သည် တစ်ယောက်ရဲ့ပုံရိပ်။

မျက်နှာပြင်က ပြုံးလဲ့လဲ့လေးနဲ့ ပကတိ နူးညံ့ကြည့်ရင်းနေတယ်။ လက်ထဲမှာလည်း ဈေးခြင်းတောင်းနဲ့...။

ခြင်းတောင်းထဲမှာ သားငါး ဟင်းလျာတွေကို ရှုပ်လင်လှတယ်။


www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်ပြီးကာစ ပုံမျိုး။

နံရံပေါ်က ပုံရိပ်ဟာ တဖြည်းဖြည်း လှုပ်လာတယ်။

နှောင်း အံ့အားသင့် ထိတ်လန့်ရလွန်းလို့ မျက်တောင်မခတ်စတမ်း စိုက်လို့ကြည့်နေမိတယ်။

သူမ ဈေးခြင်းတောင်း ဆွဲပြီး တက္ကစီကားတွေကို မျှော်ကြည့်တယ်။

ခရီးသည် လွှတ်တဲ့ကားတစ်စီးမှ မရှိသေးဘူး။

အဲ့ဒီအချိန်မှာ...

လမ်းတစ်ဖက်ခြမ်းက နောက်ဆုံးပေါ်မော်ဒယ် ကားတစ်စီးပေါ်မှာ...

"ဟင်!!..."

နှောင်း နှုတ်က အာမေဋိတ်သံ ထွက်ကျသွားတယ်။

နှောင်းနဲ့ကိုကို...။

ကြည်ကြည်နူးနူး စနောက် ပြုံးပျော်နေကြတယ်။

သူမ အကြည့်တစ်ချက်အဝေ့...

နှောင်းတို့ကို မြင်သွားပြီးတဲ့နောက်...

အဖြစ်အပျက်က မြန်ဆန်လွန်းလှတယ်။

နှောင်းတို့ရှိရာဆီ သတိလက်လွှတ် ကားလမ်းဖြတ်အကူး... အကွေ့ကားတစ်စီးနဲ့ တည့်တည့်မတ်မတ်။

"အို.."

လမ်းပေါ်မှာ ဈေးခြင်းတောင်းထဲက ဟင်းလျာတွေဟာ တစ်



www.burmeseclassic.com

www.burmeseclassic.com



စစီကြဲပြန့်…၊ သူမ ငြိမ်သက်စွာ လဲကျပြီးတော့ ရဲရဲနီစွေးတဲ့ သွေး တွေ..။

နှောင်း မျက်လုံးတွေကို ကျပ်နေအောင် မှိတ်ပြီး မျက်နှာကို လက်ဝါးပြင်ထဲ မှောက်နှစ်ချလိုက်မိတယ်။

ကိုကိုနဲ့နှောင်း အလုပ်ကအပြန် စားသောက်ဆိုင်တစ်ခုမှာ ညနေစာ စားပြီး အပြန်မြင်ကွင်း။

နှောင်း အားလုံးကို အသေအချာ မှတ်မိလိုက်ပါပြီ။

အဲ့ဒီတုန်းက နှောင်း အနိဋ္ဌာရုံမြင်ကွင်းတွေကို မမြင်ရဲလို့ သွားမကြည့်ဖြစ်ခဲ့ဘူး။

သွားကြည့်ချင်တဲ့ ကိုကို့ကိုလည်း တားခဲ့မိတယ်။

တကယ်လို့ နှောင်းနဲ့ကိုကိုသာ အဲ့ဒီနေ့က ကားတိုက်ခံရတဲ့ နေရာကို သွားကြည့်မိခဲ့ရင် ဒီလို နောက်ဆက်တွဲ အဖြစ်ဆိုးတွေ ကြုံ တွေ့ရမှာ မဟုတ်ဘူး။

နှောင်း မျက်လုံးပြန်ဖွင့်ကြည့်တဲ့အချိန်မှာ နံရံပေါ်မှာ ဘာ ပုံရိပ်မှ မရှိတော့ဘူး။

နှောင်း ပြန်လှည့်ပြီး သူမကိုမျက်နှာချင်းဆိုင်လိုက်တဲ့အချိန် မှာ သူ့ မျက်လုံးတွေထဲက မျက်ရည်တွေ စီးကျနေတာ တွေ့လိုက်ရ တယ်။

နှောင်းရင်ထဲ နင့်ခနဲ ဖြစ်သွားရတယ်၊ မိခင်လောင်းတစ် ယောက်ရဲ့ ခံစားမှု…ကြေကွဲဖွယ် ခံစားမှု…။

"လာ…ငါ့နောက် လိုက်ခဲ့၊ ပြစရာ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမခေါ်တော့ နှောင်း တိတ်ဆိတ်စွာပဲ သူမနောက်က လိုက်သွားမိတယ်၊ သူမက အခန်းတစ်ခုရှေ့ ရောက်တော့ ရပ်လိုက်တယ်။

သူမ မျက်နှာဆီက ကြေကွဲရိပ်ဟာ ဖုံးဖိမရအောင် လျှံထွက်လာတယ်။

အခန်းတံခါးကို တုန်ယင်နေတဲ့လက်တွေနဲ့ သူမ ဖွင့်လိုက်တယ်။

ဘုရားရေ...။

အခန်းတံခါး ဖွင့်လိုက်တယ်ဆိုရင်ပဲ အခန်းတွင်းက အပြင်အဆင်ကြောင့် သူမရင်ထဲ ဆို့နင့်နွမ်းနယ်သွားခဲ့ရတယ်။

တစ်ခန်းလုံးဟာ ပြာလဲ့လဲ့ ကလေးအသုံးအဆောင် ပစ္စည်းတွေနဲ့ နုးညံ့ပြည့်လျှံနေတယ်။

ကလေးပုခက်ကလေး၊ ကလေးကစားစရာတွေ တင်ထားတဲ့ နံရံကပ်စင်၊ ကလေးအဝတ်အစားတွေ ထည့်ထားတဲ့ ဗီရို၊ ချစ်စရာကလေးပိုစတာကလေးတွေ...။

နှောင်း သတိကင်းမဲ့နေတဲ့ ခြေလှမ်းတွေနဲ့ အခန်းထဲ ဖြည်းဖြည်းချင်း လှမ်းဝင်လိုက်တယ်။

မဖြစ်တည်ရသေးခင် ဘဝကလေးတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ ကလေးငယ်လေးတစ်ယောက်ရဲ့ ဝမ်းပန်းတနည်း ငိုကြွေးရှိုက်ငင်သံလေးကိုတောင် နားထဲ သဲ့သဲ့ကြားနေရသလိုပဲ။

စင်လေးပေါ်က မိုးပြာရောင်ပေါ်မှာ အဖြူဖဲပြားလေး ဆင်ထားတဲ့ ဖိနပ်သေးသေးကလေးတစ်ရံကို နှောင်းလှမ်းယူပြီး ပါးမှာ



www.burmeseclassic.com

www.burmeseclassic.com


ဖွဖွကပ်ထားမိတဲ့အချိန်မှာ မျက်ရည်တွေဟာ အလိုအလျောက် စီးကျလာတော့တယ်။

ဘယ်လောက် ဆိုးဝါးလိုက်တဲ့ အဖြစ်အပျက်လဲ။

နှောင်း ကျောပြင်လေး တသိမ့်သိမ့် ခါအောင် ငိုကြွေးနေမိတယ်။

အဲ့ဒီအချိန်မှာ နှောင်း လုံးဝ ထင်မှတ်မထားတဲ့ အရာတစ်ခုကို ထိတ်လန့်စရာ အကောင်းဆုံး...တုန်လှုပ်ချောက်ခြားစရာ အကောင်းဆုံး အနေအထားမျိုးနဲ့ သိမြင်ခွင့်ရလိုက်တယ်။

"ဘုတ်!.."

အရှေ့ကို ဘုတ်ခနဲ ပြုတ်ကျလာလို့ ဘာများလဲလို့ နှောင်း ငုံ့ကြည့်လိုက်တဲ့အချိန်မှာ ဓါတ်ပုံတစ်ထပ် ဖြစ်နေတာ တွေ့လိုက်ရတယ်။

နှောင်း အလျှင်စလိုပဲ ဓါတ်ပုံတွေကို ယူကြည့်လိုက်တယ်။

နှောင်းရဲ့ခေါင်းတစ်ခုလုံး ချာချာလည်သွားသလို ခံစားလိုက်ရတယ်။

အသုဘ အခမ်းအနား ဓါတ်ပုံတွေ။

အလူမီနီယံ အဖြူရောင်ခေါင်းထဲမှာ အဖြူရောင်ဝတ်စုံနဲ့ အလှပဆုံး ပြင်ဆင်ထားတဲ့ အမျိုးသမီးတစ်ဦး...

သူ...

သလင်းချို။

နှောင်း ထိတ်လန့်တကြား မော့ကြည့်လိုက်တဲ့အချိန်မှာ...


www.burmeseclassic.com

www.burmeseclassic.com


အဖြူရောင်ဝတ်စုံနဲ့ ဖွေးစုတ်ပြာနှမ်းနေတဲ့ သူမကို တွေ့လိုက်ရတော့တယ်။

ပြင်းထန်လွန်းလှတဲ့ ကြောက်စိတ်တွေနဲ့ နှောင်းတစ်ကိုယ်လုံး ပွင့်ထွက်သွားပြီလား ထင်ရတယ်။

သူမ ဘာလဲဆိုတာ နှောင်း ခုတော့ သေသေချာချာကြီးကို သိခွင့်ရခဲ့ပြီ။

နှောင်းဟာ တစ္ဆေတစ်ယောက်နဲ့ ရင်းရင်းနှီးနှီး နေခဲ့မိပါလား။

အခုလက်ရှိ..နာနာဘာဝရဲ့ လက်တွင်းကျနေမိတဲ့ အဖြစ်ပါလား။

နှောင်းဟာ ကြောက်စိတ်တွေနဲ့ ဘယ်လိုမှ ရပ်တည်လို့ မရတော့တဲ့အဆုံး နေရာမှာတင် ပုံလျက်သား လဲကျသွားခဲ့တော့တယ်။


www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၁၀)

နှောင်း ပြန်သတိရလာတဲ့အချိန်မှာ ပြာနှမ်းနှမ်း ပိတ်ခဲခဲ မျက်နှာပြင်ကြီးကို မြင်လိုက်ရပြီး ချက်ချင်း ထပြေးဖို့ ပြင်လိုက်တယ်။

အေးစက်နေတဲ့ လက်တစ်ဖက်က နှောင်းကို လျှင်မြန်လှစွာ ဖမ်းဆွဲလိုက်တယ်။

"မင်း ထွက်ပြေးဖို့ မကြိုးစားနဲ့ ခေတ်နှောင်း၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"


www.burmeseclassic.com

www.burmeseclassic.com


နှောင်း ဆွံ့အသွားမိတယ်။

သူဟာ နာနာဘာဝမှန်း ပီပီပြင်ပြင် သိလိုက်ရတဲ့အချိန်ကစပြီး နှောင်းခန္ဓာကိုယ် တစ်ခုလုံးမှာ..ကြောက်စိတ်တွေနဲ့ပဲ ပြည့်နှက်နေခဲ့ပြီး...

"လာ...မင်းကို ငါ ပြစရာရှိသေးတယ်"

သူမဟာ နှောင်းကို ဆောင့်ဆွဲခေါ်သွားတယ်။

ဘာကို ပြဦးမှာလဲ။

နှောင်းဟာ အသည်းတထိတ်ထိတ်နဲ့ပဲ သူမ ဆောင့်ဆွဲခေါ်ရာနောက် ပါသွားခဲ့ရပြန်တယ်။

အခန်းတစ်ခုရှေ့ ရောက်တော့ သူမဟာ ရပ်လိုက်တယ်။

တံခါးကို ဖျတ်ခနဲ ဆွဲဖွင့်ပြီး...

"အဲ့ဒီမှာ ကြည့်လိုက်စမ်း"

အလို...။

ဘုရားရေ...။

နှောင်းဟာ ကိုယ့်မျက်လုံးကိုယ် မယုံနိုင်လောက်အောင် ဖြစ်သွားရတယ်။

ရက်ပိုင်းအတွင်းမှာ ချုံးချုံးကျပြီး အဘိုးကြီးအိုတစ်ယောက်လို အိုစာသွားတဲ့ ကိုကို့ကို အိပ်ယာထဲမှာ ကွေးကွေးကလေး အိပ်နေတာ တွေ့လိုက်ရတယ်။

ကိုကိုဟာ ဒီတစ္ဆေမရဲ့လက်ထဲ ပြန်ရောက်နေခဲ့ပြီပေါ့။

ကိုကို့ကိုကြည့်ပြီး မမြင်ရက်တော့သလို နှောင်း ခေါင်းငိုက်


www.burmeseclassic.com

www.burmeseclassic.com


လိုက်တယ်၊ ချာခနဲ လှည့်လိုက်တဲ့အချိန်မှာ မျက်ရည်စက်တွေ လွင့်စဉ်သွားတယ်။ ရင်ထဲ ဆို့ကျပ်နင့်လိုက်ပြီးနေတယ်။

ကိုကို့ရဲ့ဒီလိုပုံစံမျိုးကို နှောင်း ဘယ်လိုနှလုံးသားမျိုးနဲ့ မြင်ရက်နိုင်မှာလဲ။

နှောင်း ရှိုက်သံတွေ ပွင့်ထွက်မသွားရအောင် နှုတ်ခမ်းကို လက်သီးဆုပ်နဲ့ တင်းတင်းဖိကာထားရတယ်။

နှောင်း ရင်တစ်ခုလုံး ပွင့်ကွဲထွက်ရတော့မယ် ထင်ပါရဲ့။

၅. ၅. ၅. ၅.


www.burmeseclassic.com

www.burmeseclassic.com


# နှောင်း

ကလေးရယ်..ကိုယ့်ရင်တစ်ခုလုံးလည်း ကွဲ ထွက်ရတော့ပါမယ်။

မင်း ဘာကြောင့် ဒီကိုရောက်လာရတာလဲ။

မိစ္ဆာတစ်ကောင်ရဲ့ထောင်ချောက်ထဲကို မင်း ဘာလို့ဝင်လာ ရတာလဲ ကလေးရယ်။

ကိုယ်အားလုံးကို သိခွင့်ရခဲ့ပြီ။

အဖြူနှင့်အမည်းကို ခွဲခြားနိုင်ခဲ့ပြီ။

မင်းကို သံသယရှိခဲ့သမျှ ကိုယ် အထင်မှားခဲ့တာမှန်း သိရပြီ။

တကယ်တော့ ကြင်နာသနားတတ်လှချေရဲ့လို့ ကိုယ်ထင်ခဲ့ တဲ့ မိန်းမတစ်ယောက်က ကိုယ့်ကို ရက်ရက်စက်စက်အညှိုးတကြီးနဲ့ ကလဲ့စားချေနေခဲ့တာပဲ။

ကလေးရယ် ကိုယ် ရင့်ရင့်သီးသီး နစ်နစ်နာနာ ပြောခဲ့မိသမျှ


www.burmeseclassic.com

www.burmeseclassic.com


ခွင့်မလွှတ်ပါနဲ့။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသလို...ဟန်ဆောင်ငြိမ် သက်နေပေမယ့် မှေးမှိတ်ထားတဲ့ သူ့မျက်လုံးထောင့်က မျက်ရည်စီး ကြောင်းတစ်ခု နွေးခနဲ ဆင်းသွားတယ်။

ဘာဖြစ်လို့များ ပြန်ဆုံရတာလဲ ကလေးရယ်။

ဘယ်လောက်များ ရက်စက်ဆိုးရွားလိုက်တဲ့ ကံကြမ္မာလဲ။

သူတို့နှစ်ယောက်ဟာ နာနာဘာဝတစ်ကောင်ရဲ့ အညှိုးတ ကြီး ကလဲ့စားချေမှုအောက်မှာ ပြန်ဆုံတွေ့ခဲ့ပြီ။

၌ ၌ ၌ ၌


www.burmeseclassic.com

www.burmeseclassic.com



သလင်းချိုဆိုတဲ့ သရဲမဟာ သူတို့နှစ်ယောက်ကို တစ်လှည့်စီ ကြည့်တယ်။

နှောင်းဟာ သလင်းချိုဆိုတဲ့ မိန်းမရှေ့မှာ သူ့ကို မျက်လုံးချင်း မဆုံဝံ့သလို မျက်လွှာချထားတယ်။

"စားကြလေ...စိတ်ချလက်ချသာ စားပါ၊ ဘာအဆိပ်မှ ခတ်မထားဘူး"

သူတို့နှစ်ယောက်ကို သလင်းချိုက စားပွဲပေါ်က အစားအသောက်တွေကို မေးဆတ်ပြတယ်။

စားပွဲပေါ်မှာ အစားအသောက်တွေက စုံစုံလင်လင် ဖွယ်ဖွယ်ရာရာ ရှိလှတယ်။ မနက်စာပေမယ့် အသားကင်၊ ခေါက်ဆွဲ၊ အသင်းအနံ့မျိုးစုံနဲ့ နွှားနို့လည်းပါတယ်။

နှောင်းကလေး ဘယ်လောက်တောင် စိတ်ဆင်းရဲနေရှာသ



www.burmeseclassic.com

www.burmeseclassic.com



လဲ...။ မျက်နှာကလေး ချောင်ကျနေတယ်။ နှမ်းနယ်နေတဲ့ပုံလည်း သိပ်သိသာတယ်...။

နှားနို့တစ်ခွက်လောက်တော့ ဝင်အောင် သောက်သင့်တယ်။

"ခေတ်နှောင်းရေ...မင်းကိုကိုက မင်းကို နှားနို့သောက်စေချင်နေတယ်၊ သောက်လိုက်ဦး"

သူ့စိတ်ထဲက ဆန္ဒကို သလင်းချိုက ဝင်ပြောလိုက်တော့ သူရော နှောင်းရော အံ့အားသင့်သွားရတယ်။

တစ္ဆေတစ်ကောင်ဟာ လူတစ်ယောက်ရဲ့စိတ်ထဲက စကားလုံးတွေကို ကြားနိုင်လောက်အောင် ကမ္ဘာဇိဒ္ဓိစွမ်းရည် ထက်မြက်နိုင်သလား။

နှောင်းက သူ့ကို မရဲတရဲ မျက်လွှာပင့်ကြည့်ချိန်မှာ သူ နှားနို့ဖန်ခွက်ကို သောက်ပါဆိုတဲ့သဘော မေးဆတ်ပြလိုက်တယ်။

နှောင်း နှားနို့ခွက်ကို ဖြည်းဖြည်းချင်း လှမ်းကိုင်တယ်။

မော့သောက်ဖို့ နှုတ်ခမ်းနား တေ့လိုက်စဉ်မှာ နှောင်းမျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

ပါးစပ်ကို လက်ဝါးနဲ့အုပ်ပြီး ဘေစင်ဆီ ကမန်းကတန်း ထပြေးတယ်။

ဘာဖြစ်လို့ပါလိမ့်။

နောက်ဖေးဆီက တဝေါ့ဝေါ့နဲ့ လေအန်သံတွေ ကြားရတော့ သူ့စိတ်ထဲ မသက်သာလှဘူး။

ထလိုက်သွားချင်ပေမယ့် သလင်းချိုဆိုတဲ့မိန်းမရဲ့ စူးရှလှ



www.burmeseclassic.com

www.burmeseclassic.com


တဲ့ မျက်လုံးတွေအောက်မှာ သူ့စိတ်ဟာ ကျဉ်းကျပ်နေမိတယ်။

သလင်းချိုက သူ့ကို နှုတ်ခမ်းစွန်းတစ်ဖက် တွန့်ကွေးပြုံးပြ ပြီး နှောင်းဆီ ထွက်သွားတယ်။

"ကိုယ်သိပါတယ်...သေချာအောင် စောင့်ကြည့်နေတာ"

နောက်ဖေးခန်းထဲက သလင်းချိုရဲ့အသံဟာ ထမင်းစားခန်း ထဲ ပျံ့လွင့်လာတယ်။ သူ အသာနားစွင့်ထားမိတယ်။

"အရင်ရက်တွေကတည်းက မင်းဆံစတွေ ခြောက်နေတာ မျက်ကွင်းတွေလည်း ကျနေတာ ကိုယ်ရိပ်မိပြီးသား"

သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။ ဒါဆို...

"ဘယ်လိုလုပ်မလဲ ခေတ်နှောင်း၊ မင်းမှာ ကိုယ်ဝန်ရှိနေပြီ"

ကိုယ်ဝန်...နှောင်းမှာ ကိုယ်ဝန်ရှိနေပြီ။

သူ အလောတကြီး ထရပ်လိုက်တယ်။

နှောင်း...နှောင်းကလေး သနားစရာ...နှောင်းကလေး။

သူ့မျက်လုံးထဲ မိုက်ခနဲ ပြာဝေပြီး ဝုန်းခနဲ သူဟာ ပြိုလဲကျ သွားခဲ့တယ်။

သူ့ရဲ့မှားယွင်းမှုတစ်ခုဟာ အပြစ်မဲ့တဲ့ နှောင်းအပြင် နောက်ထပ် အပြစ်မဲ့တဲ့ လူသားကလေးတစ်ဦးကိုပါ ဒုက္ခပေးဖို့ ဖြစ်ခဲ့ပြီလား။

သူ့နှလုံးသားတွေ ကွဲကြေမတတ် မွန်းလှိုက်လို့ နေတယ်။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"နှောင်း ..."

သူ တိုးတိုးကလေး ခေါ်လိုက်တယ်။

နှောင်းမျက်လုံးတွေ ဆတ်ခနဲ ပွင့်လာတယ်။

"ကိုကို"

သူ့ကို မျက်လုံးအပြူးသားလေးနဲ့ နှောင်းကြည့်တယ်။

ပြီးတော့ ဟိုဟိုသည်သည် အကြည့်ဝေ့ဝဲဖွေရှာတယ်။

"မရှိဘူး နှောင်း၊ သူ အပြင်ထွက်သွားတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတင့်မရဲပါနဲ့ ကိုကိုရယ်၊ သူက..သူက..လူမှ မဟုတ်တာ နှောင်းတို့ မမြင်ရတာလားမှ မသိတာ"

နှောင်းက ပူပူပန်ပန် ပြောတယ်။

နှောင်းကြည့်ရတာ အဲ့ဒီမိန်းမကို အရမ်းကြောက်ရှာမှန်း သိသာတယ်။

"နှောင်း...အချိန်မရှိဘူး၊ သူ လစ်တုန်း နှောင်းကို ကိုယ်ပြောစရာရှိတယ်"

"ဘာလဲ ကိုကို"

"နှောင်း ဒီကနေ အမြန်ဆုံး ထွက်နိုင်အောင် ကြိုးစား..၊ သူ နှောင်းကို လွှတ်ပေးတော့မှာ မဟုတ်ဘူး၊ နှောင်းကို တဖြည်းဖြည်းနဲ့ ညှဉ်းပြီး..."

သူ့စကားမဆုံးခင်မှာပဲ နှောင်းမျက်လုံးတွေ ပြူးကုန်တယ်။ ပြီးတော့ သူ့ကို စိုးရိမ်တကြီး ကြည့်ပြီး...

"ကိုကိုကရော"

"ကိုယ့်အတွက် မစဉ်းစားနဲ့တော့ နှောင်း၊ ကိုယ်က သေလူဖြစ်နေပြီ၊ ကိုယ့်အခြေအနေ ကိုယ်သိတယ်"

"ဟင့်အင်း...ကိုတစ်ယောက်ထဲ မနေခဲ့ရပါဘူး၊ ကိုကို့ကို နှောင်း နာနာဘာဝရဲ့လက်ထဲ မထားခဲ့နိုင်ဘူး၊ ကိုကို နှောင်းနဲ့အတူ လိုက်ခဲ့ရမယ်"

နှောင်းက သူ့အစီအစဉ်ကို လက်မခံ။

မျက်ရည်အဝိုင်းသားနှင့် သူ့ကို အပါခေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မပြောချင်သည့်စကားများကို ဖွင့်မိုတ်ပြောရတော့မည်။

"နောင်း...ကိုယ်ပြောတာနားထောင်၊ ကိုယ်တို့နှစ်ယောက်စလုံး အတူထွက်လို့မရဘူး။ သူ့အာရုံဟာ တစ်ယောက်အပေါ်မှာ ရှိမှဖြစ်မယ်၊ သူ့အာရုံ ကိုယ့်အပေါ်ရှိမှ နောင်းလွတ်မယ်"

"ဟင့်အင်း..ဟင့်အင်း၊ ဒါဆို နောင်းလည်း မသွားဘူး၊ ကိုကို့အနားမှာပဲ အတူတူနေမယ်"

"နောင်းရယ်...ခေါင်းမမာပါနဲ့၊ ကိုယ်ပြောတာ နားထောင်ပါ။ ကိုယ့်ကို ထည့်မတွက်နဲ့၊ ကိုယ်က သေလူ၊ ကိုယ့်အခြေအနေက အရှမ်းဆိုးဝါးနေပြီ...ကိုယ်သိတယ်၊ နောင်းက တစ်ယောက်ထဲ မဟုတ်တော့ဘူးလေ၊ ကိုယ့်ရင်သွေးလေးကို လွယ်ထားရတယ် မဟုတ်လား။ ကိုယ့်ကိုယ်စား သူ့ကိုပဲ အပါခေါ်သွားပေးပါ၊ ကိုယ့်ကိုယ်စား သူ့ကိုစောင့်ရှောက်ပေးပါ"

နောင်း တအင့်အင့် ငိုရှိုက်ချေပြီ။

သူ နောင်းရဲ့လက်ဖဝါးလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး နှစ်သိမ့်အားပေးလိုက်တယ်။

"ကဲ...နောင်း သွားတော့ အချိန်မရှိဘူး၊ သူ မရှိတုန်း မြန်မြန်ထွက်မှဖြစ်မယ်"

သူပြောရင်း ဗိုးချဲ့ရဲ့ဘေးနှစ်ဖက်ကို သွက်သွက်လှည့်ရင်းရှေ့ကထွက်ခဲ့တယ်။

နောင်းက နောက်ကနေ သူ့ဗိုးချဲ့ကို အပြေးလိုက်တွန်းပေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

သူဟာ မတ်တတ်ခိုင်ခိုင်မရပ်နိုင်တော့တဲ့အတွက် တံခါးကို ထမဖွင့်ပေးနိုင်ဘူး။

နောင်းက တံခါးချက်တွေကို ဖွင့်တယ်၊ မပွင့်ဘူး။

အားကုန်ဖွင့်တယ်၊ မပွင့်ဘူး။

"ဖွင့်...ဖွင့်လို့မရဘူး ကိုကို"

သူ ဗိုးချဲကို နောက်ဆုတ်၊ အရှိန်ယူပြီး အားကုန် တိုက်ဖွင့်တယ်၊ မရဘူး...။

"သူ..သူ..တံခါးကို နောင်းတို့ မထွက်နိုင်အောင် တစ်ခုခု လုပ်ထားခဲ့တာပဲ ဖြစ်ရမယ်"

နောင်းက ထင်မြင်ချက် ပေးတယ်၊ သေချာတယ်၊ နောင်း ပြောသလိုပဲ...သူတို့ထွက်ပြေးလို့ မရနိုင်အောင် မိစ္ဆာမဟာ တံခါးကို စီစဉ်ခဲ့ပြီ။

သူ နောင်းကို ထွက်ခွင့်ရအောင် ဘယ်လိုလုပ်ပေးရမလဲ။

သူ အပြေးအလွှား စဉ်းစားတယ်၊

သူ့ခေါင်းတွေ ထူပူကုန်ပြီ။

"ဟုတ်ပြီ"

သူ လက်ဖျစ်တစ်ချက်တီးရင်း ဗိုးချဲကို ဖုန်းဆီ ဦးတည်လိုက်တယ်။

လုံခြုံရေးကို အကြောင်းကြားရမယ်။

သူ ဖုန်းနံပါတ်တွေကို ခတ်သွက်သွက် နှိပ်ချလိုက်ပြီး ဖုန်း



www.burmeseclassic.com

www.burmeseclassic.com


ခွက်ကို နားမှာကပ်လိုက်တယ်။

"တောက်..."

သူ ဒေါသတကြီး တောက်ခေါက်လိုက်မိတတယ်။

"ဘာဖြစ်လို့လဲ ကိုကို"

"ဖုန်းလိုင်းမဝင်ဘူး"

သူ့စကားဆုံးတော့ နှောင်း မျက်နှာပေါ်မှာ စိတ်ပျက်အား လျော့ရိပ် ပေါ်လာတယ်။

"နေပါစေတော့ ကိုကိုရယ်၊ နှောင်း ကိုကိုနဲ့ပဲအတူ..."

"တော်တော့ နှောင်း...ဆက်မပြောနဲ့၊ နှောင်း ဒီမိစ္ဆာမလက် ထဲက လွတ်ကိုလွတ်စေရမယ်၊ ကိုကို မရရအောင် ကြိုးစားပေးမယ်"

"ကိုကိုရယ်"

နှောင်း သူ့ခြေရင်းဆီမှာ ဒူးတုပ်ထိုင်ပြီး သူ့ပေါင်ပေါ် မျက် နှာအပ်လို့ တသိမ့်သိမ့် ငိုရှိုက်တော့တယ်။

သူ နှောင်းကျောပြင်လေးကို ဖွဖွပွတ်သပ်ပေးရင်း နောက် တစ်နည်း စဉ်းစားရပြန်တယ်။

ထူပူကိုက်ခဲနေတဲ့ သူ့ခေါင်းထဲ လင်းခနဲ တစ်ချက် ဖြစ်သွား တယ်။

"နှောင်း...ဘောလ်ပင်ရှာစမ်း မြန်မြန်"

နှောင်းကို ဘောလ်ပင်ရှာခိုင်းရင်းက သူ လက်လှမ်းမှီရာနံရံ ကပ် ပိုစတာ ဝေါလ်ရှိတွေကို ဆွဲခွာဆုတ်ဖြဲလိုက်တယ်။

နှောင်း နေရာအနှံ့လိုက်ရှာပြီး ခေါင်းခါပြတယ်။


www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဘူး ကိုကို၊ ဘယ်မှာမှ မတွေ့ဘူး"

သူ ဘာမှ စဉ်းစားမနေတော့ဘဲ..လက်ညှိုးကို သွားနဲ့ ခတ်မြန်မြန် ကိုက်ချလိုက်တယ်။

သွေးတွေ ရဲခနဲ ပန်းထွက်လာတဲ့အချိန်မှာ ခုနက ဆုတ်ဖြဲထားတဲ့ ပိုစတာစာရွက် အပိုင်းအစတွေပေါ်မှာ...

"ကူညီပါ"

"ပိတ်မိနေပါတယ်"

"အမြန်လာကယ်ပါ"

အစရှိတဲ့စာတွေနှင့် အခန်းနံပါတ်ကို ခတ်မြန်မြန် ချရေးလိုက်တယ်။

ပြီးတော့ အနည်းငယ်သာ ဟလို့ရသော မှန်ချပ်တွေကို ဖွင့်ပြီး စာရွက်ခေါက်တွေကို တိုက်အောက်သို့ ပစ်ချလိုက်တယ်။

နှောင်းဟာ သူ့အတွက် ကြေကွဲမဆုံးစွာ ရှိုက်ငင်ငိုကြွေး နေတုန်းပဲ။

သူကတော့ နှောင်းအတွက် အတတ်နိုင်ဆုံး လုပ်ပေးနိုင်ခဲ့ပြီမို့ ကျေနပ်ပါတယ်။

သိပ်မကြာခင်မှာပဲ သလင်းချိုဆိုတဲ့ မကောင်းဆိုးဝါးမဟာ တံခါးကိုဖောက်ပြီး အပြင်ကနေ ပြန်ဝင်လာခဲ့တယ်။

သူနဲ့နှောင်းဟာ ဟန်မပျက် ဆက်နေကြတယ်။

နှောင်းရဲ့အားငယ်နွမ်းနယ်နေတဲ့ မျက်နှာညှိုးညှိုးလေးနဲ့ ရှုပုံ့စပြုနေပြီဖြစ်တဲ့ ဝမ်းမိုက်သားကလေးကို သူ တစ်ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

သူ့ ရင်ထဲမောဟိုက်လာတယ်။

အမြင်အာရုံတွေ ဝေဝါးမှုံသီလာတယ်။

ခေါင်းတွေလည်း မခံမရပ်နိုင်အောင် ကိုက်ခဲနေတယ်။

သူ ရှိသမျှအင်အားနဲ့ သလင်းချိုဆီ ဗိုးချဲကို လှမ်းလိုက်တယ်။

သူမက သွေးအေးနေတဲ့ စိမ်းတောက်တောက် မျက်လုံးတွေနဲ့ သူ့ကို ငုံ့ကြည့်တယ်။

သူ အားယူပြီး ပြောလိုက်တယ်။

"ချို...ကိုယ့်ကို ကျေးဇူးပြုပြီး..ထမင်းတစ်ဝိုင်းလောက် အမြန်ပြင်ပေးပါလား"

သူမရဲ့မျက်လုံးတွေ ဖျတ်ခနဲ အရောင်ပြောင်းသွားတယ်။

သူ သူမကို တစ်ချက်ပြုံးပြလိုက်တယ်။

ပြီးတော့မှ...သူစားချင်တဲ့ ဟင်းလျာတွေကို တစ်မယ်ချင်း တောင်းဆိုလိုက်ပါတယ်။

"ဖားနဲ့မှို"

"အာလူးနဲ့ ကြက်ဟင်းခါးသီး"

"ငါးသေတ္တာနဲ့ ကြောင်လျှာသီးသုပ်"

သူ့ကို နှောင်းကလေးက အံ့သြတကြီး ပြူးကြောင်ကြည့်ပြီး...

"ကိုကို.." လို့ ထိတ်လန့်တကြား အော်ခေါ်ဟန့်တားတယ်။

နှောင်းကို သူ အသာလက်ကာပြလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မလား ချို"

လို့ သူမကို မေးလိုက်တယ်။

သူမက သူမရဲ့ဟန်အတိုင်း သွေးအေးစွာပဲ ပြုံးပြတယ်။

"မောင်စားချင်တယ်ဆိုရင် ဖြစ်ရမှာပေါ့"

သူမရဲ့နှုတ်ခမ်းတွေ ပြုံးနေပေမယ့် ဘယ်ဘက်မျက်ဝန်းဆီက အစိမ်းရောင်မျက်ရည်တစ်စက် ပေါက်ခနဲ လွင့်စဉ်ကျလာတယ်။

သူ ကျေနပ်စွာပဲ ပြုံးလိုက်တယ်။

သူ့ရင်တစ်ခုလုံးကတော့ မာကျောအေးခဲလှတဲ့ အရာဝတ္ထု ဖိသိပ်ထားသလို မွန်းကျပ်လှောင်ပိတ်လို့နေတယ်။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com


သလင်းချို ထမင်းပိုင်း ပြင်ပြီးတဲ့အချိန်မှာ သူဟာ အ
လယ်ခုံနေရာကို ဝင်ယူလိုက်တယ်။

သူ့ညာဘက်မှာ သွေးအေးစွာနဲ့ ရက်စက်တတ်သော သရဲမ
ရှိနေပြီး...သူ့ဘယ်ဘက်မှာတော့ နူးညံ့စွာနဲ့ အားငယ်တတ်သော
ယုန်သူငယ်မကလေး ရှိနေတယ်။

သူဟာ သလင်းချို ကျွမ်းကျင်ကောင်းမွန်စွာ ချက်ပြုတ်
ကြော်လှော်ပြီး ပြင်ဆင်ပေးထားတဲ့ ဟင်းလျာတွေကို အားပါးတရ စား
တယ်။

သူ့တစ်သက် ဒီလောက်စားမြိန်တဲ့ ထမင်းပိုင်း မရှိခဲ့ဖူးဘူး
လို့ထင်ရလောက်အောင် မြိန်မြိန်ယှက်ယှက် စားနေပါတယ်။

ဟောဒီထမင်းပိုင်းဟာ သလင်းချိုရဲ့ လက်ရာအမြောက်ဆုံး
ထမင်းပိုင်းလည်း ဖြစ်နိုင်တယ်လေ။


www.burmeseclassic.com

www.burmeseclassic.com


မြိန်ရေယှက်ရေ စားပြီးတဲ့အခါမှာတော့ သူ့အခန်းထဲ ဝိုးချဲ့ကို တစ်လိုမ့်ချင်း လိမ့်ဝင်ခဲ့တယ်။

အဲ့ဒီနောက် သူဟာ ရေချိုးခန်းထဲ ဆက်သွားပြီး ရေချိုးကန်ဇလားကို ရေဖြည့်လိုက်တယ်။

ပြီးတော့ သူ့ရဲ့လက်သူကြွယ်က လက်စွပ်ကို ကြမ်းပြင်ပေါ် ဖြုတ်ချလိုက်တယ်။

ပြီးတာနဲ့...ရေချိုးကန်ဇလားထဲ သူ ညင်သာစွာ လျှောချလိုက်ပါတော့တယ်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ သူ့အခန်းထဲ ဝင်ကြည့်ရအောင် ခေတ်နှောင်း"

သူမက စကားစတယ်။

နှောင်း နှုတ်ဆိတ်ပြီး သဘောတူလိုက်ရင်း သူမနောက်က လိုက်သွားခဲ့တယ်။

ကိုကို့ကို အိပ်ယာပေါ်မှာ မတွေ့ရဘူး။

ရေချိုးခန်းထဲက ရေတွေဟာ အခန်းပြင်ကို စိမ့်ပြီးလျှံကျလာတာ တွေ့လိုက်ရတယ်။

နှောင်းတို့ ရေချိုးခန်းထဲ အလောတကြီး ဝင်ကြည့်လိုက်တဲ့ အချိန်မှာ...

ရေချိုးကန်ဇလားဟာ ရေတွေ ပြည့်လျှံကာ ဘေးကို ဖိတ်စီးနေခဲ့ပြီး ကန်ရဲ့အောက်ခြေမှာတော့...ကိုကိုဟာ ငြိမ်သက်စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လို့နေတယ်။



www.burmeseclassic.com

www.burmeseclassic.com


ရေချိုးကန်ရဲ့နံဘေးကြမ်းပြင်မှာ လက်စွပ်လေးတစ်ကွင်းဟာ ရေစီးထဲ လှုပ်ခတ်မျောပါလို့နေတယ်။

နှောင်း ဘာကိုမှ မယုံကြည်နိုင်သလို ကိုကို့ကို ငြိမ်သက်တိတ်ဆိတ်စွာ ငေးစိုက်ကြည့်နေမိတယ်။

သူမကတော့ သွက်လက်စွာ လှုပ်ရှားနေတာ တွေ့ရတယ်။

ပထမဆုံး ရေချိုးကန်ရဲ့ဘုံဘိုင်ခေါင်းကို ပိတ်လိုက်တယ်။

ပြီးတော့ ကိုကို့ကို ညင်သာစွာ ဆွဲယူပွေ့ပိုက်ထူတယ်။

အဲ့ဒီနောက် ရေတွေခြောက်သွေ့သွားအောင် သုတ်ပြီး...ကနုတ်ပန်းတွေနဲ့ ထယ်ဝါလှတဲ့ ဗီရိုထဲက ဝတ်စုံတစ်စုံ ထုတ်ပြီး ဝတ်ဆင်ပေးတော့တယ်၊

အဖြူရောင်ဝတ်စုံဟာ ကိုကိုနဲ့ အရမ်းကြည့်ကောင်းနေတာ အမှန်ပါပဲ။

"ဒါ ကိုယ်တို့လက်ထပ်ပွဲနေ့က မင်္ဂလာဝတ်စုံလေ"

သူမက နှောင်းဘက်လှည့်ပြီးပြောတယ်။

နှောင်း ခပ်မဆိတ်ပဲ နေ့နေမိတယ်။

နှောင်းမှာ ပြောစရာ ဘာစကားမှ မရှိတော့ပါဘူး။

သူမက ကိုကို့ကို ဖိုးချဲပေါ် ပွေ့တင်လိုက်ပြီး ကိုကို့ရှေ့ ဒူးထောက်ထိုင်ကာ မေးမို့တ်ထားတဲ့ မျက်ဝန်းတွေနဲ့ ကိုကို့မျက်နှာကို တရှိုက်မက်မက်ကြည့်ရင်းက စကားတွေ ဆက်ပြောနေခဲ့တယ်။

"အခုတော့ ကိုယ်တို့နှစ်ယောက် ဘဝချင်း မခြားကြတော့ဘူးမဟုတ်လားဟင်..မောင်"


www.burmeseclassic.com

www.burmeseclassic.com


နှောင်း သူမရဲ့စကားကို ငြင်းဆန်ခြင်း မရှိသလို သဘောတူ လက်ခံခြင်းလည်း မပြုပါဘူး။

ဒါပေမယ့် နှောင်းလည်း ကိုကို့ကို ရင်ထဲကနေ စကားတစ်ခွန်း ပြောလိုက်ပါတယ်။

"ဘဝချင်း ခြားတာမခြားတာထက် နှလုံးသားချင်း မခြားဖို့က အရေးကြီးတာ မဟုတ်လားဟင်...ကိုကို"

အဲ့ဒီအချိန်မှာပဲ...

"ဒေါက်!..ဒေါက်!..ဒေါက်ဒေါက်!!..ဒေါက်ဒေါက်!!.."

တံခါးခေါက်သံက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့တယ်။

နှောင်း အိမ်ရှေ့ခန်းဆီ အပြေးအလွှား ထွက်လာခဲ့တယ်၊

ဘယ်လိုမှ တွန်းတိုက်ကြိုးစားဖွင့်လို့မရတဲ့ တံခါးဟာ ခုတော့ နှောင်းမရောက်ခင်လေးမှာပဲ ထပ်ခနဲ အလိုအလျောက် ပွင့်သွားခဲ့ပါတယ်။

တံခါးပွင့်သွားတာနဲ့ တစ်ပြိုင်နက်...

ကိုကို့ သွေးနဲ့ ကယ်တင်ပေးပါလို့ ရေးခဲ့တဲ့ စာရွက်ခေါက်လေးတွေကို ကိုင်ထားတဲ့ ရဲဝန်ထမ်းတွေကို တွေ့လိုက်ရတယ်။

နှောင်း အခြေအနေကိုရှင်းပြပြီး ကိုကို့အခန်းထဲ ခေါ်လာချိန်မှာတော့ အခန်းထဲမှာ ကိုကို့ရဲ့အသက်မရှိတော့တဲ့ ခန္ဓာကိုယ်က လွဲပြီး ဘယ်သူတစ်ဦးတစ်ယောက်မှ ရှိမနေတော့ဘူး။

သူမ မရှိတော့ဘူးပေါ့။


www.burmeseclassic.com

www.burmeseclassic.com



မာယာများလှတဲ့ တစ္ဆေတစ်ကောင် တကယ်ပဲ လွင့်ပျောက်သွားခဲ့ပြီပေါ့။

နှောင်း မျက်ဝန်းအစုံကို ပိတ်ပြီး ကောင်းကင်ဆီ မော့ကြည့်လိုက်တဲ့အချိန်မှာ ကြည်စင်တဲ့အပြုံးနဲ့ ငုံ့ကြည့်နေတဲ့ကိုကို့ကို တွေ့လိုက်ရသလိုပဲ...။

သွေးနဲ့ ရေးပြီး ကြိုးစားကယ်တင်ပေးနိုင်ခဲ့တဲ့အတွက် ကိုကို့ကျေနပ်နေမှာ နှောင်း ခံစားသိနေပါရဲ့။

နောက်ဆုံးမှာ...

မာယာများလှတဲ့ မိစ္ဆာတစ်ကောင်ရဲ့ထောင်ချောက်ထဲက ကိုကိုဟာ နှောင်းကို တကယ်ပဲ ကယ်ထုတ်ပေးနိုင်ခဲ့ပါတယ်။

ခုလောလောဆယ်တော့ ကိုကိုအသက်မရှိတော့တာ သူ့စပယောဂမပါကြောင်း ရဲတွေကျေနပ်တဲ့အထိ အစစ်ခံရဦးမှာပေါ့...။



www.burmeseclassic.com

www.burmeseclassic.com


# ဇာတ်သိမ်း

တစ်နှစ်ခန့် ကြာသောအခါ...

ကောင်းကင်ကြီးက ကြည်စင်ဝင်းပလို့နေတယ်...

လေညှင်းလေးတွေကလည်း ဆံဖျားတွေကို ဆော့ကစားနေသလို နှော့နှော့ကလေး တိုက်ခတ်နေတယ်...

ဘယ်လောက်များ သာယာလှပလိုက်တဲ့ ညနေခင်းကလေးလဲ...။ ဘယ်လောက်များ နေချင့်စဖွယ်ကောင်းလိုက်တဲ့ ညနေခင်းကလေးလဲ...။


www.burmeseclassic.com

www.burmeseclassic.com



နှောင်း ကိုယ့်အတွေးနဲ့ကိုယ် ဖွဖွကလေး ပြုံးလိုက်မိတယ်။

ပြီးတော့...

ကိုယ်လေး ငုံ့ပြီး တွန်းလှည်းလေးထဲက သမီးကလေးကို လှမ်းကြည့်လိုက်မိတယ်။

နှောင်းရဲ့မျက်စိထဲမှာတော့ သမီးကလေးက သိပ်လှတာပဲ။

(ဒါဟာ မိခင်တစ်ယောက်ရဲ့မျက်စိနဲ့ ကြည့်လို့လည်း ဖြစ်နိုင်ပါတယ်)

သမီးလေးမှာ စိမ်းဖန့်နေတဲ့ မျက်ခုံးထူထူလေး ရှိတယ်။

ရှည်ရှည်စိပ်စိပ် မျက်တောင်လေးတွေနဲ့ ဝိုင်းစက်နေတဲ့ မျက်ဝန်းကလေးလည်း ရှိတယ်။

ပြီးတော့...

ပန်းရောင်နှုတ်ခမ်းပါးပါးလေးလည်း ရှိတယ်။

သမီးရဲ့မျက်နှာဝိုင်းဝိုင်းကလေးမှာ အလှဆုံးက ပါးချိုင့်ခွက်လေးနှစ်စင်းပါပဲ။

ချော့မြှူတာကို သိတတ်နားလည်နေပြီဖြစ်တဲ့ သမီးလေးဟာ တဟက်ဟက်နဲ့ ရယ်လိုက်တိုင်း ပါးချိုင့်ခွက်လေးနှစ်စင်းဟာ လခြမ်းကွေးလေးနှစ်ခုလို လှပထင်ရှားနေတတ်တယ်။

တွေ့တဲ့သူတိုင်းဟာ သမီးလေးကို "ချစ်စရာကောင်းလိုက်တာ"လို့ တဖွဖွ ပြောတတ်ကြတယ်။

"ဖအေတူ သမီးလေးနော်"

လို့ ကိုကို့ကို သိကြတဲ့သူတွေက မှတ်ချက်ချရင်းဖြင့် နှောင်း



www.burmeseclassic.com

www.burmeseclassic.com


ရင်ထဲ နွမ်းလျလွမ်းမောသွားရတတ်တယ်။

အဖေကို တွေ့ခွင့်မရခဲ့တဲ့ သမီးကလေး...။

ကိုကို့ဓါတ်ပုံကို ပြရင်ဖြင့် မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေတတ်တဲ့ သမီးကလေး။

နှောင်း သက်ပြင်းကလေး ကြိတ်ချလိုက်မိတယ်။

ရင်ထဲ နင့်ဆွေးလို့နေတယ်။

နှောင်း ကိုကို့ကို နေ့ရက်တိုင်း အချိန်တိုင်းမှာ သတိရနေမိတာပါ။

နှောင်းနဲ့ သမီးကလေးရဲ့အသက်ကို ကိုကိုဟာ သူ့သွေးနဲ့ ရင်းပြီး ကယ်တင်ပေးခဲ့တာပါ။

ကိုကို့ကို လွမ်းဆွတ်တမ်းတစိတ်နဲ့ နှောင်းနလုံးသားဟာ နင့်သထက် နင့်ဆွေးလာခဲ့ချိန်မှာ...

"ခစ်..ခစ်..ခစ်ခစ်.."

သမီးကလေးဆီက ရတ်တရက်နိုင်လှတဲ့..ရယ်သံကလေးကြောင့် နှောင်းထိတ်လန့်သွားမိတယ်။

နှောင်း မမြှုမချော့ပါဘဲ သမီးကလေး ဘာကြောင့် ရုတ်တရက် ထရယ်ရတာလဲ။

နှောင်း သမီးရဲ့တွန်းလှည်းကလေးကို ကွေ့ဝိုက်ပြီး သမီးလေးရှေ့သို့ အမြန်သွားမိတယ်။

"ဘာဖြစ်လဲ သမီး...ဟင်...ဘာကိုတွေ့လို့ ရယ်တာလဲ"

သမီးလေးက ခေါင်းလေး အပေါ်မော့လှန်ကြည့်ပြီး သဘော


www.burmeseclassic.com

www.burmeseclassic.com



တကျနဲ့ တခစ်ခစ် ရယ်နေတုန်းပဲ။

နှောင်းရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး သမီးလေး ကြည့်ရာဆီ လိုက်မော့ကြည့်မိတယ်။

ဘုရားရေ။

"ကိုကို.."

နှောင်းမျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်ပြီး အံ့သြဘနန်း ရေရွတ်လိုက်မိတယ်။

သမီးကလေးကို လက်ညှိုးကွေးကလေးနဲ့ ကရော်လုပ်ပြီး ချော့မြူကျီစယ်နေတဲ့ကိုကို။

နှောင်း မယုံနိုင်လွန်းလို့ မျက်လုံးတွေကို လက်ညှိုးနဲ့ အခါခါ အခါပွတ်သပ်ကြည့်လိုက်မိတယ်။

ကိုကိုမှ ကိုကို..။

ဟင်...

ကိုကိုက ရှိမှမရှိတော့ဘဲ။

ကိုကို နှောင်းတို့ဆီ ပြန်လာတာလား။

နှောင်းတို့နဲ့ ဘဝချင်းခြားနေပြီပဲ။

ဒါပေမယ့်...

နှောင်းသည် ဘာကိုမှ ဆက်မတွေးဖြစ်အောင် ကြိုးစားပြီး-- သတိလွတ်ကင်းနေသော ခြေလှမ်းများကတော့ သမီးလေးရဲ့တွန်းလှည်းကို မြန်မြန်တွန်းလျက် ကိုကို့ပုံရိပ်နှင့် အနီးဆုံးရှိရာဆီသို့...

"ကိုကို.."



www.burmeseclassic.com

www.burmeseclassic.com



ရင်ပွင့်မတတ် နှောင်း အော်ခေါ်မိပါသော်လည်း အနီးဆုံး ရောက်ကာမှ ကိုကို့ပုံရိပ်မှာ မိုးတိမ်များလို ချက်ချင်းပျောက်ကွယ်သွား ခဲ့သည်။

ကိုကို့ပုံရိပ်နေရာမှာ ကျန်ရစ်ခဲ့သည်က...

လင်းပနေသော အပြာရောင် လိပ်ပြာကလေး။

ဒါ ကိုကို့ရဲ့ဝိညာဉ်လား။

ကိုကိုရယ်...နှောင်းတို့သားအမိကို စိတ်မချလို့ ဝိညာဉ်ဘဝ နဲ့ ပြန်လာကြည့်တာလား။

သမီးလေးကို ဝိညာဉ်ဘဝနဲ့ ချော့မြူကျီစယ်လေသလား။

သမီးလေးက လိပ်ပြာလေး ပျံသွားရာနောက် လိုက်ငေးကာ ခုနက တခစ်ခစ် ရယ်လာခဲ့သော နှုတ်ခမ်းလေးများက မဲ့လျက်...။

နှောင်းမှာ တစ်စထက်တစ်စ အဝေးသို့ ပျံထွက်သွားလေပြီ ဖြစ်သော လိပ်ပြာလေးကိုတစ်လှည့်...နှုတ်ခမ်းလေးများ မဲ့နေသော သမီးလေးကိုတစ်လှည့် ကြည့်ကာ ရင်ထဲ ဖြေဆည်မရအောင် ဆို့နင့် နေမိသည်။

ဘယ်လောက်များ ကြောက်စရာကောင်းလိုက်တဲ့ ချစ်ခြင်း မေတ္တာပါလိမ့်။

နှောင်းသည် ဆို့နင့်ကြေကွဲနေမိရင်းမှ တစ်စုံတစ်ယောက် ကို ဖျတ်ခနဲဆိုသလို သတိရလိုက်မိသည်။

သလင်းချို...။

နှောင်းတောင် ကိုကို့ကို ဒီလောက်ချစ်ခဲ့သေးလျှင်...ငယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဖြစ်သော သူမက ဘယ်လောက်တောင် ချစ်ရှာမှာပါလိမ့်။

ကိုကို့ကို ဆုံးရှုံးစွန့်လွှတ်ခဲ့ရချိန်မှာ ဘယ်လောက်တောင် ထိခိုက်ကြေကွဲရှာမလဲ။

နှောင်းကမှ ကိုကိုမရှိတော့ပေမယ့် ကိုကို့ကိုယ်ပွား သမီးကလေး ကျန်ရစ်ခဲ့သေးတဲ့အတွက် အထီးကျန်မဖြစ်ခဲ့ရ။

သူမမှာတော့ ကိုကို့ကိုလည်း ဆုံးရှုံးရ..၊ မမြင်ရသေးတဲ့ ရင်သွေးလေးကိုလည်း ဆုံးရှုံးရ..။ ပြီးတော့..သူမကိုယ်တိုင်လည်း တခြားသော ဘဝတစ်ခုကို...

နှောင်းသည် ဘယ်လိုပဲ ခါးသီးနာကျင်ခဲ့ရပေမယ့် သူမဘက်မှ ဖြေတွေးမိချိန်မှာတော့...

တကယ့်ကို မသိတတ်ရိုးသားစွာ ကျူးလွန်ခဲ့မိသော ကိုယ့်ရဲ့ အပြစ်အတွက် လှိုက်လှိုက်လှဲလှဲ တောင်းပန်ချင်စိတ် တဖွားဖွားပေါ် လာခဲ့မိသည်။

"မမ နှောင်းကို ခွင့်လွှတ်ပါ မမရယ်၊ အဖြစ်အပျက်အားလုံးဟာ နှောင်း ရိုးသားစွာ ကျူးလွန်ခဲ့မိတာပါ..၊ ဘာပဲဖြစ်ဖြစ် နှောင်းကြောင့် မမ စိတ်ဆင်းရဲခဲ့ရတဲ့အတွက် တောင်းပန်ပါတယ်၊ နှောင်းကို ခွင့်လွှတ်ပါ"

နှောင်း လှိုက်လှဲစွာ တောင်းပန်စကား ဆိုလိုက်မိသည်။

ရင်ထဲလည်း ပေါ့ပါးလန်းဆန်းသွားမိသည်။

သူမနှင့်သလင်းချိုအကြား ဘယ်လိုအညှိုးအတေး ရန်ငြိုး ရန်စမျှ မကျန်တော့သလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


သမီးလေးရဲ့တွန်းလှည်းကို ညင်သာစွာတွန်းလျက် ဖြည်းညင်းစွာ ပြန်လာခဲ့ချိန်မှာ တစ်စထက်တစ်စ နေဝင်ခဲ့လေပြီ။

အိမ်ရောက်လာခဲ့လျှင် သမီးရဲ့တွန်းလှည်းလေးကို နောက်နားမှာ ချန်ခဲ့လျက် သော့ဖွင့်သည်။

သော့ဖွင့်ပြီးတာနှင့် တံခါးကို ဆွဲဖွင့်ရန်ပြင်ဆဲ...

"ကျွီ.."

"ဟင်..."

တံခါးမှာ..တစ်စုံတစ်ယောက် ဆွဲဖွင့်လိုက်သလို အဆင်သင့်ပွင့်သွားခဲ့သည်။

နှောင်း ပါးစပ်အဟောင်းသားနှင့် အံ့အားသင့် ထိတ်လန့်သွားခဲ့ရသည်။

သော့ခတ်ထားသော အိမ်ခန်းထဲမှာ...ဘယ်သူများ ရှိနေခဲ့တာလဲ...။

နှောင်း အံ့အားသင့်ဆဲ နံဘေးမှ တစ်စုံတစ်ယောက် ဖြတ်သွားသလို အေးခနဲ လေအရှိန်ဟပ်တာ ခံစားလိုက်ရသည်။

အတိအကျ ပြောပြရလျှင် အိမ်ထဲမှ တစ်စုံတစ်ယောက် ထွက်သွားခဲ့သလိုမျိုး...။

သမီးလေးကို စိတ်မချသဖြင့် နှောင်း အလန့်တကြား လှည့်ကြည့်လိုက်မိလျှင်...သမီးလေးရဲ့ တွန်းလှည်းမှာ အလိုအလျောက် နှောင်းဆီ ရွေ့လာခဲ့သည်။

ဘုရားရေ...။



www.burmeseclassic.com

သေချာတယ်...။

ဒီအနီးအနားမှာ တစ်စုံတစ်ယောက် ရှိနေပြီ။

ဘယ်သူလဲ!...။

အဲ့ဒီတစ်စုံတစ်ယောက်ဟာ ဘယ်သူလဲ!...။

နှောင်း တဒိတ်ဒိတ် အခုန်မြန်လွန်းနေသောရင်ဖြင့် သမီးလေးကို တွန်းလှည်းထဲမှ အမြန်ထုတ် ပွေ့ချီကာ အိမ်ထဲ မြန်မြန်ဝင်သည်။

အခုန်မြန်လွန်းနေသော ရင်ကြောင့် ရေအေးအေးတစ်ခွက် လောက်သောက်ဖို့ ထမင်းစားခန်းဆီ ကပျာကယာ ပြေးဝင်ခဲ့သည်။

ထိုအခိုက်...

မွှေးကြိုင်သင်းပျံ့၍နေသော အနံ့တွေကို ရှုရှိုက်လိုက်မိတာကြောင့်...နှောင်း ပါးစပ်အဟောင်းသား ဖြစ်သွားကာ...

လှည့်...ကြည့်...လိုက်...မိ...လျှင်...

စားချင်စဖွယ် ဖွယ်ရာစုံလင်လှ၍ အငွေ့တထောင်းထောင်း ထနေသော...

ထမင်းပွဲကို တွေ့လိုက်ရလေတော့သတည်း...။ ။

ဧဝတာ


www.burmeseclassic.com
www.burmeseclassic.com